ကြေးမုံ The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့ (19-2-2014) (၇၇၆၁)

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

မှတ်သားဖွယ်ရာ မိုးရေချိန်များ

မိုးကုတ်	၁ ဒသမ ၄၁ လက်မ
မင်းတပ်	၁ ဒသမ ၃၀ လက်မ
ပြင်ဦးလွင်	၁ ဒသမ ၁၀ လက်မ
ကျောက်မဲ	၁ ဒသမ ၀၆ လက်မ
သီပေါ	၁ ဒသမ ၀၂ လက်မ

နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေမှု ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဘင်္ဂလားဒေ့ရှ်တပ်မတော် ကြည်းတပ်ဦးစီးချုပ် H.E. General Iqbal Kaim Byuiyan,psc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံ နယ်စပ်ဒေသ၌ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံသို့ ဦးတည်လာသည့် ဖောက်ခွဲဖျက်ဆီးရေးသမား သုံးဦးအား ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့မှု၊ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်အကြမ်းဖက်မှုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးပူးပေါင်းဆောင်ရွက်ရန် အလေးထားမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်ကြည်၊ ဦးအောင်မင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်တပ်မတော်ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး H.E. Maj-Gen(Retd.) Anup Kumar Chakma နှင့် စစ်သံမှူး Brig-Gen,Md Mahbubul Haque,ndc,afwc,psc တို့ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - စေတနာမောင်

အလင်းဆောင်ပေးနိုင်တာ တောင်ညိုရဲ့ကျေးဇူးပါ

တောင်ညိုရေလှောင်တမံကို မြင်တွေ့ရစဉ်။

တောင်ညိုရေလှောင်တမံသည် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် မကျီးပင်ရွာ၏ အရှေ့မြောက်ဘက် တစ်မိုင်ခန့်အကွာတွင် တည်ရှိပြီး တောင်ညိုချောင်းကိုပိတ်၍ တည်ဆောက်ထားသော မြေသားရေလှောင်တမံဖြစ်ပါသည်။ ဆည်ရေသောက်ဧရိယာဧက ငါးသောင်းကို စိုက်ပျိုးရေပေးဝေရန် ရည်ရွယ်၍ ၁၉၉၆ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါသည်။

မြန်မာနိုင်ငံတစ်ဝန်း စိုက်ပျိုးရေပေးဝေရေးအတွက် တည်ဆောက်ခဲ့သော ရေလှောင်တမံများအနက်မှ အသေးစားရေအားလျှပ်စစ်ထုတ်လုပ်ဖြန့်ဝေပေးရန် သင့်လျော်သော ရေလှောင်တမံ ၅၀ ကို ရွေးချယ်ခဲ့ရာ တောင်ညိုရေလှောင်တမံသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

စာရေးသူသည် မကြာမီရက်အတွင်းက ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းတွင်ရှိသည့် မြို့နှစ်မြို့သို့ တာဝန်ဖြင့် ရောက်ရှိခဲ့ပါသည်။ ထိုမြို့များမှာ သာယာဝတီခရိုင် ရှစ်မြို့နယ်၌ပါဝင်သည့် နတ်တလင်းနှင့် ဇီးကုန်းမြို့များပင်ဖြစ်ပါသည်။ နတ်တလင်းမြို့နယ်တွင် ရပ်ကွက်ပေါင်း လေးခုပါဝင်ပြီး ကျေးရွာပေါင်း ၃၆၇ ရွာရှိပါသည်။ နတ်တလင်းမြို့နယ်တွင် လူဦးရေအားဖြင့် မြို့နေ ၁၁ ဒသမ ၄၁ ရာခိုင်နှုန်း၊ ကျေးလက်နေ ၈၈ ဒသမ ၅၉ ရာခိုင်နှုန်းရှိပါသည်။ ကျေးလက်နေ လူဦးရေသည် မြို့ပြနေလူဦးရေထက် ၇၇ ဒသမ ၁၈ ရာခိုင်နှုန်း ပိုမိုများပြားသည်ကို တွေ့ရသည့်အတွက် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

ကြေးမုံစာတည်းရှုထောင့် ၁၉-၂-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

ဆရာ့သမိုင်းရေးနေကြသူများ

တစ်နေ့ကိုးတန်းကျောင်းသားကလေးတစ်ယောက်၏ တစ်လတစ်ပုဒ်ကိုယ်ပိုင်ဟန်ဖြင့်ရေးနေရသော စာစီစာကုံးစာအုပ်ကို ယူကြည့်မိပါသည်။ ဦးစွာပထမရေးထားသော 'ကျောင်းဖွင့်ချိန်' စာစီစာကုံးကို စ၊ လယ်၊ ဆုံး ဖတ်ကြည့်သည်။ နိဒါန်းတွင် ကျောင်းနှင့်ဝန်းကျင်ကို ခံစားမှုပြုထားပြီး ရက်ပေါင်းတစ်ရာနီးပါး ကင်းကွာနေခဲ့သော သူငယ်ချင်းများ ပြန်ဆုံရ၍ ဝမ်းသာပီတိဖြစ်ရပုံကို ဖွဲ့သီထားသည်။ ပြီးလျှင် ဆရာမတစ်ဦးစီ၏ ပုံရိပ်ကို သွက်သွက်လက်လက်ရေးပြသွားသည်။

တစ်တန်းလုံး ဆူညံနေပါသည်။ အတန်းပိုင်ဆရာမသည် ပထမနေ့ဖြစ်၍လားမသိ ပြစ်တင်ဆူပူခြင်း အလျဉ်းမရှိဘဲ ပကတိတည်ငြိမ်သောမျက်နှာဖြင့် ကျွန်တော်တို့ လိုက်နာရမည့်စည်းကမ်းများကို တစ်ချက်ချင်းပြောပြပါသည်။ မြန်မာစာဆရာမ ဝင်လာပါသည်။ ဆရာမသည် နုယ်နုယ်ရရမဟုတ်။ ထူထဲသော မျက်ခုံး၊ စူးရှသော မျက်လုံး၊ မဟာနဖူးကြီးနှင့် အတော်ခန့်ညားသောဆရာမဖြစ်သည်။ ထိုနေ့က ဆရာမသည် မြကန်သာကဗျာကို သင်ပါသည်။ မြကန်သာ၏ သာယာလှပပုံကို ဆရာမသာရှင်းမပြလျှင် နားလည်နိုင်စွမ်းမရှိပါ။ ဓာတုဗေဒဆရာမသည် ကြိမ်လုံးတရမ်းရမ်းနှင့် တည့်တည့်ကြီး ဝင်လာလေသည်။ ကျွန်တော်တို့ မင်္ဂလာပါဆရာမဟု ထ၍နှုတ်ဆက်ကြသောအခါ ဆရာမက (A)ခန်းလည်း ရိုက်မှာနော်ဟု ပြန်ပြောပါသည်။ ထိုစကားက ကျွန်တော်တို့ တစ်ကိုယ်လုံးကို ကျိန်းသွားစေပါသည်။ ဆရာမက သဘောအင်မတန်ကောင်း၍ ရယ်စရာများကို အရွှန်းဖောက်၍ သင်ကြားသူတည်းဟု ကောက်ချက်ချမိပါသည်။ ထိုဆရာမမျိုးရှိနေသမျှကာလပတ်လုံး ကျောင်းနေပျော်ကလေးများ မရှားဟု တွေးမိပါသည်။ ထို့နောက်တွင်မူကား သင်္ချာဆရာမ အလှည့်ဖြစ်၏။ ဆရာမသည် အတန်းထဲသို့ ပြုံးရွှင်စွာ ဝင်လာပါသည်။ စကားပြောဆိုရာတွင်သော်လည်းကောင်း၊ စာပေသင်ကြားရာတွင်သော်လည်းကောင်း ကရုဏာသံဖြင့် ပြောပါသည်။ သို့ပြားလည်း စည်းကမ်းမလိုက်နာသော ကျောင်းသား ကျောင်းသူများကိုတွေ့က အရိုးစွဲအောင် ဆုံးမလေ့ရှိပါသည်။ ထိုကဲ့သို့သောဆရာမမျိုးရှိနေသမျှ ကာလပတ်လုံး စည်းကမ်းလိုက်နာသော ကျောင်းသားကောင်းများ မရှားဟု ထင်ပါသည်။ ဇီဝဗေဒ ဆရာမဝင်လာပါသည်။ ဆရာမသည် ကိုယ်လုံးကိုယ်ထည်ပြည့်ဖြိုးပါသည်။ လမ်းလျှောက်ရာတွင်၊ စာရှင်းရာတွင်၊ စာရေးရာတွင် ဖြည်းညင်းစွာရေးလေ့ရှိသောကြောင့် အများက နှေးလွန်းသည်ဟု ထင်ကြပါသည်။ ကျွန်တော်ကတော့ ထိုသို့မထင်ပါ။ မိမိ၏ဘာသာရပ်နှင့် ကျောင်းသားကျောင်းသူများ စိတ်ပါဝင်စားမှု တိုးတက်ရေးတို့အတွက် အမြဲတွေးတောကြံဆကာ စျာန်ဝင်နေသည်ဟု ထင်ပါသည်။ ရူပဗေဒဆရာမ ဝင်လာပါသည်။ ဆရာမသည် အရေး၊ အပြော၊ အကြား၊ အဖတ်ဟူသော သင်ကြားနည်းလေးမျိုးတွင် အရေးအတတ်၌ အတန်ပင်ကျွမ်းကျင်ပါသည်။ ရောက်ရောက်ချင်းပင် စာများကို ကျောက်သင်ပုန်းပေါ်တွင် မရပ်မနားရေးချသွားပါသည်။ ဆရာမ၏ လက်ရေးမှာ ရှင်းလင်းကျစ်လျစ်ပါသည်။ လှလည်းလှပါသည်။ ထိုဆရာမမျိုးရှိနေသမျှကာလပတ်လုံး လက်ရေးလှသော ကျောင်းသား ကျောင်းသူများ ပေါ်ထွက်လာမည်ဟု ယူဆမိပါသည်။

ဆရာမတစ်ဦးချင်းစီအပေါ်တွင်လည်း သူ့အမြင်ကို ခံစားရေးပြထားပါသေးသည်။ "ကျွန်တော်သည် ပေါ့ပေါ့ပါးပါးနေတတ်သော်လည်း ရင့်ကျက်မှုကိုလိုလားသောကြောင့် အင်္ဂလိပ်ဆရာမကို ကြိုက်ပါသည်။ ကိုယ့်ယဉ်ကျေးမှုကို ဖော်ထုတ်ရှင်းလင်းပေးသော မြန်မာစာဆရာမကိုလည်း နှစ်ခြိုက်ပါသည်။ တပည့်များကို ကရုဏာအပြည့်ဖြင့် ဆုံးမတတ်သော သင်္ချာဆရာမကိုလည်း မမုန်းပါ။ လက်ရေးသန့်သော ရူပဗေဒဆရာမကိုလည်း နှစ်သက်ပါသည်။ အေးဆေးတည်ငြိမ်သော ဇီဝဗေဒဆရာမကိုလည်း သဘောတွေ့ပါသည်။ အရွှန်းဖောက်တတ်သော ဓာတုဗေဒဆရာမကိုလည်း မနောခွေ့ပါသည်။ ကျောင်းဖွင့်ချိန် ဆရာ့မေတ္တာကြောင့် မိုးရာသီပင်ဖြစ်လင့်ကစား နွေးထွေးနေပါသည်။ ဆရာဆိုသည် ပူချိန်တွင်အေး၍ အေးချိန်တွင်နွေးသော မေတ္တာရိပ်ကို ပေးစွမ်းနိုင်သည့် ဥယျာဉ်မှူးများ မဟုတ်ပါလော" ဟူ၍ "ကျောင်းဖွင့်ချိန်" ကို နိဂုံးချုပ်ပေးထားပါသည်။

မိမိတို့ဆရာများသည် သင်ခန်းစာတစ်ခုပြီးတိုင်း အခန်းဆုံး စစ်ဆေးကာ ကလေးများအားစဉ်ဆက်မပြတ် အကဲဖြတ်အမှတ်ပေး အတန်းတင်ပေးနေသလို မိမိတို့ရှေ့မှာထိုင်လျက် သင်ကြားသင်ယူပြုနေကြသော ဤကလေးများသည်လည်း ဆရာများပြောဆိုပြုမူသမျှ စဉ်ဆက်မပြတ် အကဲခတ်ကာ နှလုံးသားမှာမှတ်တမ်းရေး သမိုင်းတင်ပေးနေကြသူများ၊ တစ်နည်းဆရာ့ဘဝဆရာ့သမိုင်းကို သေစေ၊ ရှင်စေ အဆုံးအဖြတ်ပေးနိုင်ကြသူများဖြစ်ကြောင်း မိမိတို့ ဆရာများ အလေးထားသင့်၊ ဆင်ခြင်သင့်သော အကြောင်းများပင်ဖြစ်ပေသည်။ ။

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်တင်နှင့် ကော်မတီဝင်များအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Vasily B.POSPELOV သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီဆောင်အမှတ် (၂၀) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်၏ ဆောင်ရွက်နေသည့် ဥပဒေပြုရေးကိစ္စရပ်များ၊ Anti-Corruption Lawနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ဆောင်ရွက်ချက်များ၊ Treaties & Conventions များနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ၊ ရုရှားနိုင်ငံအထက်လွှတ်တော်နှင့် နိုင်ငံခြား ဆက်ဆံရေးကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်နိုင်ရန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

မူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ဖျာပုံ၊ ဖေဖော်ဝါရီ ၁၈

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ကံ့ကျိုက်ချောင်းတွင်းကျေးရွာရှိ အမှတ်(၃၉) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ကို အလှူရှင်များက ပညာရေးဌာနသို့ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ဒုတိယမြို့နယ်ပညာရေးမှူး ဆရာဦးဝေဇင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းထွန်း၊ အလှူရှင်များကိုယ်စား အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးသိန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို အမေရိကန်နိုင်ငံ နေဗားဒါးပြည်နယ် လပ်(စ်)ဗေးဂတ်မြို့ရှိ ဇေယျမင်္ဂလာရိပ်သာကျောင်း ပဓာနနာယက ဆရာတော်ဦးဇေယျသုတနှင့် မြို့သူမြို့သားများက အလှူငွေ ကျပ်သိန်းနှစ်ရာအကုန်ကျခံဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ RCတစ်ထပ် ကျောင်းဆောင်သစ်ဖြစ်သည်။

ထို့ပြင် အလှူရှင်များက ကျောင်းဆောင်ဟောင်းအမိုးနှင့် ကြမ်းခင်းပြုပြင်ခြင်း၊ လေးယောက်ထိုင်ခုံအစုံ ၂၀ လှူဒါန်းခြင်း၊ ကျောင်းအားကစားကွင်းကိုလည်း တည်ဆောက်ပေးခြင်း စသည်တို့ကို လှူဒါန်းခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ ဘေးကင်းလုံခြုံပြီး စိတ်ချမ်းမြေ့စွာ ပညာသင်ကြားရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

သတင်းတို

သန်းခေါင်စာရင်း လှုံ့ဆော်ရေးပိုစတာ

ကော့သောင်း ဖေဖော်ဝါရီ ၁၈

ကော့သောင်းမြို့တွင် အလျား ၄၅ ပေ၊ အမြင့် ၁၅ ပေရှိသော ၂၀၁၄ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူမှု လှုံ့ဆော်ရေးမြေစိုက်ပိုစတာကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက ပိတောက်ရွှေဝါရပ်ကွက် မြရည်ပုလဲလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့် လမ်းဆုံတွင် စတင်စိုက်ထူသည်။ အဆိုပါ သန်းခေါင်စာရင်းဆိုင်ရာ လှုံ့ဆော်ရေးမြေစိုက်ပိုစတာကို ဧပြီလတွင် မြန်မာတစ်နိုင်ငံလုံး၌ စတင်၍ ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူမည့် အစီအစဉ်အား ပြည်သူအများသိရှိနိုင်စေရန် လှုံ့ဆော်ရေး ရည်ရွယ်ချက်ဖြင့်အများ ပြည်သူသွားလာမှု များပြားသည့်နေရာတွင် ထိုကဲ့သို့ စိုက်ထူခြင်းဖြစ်ကြောင်း တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ကျော်စိုး(ကော့သောင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၁၉-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့)

၅း၀၀	ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်+ဝဋ္ဋသုတ်
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရူး"(အပိုင်း-၄)
၁၀း၀၀	ခေတ်သစ်ပျိုမေ
၆း၁၅	"အချစ်ရူး" (အပိုင်း-၅)
၇း၁၅	မြန်မာရုပ်သံဇာတ်လမ်းတွဲ "ထာဝရမန္တလေး" (အပိုင်း-၈)
၈း၃၅	"ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း-၈၈)

ဥတုရာသီ တောကိုမှီ၏



ပြည်တွင်းရေးရာ

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Yang Houlan လာရောက်တွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာကင်တားနား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် သီးခြားစီတွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာကင်တားနားနှင့် အဖွဲ့သည် ယနေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး**(ယာပုံ)**နှင့် လည်းကောင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်ကြည်**(အောက်ပုံ)**၊ ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ဒေါက်တာ ဖေသက်ခင်တို့နှင့် လည်းကောင်း၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဌေးဦးနှင့် လည်းကောင်း၊ ဦးစစ်အေးခေါင်းဆောင်သည့် နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ်များနှင့် လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် အခြေအနေ၊ ရွေးကောက်ပွဲကော်မရှင်၏ လက်ရှိဆောင်ရွက်မှုအခြေအနေများ၊ ဥပဒေရေးရာ ကိစ္စရပ်များ၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် သတင်းမီဒီယာဆိုင်ရာကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများ၏ အခြေအနေနှင့် တည်ငြိမ်အေးချမ်းရေး၊ ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံရေးအကျဉ်းသားဆိုင်ရာကိစ္စရပ်များ၊ သိမ်းဆည်းမြေယာများနှင့် ပတ်သက်၍ ဖြေရှင်းပေးနေမှုများ၊ ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်နေမှု၊ အပစ်အခတ်ရပ်စဲရေး၊ စစ်ဘေးဒဏ်ကြောင့် ပြောင်းရွှေ့နေထိုင်နေရသည့် ဒုက္ခသည်များ၏ လူမှုစီးပွားဘဝ ပြန်လည်မြှင့်တင်ထူထောင်ပေးရေးဆိုင်ရာများ၊ သန်းခေါင်စာရင်းကောက်ယူခြင်း၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ၊ ဥပဒေအသစ်များ ရေးဆွဲပြင်ဆင်ပြဌာန်းခြင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

ဟားခါး

၆ ဒီဂရီစင်တီဂရိတ်

လားရှိုး

၈ ဒီဂရီစင်တီဂရိတ်

ပျူမြို့ဟောင်း သုံးမြို့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး ကော်မတီများ ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပျူမြို့ဟောင်း သုံးမြို့ဖြစ်သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်းများအား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ရောက်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိသည် ပြည်ပပညာရှင်များအား ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ယနေ့နံနက် ၈ နာရီခွဲတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ၌ တွေ့ဆုံ၍ မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များအနက်မှ ပထမဆုံးကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးမှုအတွက် ကျေးဇူးတင်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရရေးသည် နိုင်ငံ၏ဂုဏ်တစ်ရပ်လည်းဖြစ်၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အထူးဆက်လက်ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ မိမိတို့အနေဖြင့်လည်း နောင်ဆက်လက်ရေရှည်ဆောင်ရွက်ရမည်များကို စီမံဆောင်ရွက်ပေးခြင်း၊ ညှိနှိုင်းခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို အလေးထား ထိန်းသိမ်းကာကွယ် စောင့်ရှောက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပျူမြို့ဟောင်းများဖြစ်သော ဟန်လင်း၊ ဗိဿနိုးနှင့်သရေခေတ္တရာမြို့ဟောင်းများအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် Pyu Ancient Cities Coordinating Committee (PYUCOM) အဖွဲ့ဝင်များ၏ ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပျူရှေးဟောင်းမြို့များ ကြီးကြပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် UNESCO (ရန်ကုန်)နှင့် (ဗန်ကောက်) မှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များအဖွဲ့မှ အဖွဲ့ဝင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ PYUCOM အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ဒေသဆိုင်ရာ PYUCOM ဥက္ကဋ္ဌများဖြစ်သော စစ်ကိုင်းခရိုင်၊ ပြည်ခရိုင်နှင့် ရွှေဘိုခရိုင် အုပ်ချုပ်ရေးမှူးများ၊ ခရိုင်မြေစာရင်းဦးစီးမှူးများ၊ စည်ပင်သာယာရေးအဖွဲ့များမှ အမှုဆောင်အရာရှိများ၊ ပျူမြို့ဟောင်း သုံးမြို့ရှိ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပျူရှေးဟောင်းမြို့များ ကြီးကြပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပျူမြို့ဟောင်း သုံးမြို့အား ကမ္ဘာ့အမွေအနှစ်စာရင်းသတ်မှတ်နိုင်ရန်အတွက် လိုအပ်သော ပျူမြို့ဟောင်းများဆိုင်ရာ စာတွဲများကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ကမ္ဘာ့အမွေအနှစ် ဗဟိုမှတစ်ဆင့် ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ တင်သွင်းပေးပို့ခဲ့ပြီး UNESCO မှ အဆိုပါစာတွဲကို အတည်ပြုလက်ခံခဲ့ကြောင်း၊ ICOMOS မှ ကျွမ်းကျင်ပညာရှင် သြစတြေးလျနိုင်ငံသူ Dr.Susan သည် သရေခေတ္တရာနှင့် ဗိဿနိုးမြို့ဟောင်းများသို့ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ ၂၈ ရက်အထိ ပထမအကြိမ် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း၊ ဟန်လင်းမြို့ဟောင်းသို့ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှ ၂၆ ရက်ထိ ဒုတိယအကြိမ် ကွင်းဆင်းခဲ့ပြီးဖြစ်ကြောင်း၊ အီတလီနိုင်ငံအစိုးရ ဒုတိယအကြိမ် အထောက်အပံ့ပေးပို့သည့် ယူရိုတစ်သန်းကို UNESCO ၏ စီမံကြီးကြပ်မှုဖြင့် ပျူမြို့ဟောင်းသုံးမြို့နှင့် ပုဂံမြို့ဟောင်းတို့အား ထိန်းသိမ်းရေးလုပ်ငန်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုရန်ဖြစ်ကြောင်းနှင့် ပျူမြို့ဟောင်း သုံးမြို့အတွက် ထပ်မံရှင်းလင်းဖော်ပြရန် လိုအပ်နေသော အချက်များဖြစ်သည့် Additional Information II အား ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် ပြန်လည်ပေးပို့ရမည့်အချက်များကို အသေးစိတ်ညှိနှိုင်းဆွေးနွေးကြရန် ပြောကြားသည်။

အဆိုပါ ပျူမြို့ဟောင်းသုံးမြို့အား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ရေးကိစ္စအား ၂၀၁၄ ခုနှစ် ဇွန်လတွင် ကာတာနိုင်ငံ၌ ကျင်းပမည့် (၃၈) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံ၏ အကြံပေးအဖွဲ့မှ အတည်ပြုဆုံးဖြတ်ပေးမည်ဖြစ်ကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးသည် ဒေသခံပြည်သူများ၊ နိုင်ငံသားများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ဆန္ဒပြင်းပြစွာ အကောင်အထည်ဖော်မှု၊ မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်ကို မိမိတို့ကိုယ်တိုင် ဂုဏ်ယူမြတ်နိုးတန်ဖိုးထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဝိုင်းဝန်းလက်တွဲဆောင်ရွက်မှုတို့သည် အထူးအရေးကြီးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရုံးအမှတ်(၁)၊ နေပြည်တော်
(၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ရက်)

၁။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနက နေပြည်တော်တွင် ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယဦးစီးမှူး၊ ကွန်ပျူတာစီစဉ်ရေးမှူးနှင့် စာရင်းကိုင်(၂) (လစာနှုန်း ၇၉၀၀၀ိ-၁၀၀၀ိ-၈၄၀၀၀ိ) ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲ အောင်မြင်သူများစာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ခုံအမှတ်

၁၊ ၃၊ ၄၊ ၆၊ ၇၊ ၉၊ ၁၀၊ ၁၁၊ ၁၃၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၄၊ ၂၆၊ ၂၇၊ ၂၈၊ ၃၁၊ ၃၂၊ ၃၃၊ ၃၇၊ ၃၈၊ ၄၀၊ ၄၂၊ ၄၄၊ ၄၆၊ ၄၈၊ ၅၂၊ ၅၅၊ ၅၇၊ ၅၉၊ ၆၁၊ ၆၃၊ ၆၅၊ ၆၇၊ ၇၁၊ ၇၂၊ ၇၃၊ ၇၅၊ ၇၉၊ ၈၁၊ ၈၃၊ ၈၈၊ ၈၉၊ ၉၂၊ ၁၀၁

၂။ ရေးဖြေစာမေးပွဲအောင်မြင်သူများ၏ အမည်စာရင်းကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁) နေပြည်တော်တွင် ၁၉-၂-၂၀၁၄ ရက်မှစ၍ ကြေညာထားမည်ဖြစ်ပါသည်။

၃။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို ၂၁-၂-၂၀၁၄ရက်(သောကြာနေ့)တွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁)နေပြည်တော်တွင် အောက်ပါအတိုင်း လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်-

အချိန်	ခုံနံပါတ်
နံနက် ၈း၀၀ နာရီ	၁ မှ ၄၀ ထိ
မွန်းလွဲ ၁၂း၃၀ နာရီ	၄၂ မှ ၁၀၁ ထိ

၄။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁) နေပြည်တော်သို့ ဖြေဆိုမည့်နေ့ရက်တွင် လူတွေ့စစ်ဆေးခံယူမည့်အချိန်မတိုင်မီ တစ်နာရီ ကြိုတင်၍ သတင်းပို့ကြရန်နှင့် အောက်ပါတို့ကို ယူဆောင်လာရမည်ဖြစ်ပါသည်။

(က) ဘွဲ့လက်မှတ်မူရင်း

(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်အောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်း

(ဂ) နိုင်ငံသားစိစစ်ရေးကတ်မူရင်း

အီတလီမရိန်းစစ်သည်များအား လူသတ်မှု အငြင်းပွားနေဆဲ အိန္ဒိယနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကို ပြန်လည်ခေါ်ယူ

ရောမ ဖေဖော်ဝါရီ ၁၈

အိန္ဒိယ ငါးဖမ်းလုပ်သားနှစ်ဦးအား အီတလီမရိန်းတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့သည်ဟူသော စွပ်စွဲချက်များကြောင့် အိန္ဒိယနှင့်အီတလီ နှစ်နိုင်ငံအကြား အငြင်းပွားမှုများ အဆက်မပြတ်ဖြစ်ပွားခဲ့ပြီး အိန္ဒိယနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီးအား အီတလီနိုင်ငံသို့ ပြန်လည်ခေါ်ယူခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင်ဖော်ပြသည်။

အိန္ဒိယနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး ဒင်နီယယ်ဂန်နီစီသည် ရောမမြို့သို့ ရုတ်ခြည်းပင်ပြန်လာရမည်ဟု အီတလီနိုင်ငံခြားရေးဝန်ကြီး ပြောကြားခဲ့ပြီး ယင်းသို့ပြန်လည်ခေါ်ယူရခြင်းမှာ အိန္ဒိယတရားရုံးချုပ်၏ ကြောင်းကျိုးမညီညွတ်သော တမင်တကာ အချိန်ဆွဲမှုဖြစ်သည်ဟု သုံးသပ်ချက်ကြောင့်ဖြစ်သည်ဟု ဆိုသည်။

အိန္ဒိယနိုင်ငံတရားရုံးချုပ်က ယင်းအမှုအား ဖေဖော်ဝါရီ ၁၈ ရက်တွင် ကြားနာရန်ရှိသော်လည်း ရွှေ့ဆိုင်းခဲ့သည်။ ၂၀၁၂ ခုနှစ်တွင်ဖြစ်ပွားခဲ့သော လူသတ်မှုအတွက် အီတလီနိုင်ငံသားနှစ်ဦးအပေါ် ပင်လယ်ဓားပြတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူရန် အိန္ဒိယအစိုးရ၏ ဆုံးဖြတ်ချက်အား အီတလီနိုင်ငံက သဘောတူညီခြင်းမရှိခဲ့ပေ။

အီတလီနိုင်ငံသား မရိန်းတပ်ဖွဲ့ဝင်များက ၎င်းတို့အနေဖြင့် အိန္ဒိယရေလုပ်သားနှစ်ဦးအား ပင်လယ်ဓားပြများအဖြစ်ထင်မှတ်ကာ ပစ်သတ်မိကြောင်း ပြောကြားခဲ့သည်။

နယူးဒေလီမြို့ရှိ အိန္ဒိယနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး ဒင်နီယယ်ဂန်နီစီအား ညှိနှိုင်းတိုင်ပင်မှုများပြုလုပ်ရန်အတွက် အီတလီအစိုးရအဖွဲ့က ရောမမြို့သို့ အလျင်အမြန်ပြန်ခေါ်ရန် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

ယင်းဖြစ်စဉ်မှာ ၂၀၁၂ ခုနှစ်အတွင်း အီတလီရေနံတင်သင်္ဘောပေါ်တွင် အစောင့်အကြပ်များအဖြစ် လိုက်ပါလာသော အီတလီမရိန်းတပ်ဖွဲ့ဝင်နှစ်ဦးက အိန္ဒိယနိုင်ငံ ကေရာလာပြည်နယ် ကမ်းရိုးတန်း၌ အိန္ဒိယရေလုပ်သားနှစ်ဦးအား ပစ်ခတ်ခဲ့မှုဖြစ်ပြီး ယင်းအိန္ဒိယရေလုပ်သားနှစ်ဦးမှာ သေဆုံးခဲ့ရသည်။ **ဘီဘီစီ။**

အီတလီ မရိန်းစစ်သည်နှစ်ဦးကို အိန္ဒိယသို့ လွှဲပြောင်းပေးအပ်ရန် ကေရာလာပြည်နယ်မှ ရေလုပ်သားများ ဆန္ဒပြကြသည့် မှတ်တမ်းပုံ။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ကျိုးပေါက် တောင်ဆူဒန်အစိုးရနှင့် သူပုန်တပ်ဖွဲ့တို့ တိုက်ခိုက်

ဂျူဘာ ဖေဖော်ဝါရီ ၁၈

တောင်ဆူဒန်နိုင်ငံ နိုင်းလ်မြစ်အထက်ပိုင်းပြည်နယ်တွင် ပထမဆုံးအကြိမ် လက်နက်ကိုင်တိုက်ခိုက်မှုများပြန်လည်ဖြစ်ပွားခဲ့ကြောင်း တောင်ဆူဒန်အစိုးရတာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြောကြားကြသည်။ယင်းမှာ ယခုနှစ် ဇန်နဝါရီလအတွင်းက တောင်ဆူဒန်အစိုးရနှင့် သူပုန်တပ်ဖွဲ့များအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိခဲ့ပြီးနောက် ပြန်လည်ကျိုးပေါက်ခဲ့ခြင်းဖြစ်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

တောင်ဆူဒန် ကြည်းတပ်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ဒုတိယသမ္မတဟောင်း ရီပက်မာချာအား သစ္စာခံသည်ဟု ယူဆရသည့် သူပုန်တပ်ဖွဲ့များက နိုင်းလ်မြစ်အထက်ပိုင်းပြည်နယ် မာလာကမ်မြို့အား တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

တောင်ဆူဒန်အစိုးရတပ်ဖွဲ့များက အဆိုပါမြို့၏ နေရာအနှံ့အပြားမှနေ၍ သူပုန်တပ်ဖွဲ့များအား တိုက်ခိုက်ခဲ့သည်။

ကျောရိုးသဖွယ်

ယခုတစ်ဖန်ဖြစ်ပွားလာသော တိုက်ခိုက်မှုများသည် တောင်ဆူဒန်နိုင်ငံမှ မြောက်ပိုင်းရေနံထုတ်လုပ်ရာဒေသကို ထိန်းချုပ်ရန်ဖြစ်သည်။ ရေနံထုတ်လုပ်မှုလုပ်ငန်းများမှာ တောင်ဆူဒန်နိုင်ငံ၏ စီးပွားရေးတွင် ကျောရိုးသဖွယ်တည်ရှိနေသည်။

ကမ္ဘာပေါ်တွင် အသစ်လွင်ဆုံးသောနိုင်ငံမှ ပြည်သူများအား အကာအကွယ်ပေးနိုင်ရန် လိုအပ်ကြောင်း တောင်ဆူဒန်ပဋိပက္ခ၌ ပါဝင်သော အဖွဲ့အစည်းများအား မြို့တော်ဂျူဘာအခြေစိုက် ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်က တိုက်တွန်းတောင်းဆိုခဲ့သည်။

တောင်ဆူဒန်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူက ဘီဘီစီသတင်းဌာနသို့ပြောကြားရာ၌ မာလာကမ်မြို့အား သူပုန်တို့ ၏တိုက်ခိုက်မှုမှာ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ဒေသစံတော်ချိန် ၇ နာရီ မိနစ် ၅၀ တွင် စတင်သည်ဟုဆိုသည်။

ထိန်းချုပ်ထားနိုင်

သူပုန်တပ်ဖွဲ့ဝင်များသည် အေကေ-၄၇ ချေမှုန်းရေးရိုင်ဖယ်များကိုင်ဆောင်ထားပြီး တပ်ဖွဲ့ဝင်အချို့မှာ အာပီဂျီပဲ့ထိန်းဒုံးကျည်များကိုင်ဆောင်ထားသည်။ အချို့မှာ စက်သေနတ်များ ကိုင်စွဲထားသည်ဟုဆိုသည်။ တောင်ဆူဒန်အစိုးရ တပ်ဖွဲ့ဝင်များသည် မာလာကမ်မြို့အား ထိန်းချုပ်ထားနိုင်ပြီး တိုက်ပွဲများဆက်လက်ဖြစ်ပွားနေကြောင်း အထက်ပိုင်း နိုင်းလ်မြစ် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဖိယစ်ဂျီဘမ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ **ဘီဘီစီ။**

ထိုင်းဝန်ကြီးချုပ် ယင်လတ်အား တာဝန်ပေါ့ဆမှုဖြင့် စွဲချက်တင်မည်

ဗန်ကောက် ဖေဖော်ဝါရီ ၁၈

ထိုင်းဝန်ကြီးချုပ် ယင်လတ်ရှင်နာဝါထရာအား တာဝန်ဝတ္တရားများ ထမ်းဆောင်ရာတွင် ပေါ့ဆမှုဖြင့် စွဲချက်တင်မည်ဖြစ်ကြောင်း အမျိုးသားအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဖေဖော်ဝါရီ ၁၈ရက်တွင် ပြောကြားသည်။ထိုစဉ်အတွင်း မြို့တော်ဗန်ကောက်၌ သပိတ်စခန်းများကို ရဲတပ်ဖွဲ့ကရှင်းလင်းစဉ်အတွင်း အဓိကရုဏ်းများ ဖြစ်ပွားခဲ့သဖြင့် သုံးဦးသေဆုံးပြီး လူအများအပြား ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ထိုင်းအစိုးရအဖွဲ့က လယ်သမားများအား အမတော်ကြေးပေးကာ စိုက်ပျိုးစေပြီး ဆန်ဝယ်ယူသည့်အစီအစဉ်နှင့်ပတ်သက်၍ ပြဿနာများဖြစ်ပေါ်လာသည်။ အစိုးရ၏ ဆန်ဝယ်ယူရေးစီမံကိန်းနှင့်ပတ်သက်၍ အငြင်းပွားပြောဆိုစရာများ ပေါ်ပေါက်လျက်ရှိကြောင်း၊ ဝန်ကြီးချုပ် ယင်လတ်သည် တာဝန်ဝတ္တရားထမ်းဆောင်ရာတွင် ပေါ့ဆမှုဖြင့် စွဲချက်တင်ခံရမည်ဖြစ်ကြောင်း အမျိုးသားအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ပြောကြားသည်။

ထိုစဉ်အတွင်း မြို့တော်ဗန်ကောက်၌ သေနတ်ပစ်ခတ်မှုများနှင့် ပေါက်ကွဲသံများ ပေါ်ထွက်ခဲ့သည်။ အဓိကရုဏ်းနှိမ်နင်းရေးရဲတပ်ဖွဲ့က အစိုးရရုံးများကို သိမ်းပိုက်ထားသော ဆန္ဒပြသူများ၏ သပိတ်စခန်းနေရာများကို ရှင်းလင်းရာတွင် ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားခဲ့သည်။ ရဲတပ်ဖွဲ့ဝင်တစ်ဦး သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရပြီး အရပ်သားနှစ်ဦး သေဆုံးကြောင်း၊ နိုင်ငံခြားသားတစ်ဦး အပါအဝင် လူ ၆၀ ခန့် ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုင်းနိုင်ငံ၌ ဝန်ကြီးချုပ်ယင်လတ် နုတ်ထွက်ပေးရန် ဆန္ဒပြမှုမှာ သုံးလကျော်မျှ ဖြစ်ပွားခဲ့သည်။ **ရိုက်တာ။**

ဂျပန်အမျိုးသမီး ရေငုပ်သမားနှစ်ဦးကို ဘာလီကျွန်း၌ ဆက်လက်ရှာဖွေ

ဒန်ပါဆာ(အင်ဒိုနီးရှား) ဖေဖော်ဝါရီ ၁၈

လေးရက်ကြာမျှ ပျောက်ဆုံးနေသော ဂျပန်လူမျိုး အမျိုးသမီးရေငုပ်သမားနှစ်ဦးကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းကမ်းလွန်ပင်လယ်အတွင်း ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၁၈ရက်တွင် သတင်းထုတ်ပြန်သည်။

အပန်းဖြေကျွန်းဖြစ်သော ဘာလီကျွန်းအရှေ့ဘက် နူဆာလမ်ဘွန်သန္တာကျောက်တန်းဒေသ၌ စကူဘာရေငုပ်ဝတ်စုံဖြင့် အပျော်တမ်းရေငုပ်ကာ ပင်လယ်ရေအောက်စူးစမ်းလေ့လာကြသော ဂျပန်အမျိုးသမီး ခုနစ်ဦးအနက် ငါးဦးကို ဒေသခံရေလုပ်သားများက ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ကယ်တင်ပေးနိုင်ခဲ့သည်။ ၎င်းတို့သည် သန္တာကျောက်တန်းတစ်ခုကို တွယ်ဖက်ကာ ကယ်တင်မည့်သူများကို စောင့်စားနေခဲ့ကြသည်။

ရေငုပ်လျှိုးမှုစတင်ခဲ့သည့်နေရာမှ ကီလိုမီတာ ၂၀အကွာတွင် ဂျပန်အမျိုးသမီး ငါးဦးကိုရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့မှာ အင်အားကုန်ခန်းလျက်ရှိကြပြီး တစ်ဦးမှာ စိုးရိမ်ရသောအခြေအနေတွင်ရှိနေကြောင်း၊ ကယ်တင်ခံရသူတစ်ဦးမှာ ရေငုပ်အပန်းဖြေခရီးစဉ်အတွက် ငှားရမ်းထားသော ဂျပန်လူမျိုး ရေငုပ်နည်းပြတစ်ဦးဖြစ်ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။ **ကျိုဒို။**

ပျောက်ဆုံးနေသော ဂျပန်အမျိုးသမီး ရေငုပ်သမားနှစ်ဦးကို ဝေဟင်မှရှာဖွေစဉ်။

မကွေးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ

လမ်း/တံတား အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်း မိုင်တိုင်အမှတ် (၁၃၈/၃ နှင့် ၁၃၈/၄)ကြားရှိ လောင်ထောင်တံတား ပေ ၁၆၀ ဘေလီပြန်လည်တပ်ဆင်မှုနှင့် ပြုပြင်ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တံတားခိုင်ခံ့မှုရှိစေရန် မူလပေ ၁၀၀ နှစ်လွှာတစ်ထပ် ဘေလီနေရာတွင် သုံးလွှာတစ်ထပ် ဘေလီတပ်ဆင်ရန် မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြိုင်-တောမ-ဂန့်ဂေါလမ်း မိုင်တိုင်အမှတ်(၈၄/၅ နှင့် ၈၄/၆) ကြားတွင် ဂန့်ဂေါခရိုင်မှ ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု **(ယာပုံ)**၊ မိုင်တိုင်အမှတ် (၅၅/၆ နှင့် ၅၆/၀) ကြားတွင် စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ မြေညှိခြင်း၊ မြေဖို့ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင် အမှတ် (၅၀/၀)နှင့် မိုင်တိုင်အမှတ် (၉/၀)တို့တွင် စက်ယန္တ ရားများဖြင့် မြေကြီးလုပ်ငန်းဆောင်ရွက်နေမှုနှင့် BOT စနစ်ဖြင့် ဆောင်ရွက်သော မြိုင်- ပခုက္ကူလမ်းနှင့် မြင်းခြံ- ရေဝန်းလမ်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝမ်းတွင်းမြို့နယ် ထီးလှိုင်(အရှေ့)ရွာ ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေး လိုအပ်ချက်ဖြစ်သော ထီးလှိုင်တံတား တည်ဆောက်ရန်နေရာနှင့် လိန်ပင်ရွာ လိန်ပင်တံတား ချဉ်းကပ်လမ်းနှစ်ဖက်အား တံတားအဖြစ် ဆက်စပ်တည်ဆောက်ရန် လိုအပ်သည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဖေဖော်ဝါရီ ၁၈

လက်တွေ့ကွင်းဆင်းဆောင်ရွက်နေသော ဝန်ထမ်းများအတွက် REDD+ နှင့် ရာသီဥတုပြောင်းလဲမှုတိုးချဲ့ပညာပေးရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်

REDD+ ဆိုသည်မှာ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းဖြစ်သည်။ သစ်တောပြုန်းတီးခြင်းမှ ထုတ်လွှတ်သော ကာဗွန်ပမာဏသည် ကမ္ဘာ့အသီးသီးမှ ထုတ်လွှတ်သောပမာဏ၏ ၁၇ ဒသမ ၄ ရာခိုင်နှုန်း ရှိသည်။ REDD+ ၏ အခြေခံသဘောမှာ သစ်တောသယံဇာတကြွယ်ဝသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု အမှန်တကယ် လျှော့ချနိုင်သော နိုင်ငံများအား လျှော့ချနိုင်သော ပမာဏအလိုက် Carbon Credit အဖြစ် ငွေကြေးတန်ဖိုး သတ်မှတ်ပြီး ထောက်ပံ့ကူညီမှုပြုလုပ်သော လုပ်ငန်းစဉ် တစ်ရပ်ဖြစ်သည်။ REDD+ လုပ်ငန်းစဉ်များမှာ သစ်တောပြုန်းတီးခြင်းနှင့် သစ်တော အတန်းအစားကျဆင်းခြင်းကို တားဆီးကာကွယ်ခြင်း၊ သစ်တောများ ထာဝစဉ်တည်တံ့စေရန် စီမံအုပ်ချုပ်ခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းများ ပါဝင်သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် UN-REDD Programme ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာပြီး အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်၍ REDD+ လမ်းပြမြေပုံနှင့် နိုင်ငံအဆင့်မဟာဗျူဟာကို ရေးဆွဲနိုင်ခဲ့သည်။

သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ သစ်နှင့်ပတ်သက်သော အဖွဲ့အစည်း (ITTO) တို့ပူးပေါင်း၍ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း REDD+ ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစီမံကိန်း၏ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် လက်တွေ့ကွင်းဆင်းဆောင်ရွက်နေသော ဝန်ထမ်းများအတွက် REDD + နှင့် ရာသီဥတုပြောင်းလဲမှု တိုးချဲ့ပညာပေးရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် သစ်တောဦးစီးဌာန သစ်တောသုတေသနဌာန စုဝေးခန်းမ (ရေဆင်း)၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ အရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား ၃၁ ဦး တက်ရောက်ကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဒုတိယဝန်ကြီးက ကာဗွန်ရောင်းဝယ်မှုအပါအဝင် REDD+ လုပ်ငန်းစဉ်များကို ညှိနှိုင်းဆဲဖြစ်သော်လည်း နည်းပညာနှင့် ရန်ပုံငွေကြေး ထောက်ပံ့မှု အစီအစဉ်များကို ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းများတွင် ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များမှာ ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချစေမည့် နည်းလမ်းဖြစ်သည့်အပြင် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများဖြစ်သော ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ရေလည်ပတ်မှုစနစ်အား ထိန်းကျောင်းပေးခြင်း၊ မြေဆီလွှာတိုက်စားခြင်းမှ ကာကွယ်ပေးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးခြင်းစသော ကျေးဇူးများကို ရရှိစေသည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများကပါ စိတ်ဝင်စားစွာ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ REDD + လုပ်ငန်းစဉ်များသည် သစ်တောကဏ္ဍ သီးသန့်မဟုတ်ဘဲ လုပ်ငန်းကဏ္ဍအမျိုးမျိုး၊ အဖွဲ့အစည်းအမျိုးမျိုးနှင့် ဆက်စပ်ပတ်သက်သူအမျိုးမျိုးတို့ နှီးနွှယ်နေသော လုပ်ငန်းစဉ် ဖြစ်သောကြောင့် အောင်မြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုရရှိရန် လိုအပ်ကြောင်း၊ ယခုသင်တန်းသည် ကျေးလက်ပြည်သူများနှင့် ဆက်စပ်ပတ်သက်သူများကို ထိတွေ့ဆက်ဆံနေရသော တောအုပ်အဆင့် ဝန်ထမ်းများအား သီးသန့်သင်တန်းပေးခြင်းဖြစ်ကြောင်း၊ ပြည်သူဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း လုပ်ငန်းများကို REDD + လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သောမူဝါဒများ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာများကို ရေးဆွဲအကောင် အထည်ဖော်လျက်ရှိသည့်အတွက် သဘာဝသယံဇာတများထုတ်လုပ်၍ ဝင်ငွေရှာသော စီးပွားရေးလုပ်ငန်းများမှ ဝန်ဆောင်မှုပေးသော စီးပွားရေးလုပ်ငန်းများသို့ ပြောင်းလဲဖြစ်ပေါ်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်အခါသည် REDD+ Clean Development Mechanism (CDM) နှင့် Payment for Ecosystem Services(PES) စသော သစ်တောနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေး အခြေခံစီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်နေချိန်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၂၁ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာတတ်မြောက်ရေးနှင့်ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့ မင်းကင်း၌ လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်

မင်းကင်း၊ ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ စာမတတ်သူများ ပပျောက်ရေးကော်မတီ၏ လုပ်ငန်းစီမံချက်အရ ၁၉၆၄၊ ၁၉၈၄ ခုနှစ်အတွင်း တက္ကသိုလ်၊ သိပ္ပံနှင့် ကောလိပ်များတွင် ပညာသင်ကြားခဲ့သော ကျောင်းသားများသည် တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်များသို့သွားရောက်၍ စာတတ်မြောက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ယခုအခါ အဆိုပါအဖွဲ့သည် လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့အဖြစ် ပြန်လည်ဖွဲ့စည်းကာ မြို့နယ်များတွင် လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်သို့ လူမှုရေးအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရောက်ရှိလာသော ဒုတိယပါမောက္ခချုပ် ဦးမျိုးသန့်(မြန်မာစာ-ငြိမ်း) ခေါင်းဆောင်သည့် စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့သည် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်မှ ၇ ရက်အထိ မီးယပ်သားဖွား၊ ဆီးချိုသွေးချို၊ အရိုးအကြောနှင့် အခြားရောဂါများ လူနာပေါင်း ၈၅၆ ဦးတို့အား ဆေးကုသပေးခြင်း၊ ကိုယ်ကျင့်တရားနှင့် အသိဉာဏ် မြင့်မားရေးခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲပြုလုပ်ပေးခြင်း၊ တက္ကသိုလ်ဝင်တန်း အောင်ချက် မြင့်မားရေးအတွက် ဘာသာရပ်အလိုက် ဟောပြောမှုများ ဆောင်ရွက်ပေးခြင်း၊ မင်္ဂလာပဇ္ဇောတာရုံ(ပရိယတ္တိ) စာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း(ပရဟိတ) တို့တွင် ပညာပါရမီစာကြည့်တိုက်ဖွင့်လှစ်ပေးပြီး စာအုပ်စာစောင်များနှင့် အလှူငွေကျပ်သုံးသိန်းအား လှူဒါန်းပေးခြင်း အပါအဝင်ကျေးရွာ ၁၂ ရွာရှိစာကြည့်တိုက်များအတွက်သုတ/ရသ စာအုပ်စာစောင်များ နှင့် ငွေကျပ် ၁၀၀၀ စီကို လှူဒါန်းပေးအပ်ခြင်းစသည့် လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **ချင်းတွင်းသား**

မင်းကင်းဒေသခံပြည်သူများကို တွေ့ရစဉ်။

ပြည်သူ့ကျန်းမာရေးအထောက် အကူပြုအရန်သားဖွားသင်တန်းဖွင့်

မြောင်းမြ၊ ဖေဖော်ဝါရီ ၁၈

ကျေးလက်နှင့်မြို့ပြ ကျန်းမာရေးကွာဟချက်မရှိဘဲ ပြည်သူ့ကျန်းမာရေးအထောက်အကူပြုရေးအတွက် ကိုယ်ဝန်ဆောင်မိခင်များနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန် မြောင်းမြခရိုင်ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးသော အရန်သားဖွားသင်တန်း (၁/၂၀၁၄) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်က မြောင်းမြပြည်သူ့ဆေးရုံ သင်တန်းခန်းမဆောင်၌ ကျင်းပသည်။

မြောင်းမြမြို့နယ်တွင် အရန်သားဖွားဆရာမသင်တန်း ပို့ချပေးပြီး ခန့်အပ်ထားပြီးဖြစ်သော အရန်သားဖွားဆရာမဦးရေမှာ ၁၃၄ ဦးရှိပြီး မြို့နယ်ကျန်းမာရေးဝန်ထမ်းများအဖြစ် ဒေသအသီးသီးတွင် ပူးပေါင်း တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုဖွင့်လှစ်ပေးသည့်အရန်သားဖွားသင်တန်းကို မြို့နယ်အတွင်းရှိ ရပ်ရွာများအတွက် အမှန်တကယ်လိုအပ်သော၊ လုပ်ငန်းအပေါ် အမှန်တကယ်စိတ်ဝင်စားသော၊ မြို့နှင့်ဝေးကွာပြီး သွားလာရေး ခက်ခဲသောဒေသများမှ ပညာအရည်အချင်းနှင့် ကိုက်ညီသူများကိုသာ ရွေးချယ်ခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင် သင်တန်းသူ ၃၀ ကို သီအိုရီသုံးလ၊ လက်တွေ့ သုံးလ သင်ကြားပို့ချ ပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက မိမိရပ်ရွာဒေသတို့တွင် ပြန်လည်၍ ကျန်းမာရေးစောင့်ရှောက်မှု ပေးကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံက ဖွင့်ပွဲ၌ပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကို၊ ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြောင်းမြခရိုင် ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆရာ/ဆရာမများ၊သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **ခရိုင်ပြန်/ဆက်)**

သတင်းတိုများ

မြို့တွင်းလမ်းများတိုးချဲ့ပြုပြင်

ကော့သောင်း-မြိတ်ကားလမ်းပေါ်တွင်တည်ရှိသည့်မြို့နယ်ခွဲတစ်ခုဖြစ်သည့် ကရသူရိမြို့နယ်ခွဲ၏ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်လုပ်ငန်းများကို ရွှေကဆုန် ဆောက်လုပ်ရေးကုမ္ပဏီက ယခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင်ကာ ဆောင်ရွက်လျက်ရှိသည်။ ပြုပြင်မှုလုပ်ငန်းများတွင် လမ်းများအားအကျယ် ၅၀ ပေအထိ တိုးချဲ့၍ မြေသားညှိခြင်း၊ ကျောက်ချောများခင်းခြင်း၊ လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ လမ်းကူးတံတားများ ပြုပြင်ခြင်းတို့ပါဝင်သည်။ **သူကရသူရိ(ပြန်/ဆက်)**

ခမောက်ကြီးမြို့နယ်ခွဲ ကွန်ကရစ်တံတားတည်ဆောက်

ခမောက်ကြီးမြို့နယ်ခွဲတွင် တိုင်းဒေသကြီးလွှတ်တော် ခွင့်ပြုရန်ပုံငွေဖြင့် ဇန်နဝါရီလဆန်းပိုင်းက အဆင့်မြှင့်တည်ဆောက်ခဲ့သည့် အမှတ်(၁) ရပ်ကွက်၊ မြခွာညိုလမ်းချောင်းကူးကွန်ကရစ်တံတားသည် ဖေဖော်ဝါရီ ၁၇ ရက်က လုပ်ငန်းအားလုံး ပြီးစီးခဲ့သည်။ အဆိုပါတံတားသည် မူလ သစ်သားတံတားမှ သံကူကွန်ကရစ် တံတားအဖြစ် ပြင်ဆင်တည်ဆောက်ခြင်းဖြစ်ပြီးအကျယ် ၁၅ ပေ ၊ အရှည်ပေ ၂၀ ရှိသည်။ **ခမောက်ကြီး (ပြန်/ဆက်)**

ရာပြည့်မန္တလေးစာအုပ်တိုက် ရှစ်နှစ်ပြည့်အထိမ်းအမှတ်ပွဲတွင် စာပေဟောပြောပွဲများထည့်သွင်းကျင်းပ

မန္တလေး၊ ဖေဖော်ဝါရီ ၁၈

မန္တလေးစာပေလောကတွင် တစ်ထောင့် တစ်နေရာမှ ပါဝင်အားဖြည့်ပေးလျက်ရှိသည့် ရာပြည့်မန္တလေးစာအုပ်တိုက်၏ ၈ နှစ်ပြည့် အထိမ်းအမှတ်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက မန္တလေးမြို့ ၈၄ လမ်းနှင့် ၃၁ လမ်းထောင့်ရှိ ဓမ္မသာလာခန်းမတွင် ကျင်းပခဲ့သည်။ ထိုအထိမ်းအမှတ်ပွဲတွင် စာအုပ်ဈေးရောင်းပွဲတော် ပါဝင်ပြီး၊ ဖေဖော်ဝါရီ ၁၇ မှ ၁၉ ရက်အထိ စာအုပ်များကို စာချစ်သူများအတွက် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ လျှော့ဈေးဖြင့် ရောင်းချပေးသည်။ ဖေဖော်ဝါရီ ၁၇ ရက်ညတွင် မန္တလေးလူငယ်သတင်းသမားများ၏ မြရိပ်ကွန်းအငြိမ့် ဖျော်ဖြေမှုအစီအစဉ်၊ ဖေဖော်ဝါရီ ၁၈ ရက်ညတွင် ကဗျာဆရာကိုလေး (အင်းဝဂုဏ်ရည်)နှင့် ဆရာမ ခင်ခင်ထူးတို့၏ စာပေဟောပြောမှု အစီအစဉ်၊ ဖေဖော်ဝါရီ ၁၈ ရက် ညတွင် မန္တလေးကဗျာဆရာများ၏ ကဗျာရွတ်ပွဲတော်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ထို့အပြင် ကာတွန်းဆရာများ၏ ကာတွန်းလက်ရာများနှင့် ပန်းချီဆရာများ၏ လက်ရာပန်းချီကားများကိုလည်း ပြသခဲ့ကြောင်း သိရသည်။ **(၀၀၂)**





မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး

ကျေးရွာအုပ်စု (၄)အုပ်စုအားစုစည်း၍ ရပ်ကွက် (၅)ရပ်ကွက်ပါဝင်သော ငပလီမြို့အဖြစ် တိုးချဲ့ပြင်ဆင်ခြင်းကို လွှတ်တော်ကမှတ်တမ်းတင်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိမြို့များတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကျေးရွာ၊ ကျေးရွာအုပ်စု များ အမည်ပြောင်းလဲပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့နယ်အတွင်း ငေါ့ကျေးရွာအုပ်စု၊ ဇီးဖြူကုန်းကျေးရွာအုပ်စု၊ လင်းသာကျေးရွာအုပ်စုနှင့် မြပြင်ကျေးရွာအုပ်စု (၄)အုပ်စုအား စုစည်း၍ ရပ်ကွက်(၅)ရပ်ကွက် ပါဝင်သော ငပလီမြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်အတွင်း ကျေးရွာ(၂)ရွာအား စုစည်း၍ ရပ်ကွက်(၅)ရပ်ကွက် ပါဝင်သော ကျုံမငေးမြို့အဖြစ် တိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးရွာအုပ်စု(၄)အုပ်စုအားပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျုံပျော်မြို့နယ်အတွင်း ဆင်ခေါင်းကျေးရွာအုပ်စုအား ဆင်ကောင်းကျေးရွာအုပ်စုအဖြစ် အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး (၁၄)ရက်မြောက်နေ့၌ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က သဘောတူညီသည့် **တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကြမ်း**တို့ကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စု အစိုးရအဖွဲ့က တင်သွင်းသော **မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် **ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ အချက်အလက်များဖြင့် ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း လွှတ်တော်သို့ တင်ပြစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ ဥက္ကဋ္ဌထံသို့ ကော်မတီလုပ်ငန်းဆိုင်ရာ အခြေခံမူ ပေးပို့ခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်သို့ တင်ပြရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်အစီရင်ခံစာကို ၁-၁-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်သွင်းခဲ့ပြီး အစီရင်ခံစာပါ အကြောင်းအရာများကို ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၃၁)ဦးပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှုကော်မတီကို ၃-၂-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့်ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ နိုင်ငံတော်၏အခြေခံမူများ ပုဒ်မ(၄)တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံး၌တည်သည်ဟု ပြဋ္ဌာန်းဖော်ပြထားပါကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်နှင့်အညီ ပြည်သူကိုဗဟိုပြုသည့် လက်ရှိခေတ်ကာလတွင် မိမိတို့လွှတ်တော်များအနေဖြင့်လည်း ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တရားမျှတမှုရှိသည့် ပြည်သူများ၏ဆန္ဒကို အလေးထားပြီး ပြည်သူ့ကိုယ်စားလှယ်များ၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြုရေးတာဝန်ကို စိတ်ကောင်းစေတနာများဖြင့် ကြိုးစားပမ်းစား ဆောင်ရွက်လျက်ရှိကြသည့်အတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား ကျေးဇူးတင်ရှိပါကြောင်း။

ယခုအခါ နိုင်ငံတော်နှင့်ပြည်သူများအတွက် အထူးအလေးအနက်ထားဆောင်ရွက်အပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် ကော်မတီသည် ၎င်း၏လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် ပထမအကြိမ် အစည်းအဝေးကို ၁၁-၂-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ညှိနှိုင်းဆွေးနွေးမှုများအရ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် သင့်တော်သည့် လုပ်ငန်းလမ်းညွှန်မှု ရရှိရန်လိုအပ်သည့်အတွက် ကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော် နာယကထံသို့ အခြေခံမူချမှတ်ပေးရန် တင်ပြလာပါကြောင်း၊ ယခုကဲ့သို့ ကော်မတီ၏ တင်ပြချက်အရ ပြည်ထောင်စုလွှတ်တော်နာယကအနေဖြင့် ကြားသိ၊ တွေ့မြင်နေရသည့်ပြည်သူများ၏အသံ၊ ဆန္ဒအမှန်များကို အလေးထားသတိပြုလျက် အဘက်ဘက်မှလေ့လာသုံးသပ်ပြီး ကော်မတီကလုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်အဆင်ပြေစေရေးအတွက် လုပ်ငန်းဆိုင်ရာအခြေခံမူအဖြစ် သုံးသပ်ဆောင်ရွက်နိုင်ရန် ကော်မတီသို့ စာတစ်စောင်ပေးပို့ထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များထံသို့လည်း မိတ္တူဖြန့်ဝေထားပါကြောင်း၊ သက်ဆိုင်ရာ ကော်မတီအနေဖြင့် ကော်မတီလုပ်ငန်းဆိုင်ရာ အခြေခံမူကို မူဝါဒအနေဖြင့် သုံးသပ်ဆောင်ရွက်ပြီး လုပ်ငန်းများအောင်မြင်အဆင်ပြေချောမွေ့စေရေးအတွက်ဆက်လက်လုပ်ဆောင်နိုင်ပါကြောင်းဖြင့် အသိပေးတင်ပြခဲ့သည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင်ရပ်နားခဲ့ပြီး အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဒေသန္တရ ဖွံ့ဖြိုးမှုစီမံကိန်းရေးဆွဲရာတွင် စွမ်းဆောင်ရည်တည်ဆောက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ဂျာမနီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (GIZ) တို့ ပူးပေါင်း၍“ဒေသန္တရဖွံ့ဖြိုးမှု စီမံကိန်းရေးဆွဲရာတွင် စွမ်းဆောင်ရည်တည်ဆောက်မှုနှင့် အခြေခံလိုအပ်ချက်များကို အကဲဖြတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်က စီမံကိန်းသဘောတရားနှင့် အသုံးပြုမည့် နည်းပညာများ၊ အခြေခံအချက်များမသိရှိဘဲ ကောင်းမွန်သည့် စီမံကိန်းဖြစ်လာမည် မဟုတ်ပါကြောင်း၊ ဦးတည်ချက်နှင့်ရည်မှန်းချက်များ ထားရှိပြီးမှ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အမျိုးသားဘက်စုံဖွံ့ဖြိုးမှုနှင့် ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု စီမံကိန်းများ၏ ရည်မှန်းချက်မှာ ကမ္ဘာ့စီးပွားရေး အဆောက်အအုံတွင် ဝင်ဆံ့နိုင်သော ဖွံ့ဖြိုးပြီး နိုင်ငံတစ်နိုင်ငံဖြစ်ရန်အတွက် ရည်ရွယ်ပါကြောင်း။

Regional Planning ကောင်းမှ National Planning ကောင်းမည်ဖြစ်၍ သင်တန်းတက်ရောက်သူများ အနေဖြင့် တစ်ဦးချင်းစီ အရည်အချင်းရှိရန်နှင့် စီမံကိန်းရေးဆွဲမည့် အခြေခံအချက်များ သိရှိနေရမည်ဖြစ်ကြောင်း၊ နိုင်ငံတိုင်းမှာ စီးပွားရေးစီမံကိန်းရေးဆွဲရာတွင် မိမိတို့၏ ကိုယ်ပိုင်နည်းလမ်းများရှိပါကြောင်း၊ သို့ဖြစ်ပါ၍ အခြားနိုင်ငံများ၏ ဖွံ့ဖြိုးမှုစီမံကိန်းရေးဆွဲသည့် အသိပညာနှင့် အတွေ့အကြုံများကို လေ့လာသင်ယူသွားရန်မှာ အလွန်အရေးကြီးပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲမှာ မိမိတို့၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ရှေ့ဆက်ဆောင်ရွက်ရန် အထောက်အပံ့ ဖြစ်လိမ့်မည်ဟု ယုံကြည်ကြောင်း။

ဆက်လက်၍ GIZ မြန်မာကိုယ်စားလှယ် Mrs. Irina Scheffmann က ဂျာမနီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(GIZ) အနေဖြင့် နိုင်ငံပေါင်း ၁၃၀ ကျော်တွင် လုပ်ဆောင်နေသည့် ဆောင်ရွက်ချက်များနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့် ရေတို၊ ရေရှည်စီးပွားရေးလုပ်ငန်းများ၊ပုဂ္ဂလိကကဏ္ဍ၊ ငွေရေး၊ ကြေးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျွမ်းကျင်သူ ပညာရှင်များဖြစ်ကြသော Dr.Daphne Frank(GIZ) နှင့် Jochen Fauly (GIZ Consultant) တို့က အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြဆွေးနွေးမည့် အကြောင်းအရာများကို မိတ်ဆက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ပြည်ထောင်စုဝန်ကြီးဌာနများမှ အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အဆင့်မြင့်အရာထမ်းများ၊ ပြည်နယ်/တိုင်းဒေသကြီး စီမံကိန်းမှူးများ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက်အထိ သုံးရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်မီးရရှိရေး ကျပ်သိန်း ၅၀၀ လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈။ ။ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်တွင် ရွှေမန်းသားလေးဖိုးချစ်က ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ၎င်း၏မွေးနေ့ကိုရည်စူး၍ သံလျင်ကျိုက်ခေါက်ဘုရားဗုဒ္ဓပူဇနိယပွဲတွင် ဇာတ်သဘင် ကပြဖျော်ဖြေရင်း ဖေဖော်ဝါရီ ၁၇ ရက်က ကန့်ဘလူမြို့နယ် ကိုင်းတောကျေးရွာနှင့် လိပ်ထုကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် ကျပ်သိန်း ၅၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကောင်းနန္ဒကျော်)**

ကမ္ဘောဇဘဏ်လီမိတက် မိုးကုတ်-၂ (ကျပ်ပြင်)ဘဏ်ခွဲစတင်ဖွင့်လှစ်

မိုးကုတ် ဖေဖော်ဝါရီ ၁၈

မြန်မာတိုင်းရင်းသားပိုင် ကမ္ဘောဇဘဏ်လီမိတက်၏ ၁၄၄ ခုမြောက်ဘဏ်ခွဲဖြစ်သော မိုးကုတ်-၂(ကျပ်ပြင်) ဘဏ်ခွဲကို မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်ရှိ အမှတ်(မ/၂၆၅) ကျပ်ပြင်ကျေးရွာအုပ်စု ကျပ်ပြင်မြို့မရပ်ကွက်တွင် ဖေဖော်ဝါရီ ၁၈ ရက်က စတင်ဖွင့်လှစ်လိုက်ပြီး အဓိကငွေကြေးဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော အပ်ငွေအမျိုးမျိုး လက်ခံခြင်း၊ ချေးငွေများထုတ်ချေးခြင်း၊ မှန်ကန်မြန်ဆန်စွာငွေလွှဲပို့နိုင်ခြင်းနှင့် လွှဲပို့ငွေများထုတ်ပေးခြင်း၊ ငွေပေးအမိန့်လက်မှတ်၊ ဘဏ်အာမခံချက်နှင့် Gift Cheque ဝန်ဆောင်မှုများ ရောင်းချပေးခြင်းစသော ပြည်တွင်းဘဏ်လုပ်ငန်းများကို အစဉ်ပြေချောမွေ့စွာ လွယ်ကူလျင်မြန်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ထို့အပြင် ကမ္ဘောဇဘဏ်လီမိတက်သည် နိုင်ငံတကာငွေလွှဲလုပ်ငန်းဖြစ်သော Western Union,Remittance House များနှင့် နိုင်ငံတကာရှိ ချိတ်ဆက်ဘဏ်များမှတစ်ဆင့် ကမ္ဘောဇဘဏ်ခွဲများအားလုံးသို့ တိုက်ရိုက်ငွေကြေးလွှဲပြောင်းနိုင်ပြီ ဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံရှိ အမြန်ချောပို့လုပ်ငန်း Sing Post နှင့် ကမ္ဘောဇဘဏ်လီမိတက်တို့၏အမြန်အလှန် ငွေလွှဲဝန်ဆောင်မှုလည်း စတင်နေပြီဖြစ်ကြောင်း၊ အထူးဝန်ဆောင်မှုအနေဖြင့် Customer ကိုယ်တိုင် ဆောင်ရွက်နိုင်သော E-Registeration Service ကို ၁၃၃ခုမြောက် ဘဏ်ခွဲဖြစ်သည့် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ဘဏ်ခွဲမှစ၍ ဝန်ဆောင်မှုပေးလျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံနေရာဒေသအနှံ့အပြားတွင်ဘဏ်ခွဲသစ်များဆက်လက်တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။



(သဲနိုင်ဦး)

တပ်မတော်နှစ်ရပ်ကြား ရှိပြီးသားရင်းနှီးမှုပိုမိုခိုင်မာစေရန် ဗန်ဒေါင်းညီလာခံမူဝါဒများအတိုင်း လိုက်နာကျင့်သုံးမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည်ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Prof. Dr. Purnomo Yusgiantoro နှင့် ကာကွယ်ရေးဝန်ကြီးဌာနဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Prof. Dr. Purnomo Yusgiantoro နှင့်အတူ အင်ဒိုနီးရှားတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အင်ဒိုနီးရှား-မြန်မာနိုင်ငံနှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြားရှိပြီးသားရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရန်အတွက် ယခုလိုချစ်ကြည်ရေးခရီး လာရောက်ခြင်းဖြစ်ကြောင်း၊ မိမိတို့၏ရှည်လျားသော ဆက်ဆံရေးကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ဗန်ဒေါင်းညီလာခံမှ ချမှတ်ခဲ့သောမူဝါဒများအတိုင်း လိုက်နာကျင့်သုံးသွားကြရမည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်များကို စိတ်ဝင်စားပါကြောင်း၊ ပါတီစုံစနစ်သို့ စနစ်တကျ အဆင့်ဆင့်တိုးတက်အောင် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၁၁ ခုနှစ်မှစ၍ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းခဲ့ရာ (၃)နှစ်သက်တမ်းသာရှိသေးသဖြင့် ရင့်ကျက်မှုမရှိသေးကြောင်း၊ ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုချုပ်ငြိမ်းရေးအတွက် အစိုးရနှင့် တပ်မတော်သည် စိတ်ရှည်သည်းခံပြီး အောင်မြင်စေရန်ကြိုးစားဆောင်ရွက်နေကြောင်း၊ နိုင်ငံကို ချစ်မြတ်နိုးသူတိုင်း တိုးတက်လိုသည့် စိတ်ဆန္ဒရှိပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ အတွေ့အကြုံများသည်လည်း မိမိတို့အတွက် အထောက်အကူရမည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးကြသည်။

ထို့နောက် အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီးမှ မိမိတို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား အာဆီယံဥက္ကဋ္ဌအဖြစ် အပြည့်အဝ ထောက်ခံပါကြောင်း၊ နှစ်နိုင်ငံတပ်မတော် ယခုထက်ပိုမို ရင်းနှီးပူးပေါင်း ဆောင်ရွက်လိုပါကြောင်း၊ လာမည့်မေလတွင် မြန်မာနိုင်ငံ၌ ကျင်းပမည့် အာဆီယံကာကွယ်ရေးဝန်ကြီး အစည်းအဝေးတွင် မိမိတက်ရောက်မည်ကို အသိပေးပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးတို့သည် အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

*** ရွှေဖုံးမှ**

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးရန် လိုအပ်သည်ဟု သုံးသပ်မိပါသည်။

စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးကို အဓိကဦးတည်၍ တည်ဆောက်ခဲ့သော ရေလှောင်တမံများတွင် ခေတ်မီနည်းပညာများ အသုံးပြု၍ အသေးစားရေအားလျှပ်စစ် ထုတ်လုပ်အသုံးပြုနိုင်ပါက စိုက်ပျိုးထုတ်ကုန်တိုးတက်ရုံသာမက ကျေးလက်ဒေသမီးလင်းရေးကိုပါ တစ်ပြိုင်တည်း အကျိုးကျေးဇူး ရရှိစေမည်ဖြစ်ပါသည်။ သို့မှသာ နိုင်ငံတော်၏ရည်မှန်းချက်တစ်ခုဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို ထောက်ကူရာရောက်မည်ဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်သည် အလွန်အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။ သို့ဖြစ်သည်နှင့်အညီ သက်ဆိုင်ရာ ဒေသအာဏာပိုင်များကလည်း ထိုးထွင်းကြံဆတီထွင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးကိုကြည့်လျှင် မြို့နယ်ပေါင်း ၂၄ မြို့နယ်နှင့် ကျေးရွာပေါင်း ၆၅၁၂ ရွာဖြင့် ဖွဲ့စည်းထားသည်ကိုတွေ့ရပါသည်။ ကျေးလက်မီးလင်းရေး ဆောင်ရွက်ပေးနိုင်မှုအနေဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ ၉၇၅ ရွာသာ မီးပေးနိုင်ခဲ့သော်လည်း ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင်မူ ၁၅၁၇ ရွာအထိ ရွာပေါင်း ၅၄၂ ရွာတိုးတက်ကာ မီးပေးနိုင်ခဲ့ပါသည်။ ထိုရွာများကို စိစစ်ကြည့်သည့်အခါ ဓာတ်အားစနစ်ဖြင့် ရွာပေါင်း ၈၇၀၊ ဒီဇယ်စက်ဖြင့် ၁၉၁ ရွာ၊ စပါးခွံဖြင့် ၇၃ ရွာ၊ အသေးစားရေအားလျှပ်စစ်ဖြင့် ရှစ်ရွာ၊ ဆိုလာစနစ်ဖြင့် ၃၇၅ ရွာတို့ လျှပ်စစ်မီးရရှိနေကြောင်း သိရှိရပါသည်။ သို့ဖြစ်ရာ မီးလင်းရန်ကျန်ရှိသည့် ရွာအရေအတွက်အနေဖြင့် ပဲခူးတိုင်းဒေသကြီးတစ်ခုလုံးတွင် ရွာပေါင်း ၄၉၉၅ ရွာ ကျန်ရှိပြီး ကျန်ရှိသည့်ကျေးရွာများ (၂/၃)နှစ်အတွင်း အမြန်မီးလင်းရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိသည်ကို ကြားသိရပါသည်။

အသေးစားရေအားလျှပ်စစ်တာဘိုင်စက်ရုံမှ ကျေးရွာများသို့ လျှပ်စစ်မီးသွယ်တန်းပို့လွှတ်ပုံကို ဝေဟင်မှ တွေ့ရစဉ်။

သာယာဝတီခရိုင် ဒေသတွင် တည်ဆောက်ပြီးစီးသည့်ဆည်အရေအတွက်အနေဖြင့် အကျိုးပြုဧကငါးသောင်းရှိသည့် သုံးဆယ်ဆည်နှင့် တောင်ညိုဆည်၊ အကျိုးပြုဧက ၁၂၀၀၀ ရှိသည့် သဲကောဆည်၊ အကျိုးပြုဧက ၂၅၀၀၀ ရှိသည့် ကံတင်ဘီးလင်းဆည်၊ အကျိုးပြုဧက ၁၅၀၀၀ ရှိသည့် စဥ့်ကူးချောင်းဂါးဆည်၊ အကျိုးပြုဧက ၁၅၀၀၀ ရှိသည့် မင်းလှဆည်နှင့် ဂမုန်းဆည်၊ အကျိုးပြုဧက နှစ်သောင်းရှိသည့် ဘော်ဘင်(၁)ဆည်၊ အကျိုးပြုဧက တစ်သောင်းရှိသည့် ဘော်ဘင်(၂)ဆည်တို့ဖြစ်ပြီး တည်ဆောက်ဆဲအနေဖြင့် ဧကတစ်ထောင်အကျိုးပြုနိုင်မည့် မုက္ခာဆည်တို့ဖြစ်ပါသည်။

နတ်တလင်းမြို့နယ်တွင် ကျေးရွာပေါင်း ၃၆၇ ရွာရှိသည့်အနက် တောင်ညိုရေလှောင်တမံအနီး၌ ကျေးရွာပေါင်း ၃၂ ရွာတည်ရှိပါသည်။ အဆိုပါ ၃၂ ရွာတွင် အိမ်ထောင်စုပေါင်း ၄၅၃၉ စုရှိရာ ကျေးလက်နေပြည်သူများ လျှပ်စစ်မီးရရှိရေးအတွက် အသေးစားရေအားလျှပ်စစ် စီမံကိန်းများ စတင်အကောင်အထည်ဖော်ပေးလျက်ရှိပါသည်။ **"အသေးစားရေအားလျှပ်စစ်စက်များ တပ်ဆင်တည်ဆောက်ခြင်းမှ အကြီးစားရေအားလျှပ်စစ်စီမံကိန်းကြီးများ တည်ဆောက်နိုင်သည်အထိ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေရမည်"**ဟူသည့် ရည်မှန်းချက်နှင့်အညီ ဆည်မြောင်းဦးစီးဌာနက စွမ်းဆောင်ပေးလျက်ရှိပါသည်။

တောင်ညိုရေလှောင်တမံရေပေးမြောင်းမကြီးတစ်လျှောက် ရေကျအဆောက်အအုံများကို လေ့လာခဲ့ရာ ရေကျအဆောက်အအုံ ရှစ်ခုအပေါ်တွင် အသေးစားရေအားလျှပ်စစ်တာဘိုင်များတပ်ဆင်၍ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ ပထမအဆင့်အနေဖြင့် ရေကျအဆောက်အအုံ နှစ်ခုတွင် ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်းက တာဘိုင်ဂျင်နရေတာများ တပ်ဆင်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် လယ်မအင်း၊ ကျောက်ခွက်နှင့် ကျောက်စွယ်ကျေးရွာများကို လျှပ်စစ်မီးပေးဝေနိုင်ပြီဖြစ်ပါသည်။ ရေအားလျှပ်စစ်မရရှိနိုင်သည့် ကျေးရွာများအတွက် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးပေးဝေနိုင်ရေးကိုလည်း စီစဉ်ခဲ့ရာ ယခုအခါ အိုးဘိုကုန်းကျေးရွာ၌ Solar Power Plant တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးနိုင်ပြီဖြစ်ပါသည်။

အလားတူ ဇီးကုန်းမြို့နယ်ကိုကြည့်လျှင်လည်း ကျေးရွာပေါင်း ၁၃၂ ရွာရှိသည့်အနက် ကျေးရွာ ၂၃ ရွာကိုသာ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်သေးသည့်အတွက် မီးလင်းရန် ကျန်ရှိသည့် ရွှေကြို့ပင်၊ လက်ပံပင်၊ နွားတဲကုန်းကျေးရွာများ အပါအဝင် ကျေးရွာ ၁၀၉ ရွာ မီးလင်းရေးအတွက် ဆက်လက်စီမံဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ကျေးရွာများ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ရာတွင် နိုင်ငံတော်အပိုင်း၊ ကိုယ့်အားကိုယ်ကိုးအပိုင်းနှင့် အလှူရှင်အပိုင်းဟူ၍ သုံးမျိုးတွေ့ရှိရပါသည်။ ကုန်ကျစရိတ်အနေဖြင့် ကျေးရွာလူဦးရေအပေါ် မူတည်ပြီး ကုန်ကျမှုရှိပြီး အိမ်ထောင်စု ၁၀၀ ရှိသည့် ကျေးရွာအတွက် ခန့်မှန်းကုန်ကျငွေမှာ ရေအားလျှပ်စစ်ဖြင့်ဆိုလျှင် ကျပ်သိန်း ၁၇၀ ခန့်နှင့် ဆိုလာစနစ်ဖြင့်ဆိုလျှင် ကျပ် ၅၃၄ သိန်းခန့်ရှိကြောင်း သိရှိရပါသည်။

နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံးရှိ ကျေးရွာပေါင်း ခြောက်သောင်းအတွက် တစ်ပြိုင်နက်တည်း ဆောင်ရွက်ပေးနိုင်ရန် အခက်အခဲရှိပါသည်။ လက်ရှိတွင် ကျေးရွာပေါင်းနှစ်သောင်းအတွက် မီးလင်းရေးဆောင်ရွက်ပေးပြီးဖြစ်ရာ ကျန်ရှိသည့်ကျေးရွာများအတွက် နှစ်အလိုက်သာ ဘတ်ဂျက်ခွဲဝေဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ကျေးရွာလူထု၏ ထည့်ဝင်စုဆောင်းငွေ၊ အလှူရှင်များ၏ထည့်ဝင်လှူဒါန်းငွေများဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မှသာလျှင် ကျေးရွာမီးလင်းရေးကဏ္ဍကို အလျင်အမြန်အကောင်အထည်ဖော်ပေးနိုင်မည်ဖြစ်ရာ အလင်းရောင်အလှူအတွက် ကုသိုလ်ပါဝင်နိုင်ကြပါရန် ဤနေရာမှ ဖိတ်ခေါ်နှိုးဆော်အပ်ပါသည်။

လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်စပ်လျက်ရှိပြီး အခြေခံအပိုင်းဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍအတွက် စိုက်ပျိုးရေရရှိရေးသည်လည်း အဓိကကျလှပါသည်။သို့ဖြစ်ရာ တောင်ညိုဆည်ရေသောက်စနစ် ခေတ်မီပြုပြင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၁၅ ခုနှစ်မှ စတင်ကာ စီမံကိန်းကာလ သုံးနှစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့မှုမက ပဲခူးအနောက်ခြမ်းဒေသ ဆည်ရေပေးဝေမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရှိပြီး JICA မှ ချေးငွေဖြင့် ရယူဆောင်ရွက်ရန် အစီအစဉ်များရှိကြောင်း သိရှိရပါသည်။ ၎င်းချေးငွေများရရှိပါက ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ မြောက်နဝင်း၊ တောင်နဝင်း၊ ဝဲကြီး၊ တောင်ညိုဆည်ရေသောက်စနစ်လေးခု၏ မြို့ပြနှင့်အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့မှသာ သတ်မှတ်ဆည်ရေသောက်ဧရိယာများအား ဆည်ရေပေးဝေမှုလွယ်ကူပြီး လုံလောက်လျှင်မြန်စွာ ရရှိစေမည့်အပြင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက်လည်း ပိုမိုအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

အချုပ်အားဖြင့် ဆိုရသော် တောင်ညိုရေလှောင်တမံ၏ ဆည်ရေသောက်စနစ်၏အကျိုးကျေးဇူးကြောင့် ပတ်ဝန်းကျင်ကျေးရွာများအတွက် အလင်းပေးဆောင်နိုင်ပြီး စိုက်ပျိုးရေးအတွက်သာမက ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားလာစေရေးကိုပါ အထောက်အကူပြုလျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးနှင့်အဖွဲ့အား အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

အင်ဒိုနီးရှား သမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးနှင့် အဖွဲ့အား ဖေဖော်ဝါရီ ၁၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဦးစီးချုပ် Gen. Dr. Moeldoko နှင့်ဇနီးတို့က အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ Borobudur Hotel Banda Room ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်၊ ဗိုလ်ချုပ်မြထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဦးစီးချုပ် Gen. Dr. Moeldoko နှင့် ဇနီး၊ အင်ဒိုနီးရှား တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

နေ့လယ်စာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း အင်ဒိုနီးရှား ရိုးရာယဉ်ကျေးမှုအဖွဲ့က တေးသီချင်းများ၊ ရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။

နေ့လယ်စာ စားပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဦးစီးချုပ် Gen. Dr. Moeldoko တို့သည် နှုတ်ခွန်းဆက်စကား အပြန်အလှန် ပြောကြားကြပြီး အမှတ်တရ လက်ဆောင်များ ပေးအပ်ကြကာ ဖျော်ဖြေရေးအဖွဲ့များအား လက်ဆောင်ပစ္စည်းများ ပေးအပ်၍ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ **(အောက်ဝဲပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘိုဂေါ (Bogor) မြို့ရှိ Peace Keeping Mission Center သို့ရောက်ရှိကြရာ ကျောင်းအုပ်ကြီး Brig. Gen A. M Putranto နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား Peace Keeping Mission Center ကျောင်းအုပ်ကြီးက ကျောင်းအစည်းအဝေးခန်းမတွင် သင်တန်းကျောင်းဖွင့်လှစ်ထားရှိမှုအခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Peace Keeping Mission Center အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ Trader ဟိုတယ်၌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့်မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် Sphare Conference တို့က စီစဉ်ဆောင်ရွက်သည့် ဒုတိယအကြိမ် "Myanmar Hospitality and Tourism Conference 2014" သို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးသည့်ကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုအခြေပြုခရီးသွားလုပ်ငန်း Community Based Tourism နှင့် စပ်လျဉ်း၍ "Policy on Community Involvement in Tourism" ကိုလည်းကောင်း၊ မြန်မာနိုင်ငံသည် ASEAN: GMS: ACNECS: BINTEC စသည့် အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အစိုးရနှင့် အစိုးရမဟုတ်သော ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြားပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာတွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေအသစ်အရ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ဆန္ဒရှိသူများအား ဖိတ်ခေါ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ မြန်မာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ Sphere Exhibits ဥက္ကဋ္ဌ Mr. Chua We Phong တို့က အခမ်းအနားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် Sphere Exhibits ဥက္ကဋ္ဌ Mr. Chua We Phong ကလည်း Hospitality & Tourism Conference 2014 ကို ကျင်းပခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Myanmar Tourism Federation ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့် Mr. Bill Barnell MD-C9-Hotel work: Thailand တို့က မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်သန်းဝင်းက မြန်မာ့ခရီးသွားလုပ်ငန်း မဟာစီမံကိန်း (Myanmar Tourism Master Plan) နှင့်စပ်လျဉ်း၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မာလာမျိုးညွန့်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် Kepel Land Myanmar ဥက္ကဋ္ဌ Mr. Goh York Lin: Dusit International Thailand မှ Chief Operating Officer David Shacklon တို့ ဦးဆောင်သောအဖွဲ့က ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲသင့်သည့် အချက်အလက်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအထောက်အထားများကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် Myanmar Tourism Federation အမှုဆောင်အရာရှိ Thomas ကျော်မင်းထင်က မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသအသစ်များကို ရှင်းလင်းတင်ပြပြီး အဆိုပါဒေသများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ခရီးသွားလုပ်ငန်းပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သတင်းဌာနတို့မှ သတင်းထောက်များနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ခရီးသည်များဝင်/ထွက် သွားလာမှုအဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ Hospitality and Tourism Conference 2014 ကို ရန်ကုန်မြို့ Trader Hotel ၌ ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းကုန်းရုပ်သံစက်ရုံမှ မူလလွှင့်အား 10 KW ဖြင့် ပြန်လည်ထုတ်လွှင့်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၈ - ကျောင်းကုန်းရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် ဖေဖော်ဝါရီ ၁၀ မှ ၂၄ ရက်အတွင်း Digital Antenna တပ်ဆင်မှုများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် လက်ရှိထုတ်လွှင့်နေသော MRTV အစီအစဉ်လွှင့်စက် 10KW ထုတ်လွှင့်မှုကို ခေတ္တရပ်နား၍ လွှင့်အား 500 W ရှိသော လွှင့်စက်ဖြင့် ယာယီထုတ်လွှင့်ပေးသွားမည်ကို အသိပေးတင်ပြထားခဲ့သည်။

ယခုအခါ Digital Antenna တပ်ဆင်မှုလုပ်ငန်းများ ပြီးစီးပြီဖြစ်သဖြင့် ယနေ့ညနေ ၆ နာရီ ထုတ်လွှင့်ချိန်မှစ၍ မူလလွှင့်အား 10 KW ဖြင့် ပြန်လည်ထုတ်လွှင့်ပေးလျက်ရှိကြောင်းနှင့် မူလအတိုင်း ပြန်လည်ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝေရောစနကျောက်စိမ်းစေတီတော် ကျောက်စိမ်းပြား ၇၀ ရာခိုင်နှုန်းကျော် ကပ်လှူပြီးစီး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရှာမြင်းမှူးကျေးရွာအနီး၌ တည်ထားလျက်ရှိသော ဝေရောစန ကျောက်စိမ်းစေတီတော်ကြီးအား ကျောက်စိမ်းပြားများ တပ်ဆင်ကပ်လှူနေမှု ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါစေတီတော်ကြီးတည်ဆောက်ရန်အတွက် နိုင်ငံတော်သမ္မတရုံးက တည်ဆောက်ရေးဦးစီးကော်မတီကို ၂၀၁၂ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းပေးခဲ့ပြီး သာသနာရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ကလည်း တည်ဆောက်ရေးလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများကို ဖွဲ့စည်းပေးခဲ့သည်။

ယင်းသို့ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး စနစ်တကျတည်ဆောက်ခဲ့သဖြင့် ယခုအခါ စေတီတော်ကြီးတည်ဆောက်မှုအားလုံးမှာ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး ကျောက်စိမ်းပြားများ ကပ်လှူခြင်းကိုလည်း တစ်ပါတည်း လုပ်ဆောင်နေခြင်းဖြစ်သည်။

စေတီတော်ကြီး တည်ဆောက်ရာတွင် မုခ်လေးမုခ်၊ လှေကားလေးဘက်၊ မကန်း၊ သရက်ကင်းများ၊ စိန်တောင်များနှင့် စေတီတော်ကြီးတစ်ဆူလုံးကို ကျောက်စိမ်းများကို သာသနာတော်ထုံးတမ်းစဉ်လာများနှင့်အညီ မြန်မာမှုအနုပညာများဖြင့် ပေါင်းစပ်တည်ဆောက်လျက်ရှိသည်။

တည်ဆောက်မှုစနစ်မှာ သံကူကွန်ကရစ်များ၊ Stainless Steel များဖြင့် စေတီတော်ကြီးကို အမာခံရယူပြီး ဌာပနာတော်နှင့် စေတီတော်အဆင့်တိုင်းတွင် အဆင့်ရှိကျောက်စိမ်းများအား မြန်မာမှုလက်ရာများဖြင့် ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်အောင် တည်ဆောက်ခြင်းဖြစ်သည်။

"စေတီတော်ကြီး ရေရှည်တည်တံ့ခိုင်ခံ့ဖို့အတွက် မြေအောက်ပေ ၆၀ အထိပိုင်ရိုက်ထားပါတယ်။ ဒါ့အပြင် ရှစ်ထပ်တိုက်တစ်လုံးစာ သံကူကွန်ကရစ်တွေ၊ Steel တွေနဲ့ သေသေချာချာ ကြံ့ခိုင်မှုရှိအောင် တည်ဆောက်ထားတာပါ။ နောက်ပြီး ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးထက် ကိုးပေအမြင့်မှာ တည်ဆောက်ထားတဲ့အတွက် ရေလွှမ်းမိုးမှာကိုလည်း စိုးရိမ်စရာမရှိပါဘူး" ဟု စေတီတော်တည်ဆောက်ရာတွင် ပါဝင်သည့် အင်ဂျင်နီယာတစ်ဦးက ပြောကြားသည်။

စေတီတော်ကြီးမှာ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၃၆၁)၏ အနောက်ဘက် ကိုက် ၂၀၀ ခန့်အကွာ စစ်ကိုင်း-မြစ်ငယ်ကားလမ်း၏ တောင်ဘက်တွင် တည်ရှိသည်။ ဘုရားဝတ္တကမြေမှာ ငါးဧကကျယ်ဝန်းသည်။ စေတီတော်၏ ဉာဏ်တော်မှာ ၆၈ ပေရှိပြီး ထီးတော်အမြင့် ခုနစ်ပေ၊ ခုနစ်လက်မခွဲ၊ ငှက်ပျောဖူးအမြင့်ရှစ်ပေခွဲ၊ ပန်းတည်ခုံ အလျား၊ အနံ ၅၂ ပေခွဲစီနှင့် အမြင့် ၁၂ ပေ၊ ရင်ပြင်တော်အကျယ်အလျား၊ အနံ ၁၃၃ ပေခွဲစီရှိမည်ဖြစ်သည်။

စေတီတော်တစ်ဆူလုံး၏ အဆင့်တိုင်းတွင် အေအဆင့် ကျောက်စိမ်းနှစ်ရာခိုင်နှုန်း၊ ဘီအဆင့် ၂၀ ရာခိုင်နှုန်း၊ စီအဆင့် ၃၀ ရာခိုင်နှုန်းနှင့် ဒီအဆင့် ၄၈ ရာခိုင်နှုန်းဖြင့် ထည့်သွင်းတည်ဆောက်လျက်ရှိပြီး ငှက်ပျောဖူးတော်ကြီးတွင်လည်း အဆင့်ရှိကျောက်စိမ်းပြားများ တပ်ဆင်ပူဇော်ထားသည်။ ထို့အပြင် စေတီတော်ကြီး၏ ဝမ်းစာတွင် ဒီအဆင့် အသားကျောက်တန် ၈၅၀ အား ဌာပနာသွင်းပူဇော်ထားပြီး စေတီတော်ကြီးတည်ဆောက်ရာတွင် ကျောက်အရိုင်းတုံးများ၊ အုတ်များ ထည့်သွင်းအသုံးပြုထားခြင်းမရှိကြောင်း မူလဘုရားဒါယကာ ဦးစိုးနိုင်က ပြောကြားသည်။ ကျောက်စိမ်းများကို အလှူရှင်က ဘုရားတည်ရန် ရည်ရွယ်၍ နှစ်ပေါင်းနှစ်ဆယ်ကျော် စုဆောင်းခဲ့သည့် ကျောက်စိမ်းမှော်ပေါင်း တစ်ရာကျော်မှထွက်ရှိသော ကျောက်စိမ်းများဖြစ်သည်ဟု ဆိုသည်။

ထို့အပြင် စေတီတော်မုခ်လေးခုတွင် ဉာဏ်တော်လေးပေခန့်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်လေးဆူကိုလည်း တည်ထားကိုးကွယ်မည်ဖြစ်ပြီး ၎င်းတို့အနက် နှစ်ဆူမှာ အလှူရှင်တစ်ဦးက လာရောက်လှူဒါန်းသည့် ယူရိုငွေတစ်သန်းခွဲတန်ကျောက်စိမ်းဖြင့် ထုလုပ်ပူဇော်ခြင်းဖြစ်သည်။ စေတီတော်ပတ်လည်တွင် ဉာဏ်တော်နှစ်လက်မပတ်လည်အရွယ်ရှိ ကျောက်စိမ်းဆင်းတုတော်နှစ်သောင်းနှင့် ဓမ္မစကြာဒေသနာတော် ရှစ်ဆူကိုလည်း ကပ်လှူပူဇော်လျက်ရှိသည်ကို တွေ့ရသည်။

စေတီတော်ကြီးအား ကျောက်စိမ်းပြားများကပ်လှူပူဇော်ရာတွင် အလှူရှင်ဦးစိုးနိုင်နှင့် မြန်မာမှုပညာရှင် ၁၅၀ တို့က နေ့ရောညပါ ကပ်လှူလျက်ရှိသည်။

"ကျောက်စိမ်းပြားတွေကပ်လှူတဲ့နေရာမှာ ကျောက်အရည်အသွေးရော၊ မြန်မာမှုရော၊ သာသနာတော်ဆိုင်ရာထုံးတမ်းစဉ်လာတွေနဲ့ရော စေတီတော်အင်္ဂါရပ်နဲ့ပါ ညီညွတ်အောင် ကပ်လှူရပါတယ်။ တော်ရုံလုပ်လို့ မရပါဘူး။ ဒါမှသာ စေတီတော်ကြီးမှာ ကျောက်စိမ်းအရွယ်အစား၊ အရည်အသွေး ညီညီညာညာ၊ ဘာသာရေးနဲ့ မြန်မာမှုဆိုင်ရာ လက်ရာတွေ သူ့နေရာနဲ့သူ တင့်တင့်တယ်တယ်နဲ့ သပ္ပာယ်စွာ ဖူးမြော်နိုင်မှာပါ"ဟု ဦးစိုးနိုင်က ပြောကြားသည်။

စေတီတော်ကြီးအနီးတွင် ဓမ္မာရုံကြီးကိုလည်း တည်ဆောက်လျက်ရှိရာ ယခုအခါ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ စေတီတော်ကြီးနှင့်ဓမ္မာရုံကြီးတို့အား လာမည့် ဇွန်လတွင် တည်ဆောက်ပြီးစီးမည်ဟု ခန့်မှန်းထားရာ မကြာမီကာလတွင် ကမ္ဘာ့ပထမဆုံး ကျောက်စိမ်းစေတီတော်မြတ်ကြီးအား ရဟန်းရှင်လူပြည်သူအများ ဖူးမြော်နိုင်ကြတော့မည်ဖြစ်ပါသည်။ **(အောင်သိယ်)**

မြို့သစ်၊ တောင်တွင်းကြီး၊ မင်းဘူးမြို့နယ်တို့မှ ဒေသခံပြည်သူများအား သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)ဌာနေကိုယ်စားလှယ် Ms. Janet E. Jackson နှင့် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မြို့သစ်မြို့ ဘုရားကြီးရပ်ကွက်၌လည်းကောင်း၊ တောင်တွင်းကြီးမြို့နယ် တလုတ်ပင်နှင့် ကြက်ဆူတောကျေးရွာတို့တွင်လည်းကောင်း ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာ သိကောင်းစရာများ၊ သန်းခေါင်စာရင်းမေးခွန်းပုံစံများနှင့် တစ်အိမ်တက်ဆင်းကောက်ယူမည့် အခြေအနေ၊ ဖြေဆိုမှုများအပေါ် သန်းခေါင်စာရင်းဥပဒေက အကာအကွယ်ပေးမှု၊ သန်းခေါင်စာရင်းမှ ရရှိနိုင်သည့် အကျိုးကျေးဇူးများ၊ ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းမေးခွန်းများကို သိရှိနားလည်ပြီး မှန်မှန်ကန်ကန်ဖြေကြားနိုင်ရေးအခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သန်းခေါင်စာရင်းအကြောင်း သိရှိနားလည်မှု အခြေအနေများကို ဒေသခံပြည်သူများအားမေးမြန်းရာ ပြန်လည်ဖြေဆိုနိုင်သူများအား သန်းခေါင်စာရင်း အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်းဘူးမြို့ရှိ ရှင်ပင်စက္ကုန်းတဲစေတီရင်ပြင်၌ ဘုရားဖူးလာပြည်သူများ၊ ကျောင်းသား ကျောင်းသူကလေးငယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး သိရှိနားလည်မှုအပေါ် ပြန်လည်မေးမြန်းဆွေးနွေးကာ ဖြေဆိုနိုင်သူများအား သန်းခေါင်စာရင်း အမှတ်တရလက်ဆောင်ပစ္စည်းများ၊ နံရံကပ်ပိုစတာများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရားမဝင်ကုန်သွယ်မှုကြောင့် တရားဝင်လုပ်ကိုင်နေသူများ မယှဉ်ပြိုင်နိုင် အရည်အသွေးမှန်ကန်ပြီး အန္တရာယ်ကင်းသည့် ကုန်စည်များ သုံးစွဲနိုင်ရေးလုပ်ဆောင်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ သတ္တမအကြိမ် ဗဟိုကော်မတီအစည်းအဝေးကို နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနစုပေါင်းခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့် တက်ရောက်၍ အမှာစကားပြောကြားရာတွင် ယခုနှစ်ဖေဖော်ဝါရီ ဒုတိယပတ်အထိ ဖမ်းဆီးရရှိအမှုတွဲ ၂၇၁၇ မှုနှင့် ခန့်မှန်းတန်ဖိုးကျပ် ၁၁ ဒသမ ၂၃၈ ဘီလီယံအထိ ဖမ်းဆီးတားဆီးနိုင်ခဲ့ကြောင်း၊ ကုန်သွယ်မှုပမာဏမှာလည်း ယနေ့ထိ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၅၇၁ ဘီလီယံအထိ ကုန်သွယ်နိုင်ခဲ့ပြီး အလားတူကာလထက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၇၅ ဘီလီယံ ပိုမိုခဲ့ကြောင်း၊ လက်ရှိအခြေအနေတွင်လည်း တရားမဝင်ကုန်သွယ်မှုများ ရှိနေပါသေးကြောင်း၊ တရားမဝင်ကုန်သွယ်မှုကြောင့် တရားဝင်လုပ်ကိုင်နေသူများ မယှဉ်ပြိုင်နိုင်ကြောင်း၊ ပို၍အရေးကြီးသည်မှာ ပြည်သူလူထုအတွက် လုံခြုံစိတ်ချရမှုနှင့် အရည်အသွေးမှန်ကန်ပြီး အန္တရာယ်ကင်းသည့် ကုန်စည်များသုံးစွဲနိုင်ရေးအတွက် ဝိုင်းဝန်းလုပ်ဆောင်ရမှာဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်စွက်နိုင်ရေးအတွက် ရသင့်သည့်အခွန်များရရှိအောင် ဆက်လက်လုပ်ဆောင်ရမှာဖြစ်ပါကြောင်း၊ ထို့အပြင် ပြည်တွင်း SMEs များ ရပ်တည်နိုင်ရေးနှင့် FDI များ ပိုမိုဝင်ရောက်လာရေးတို့အတွက်လည်း တရားမဝင်ဝင်ရောက်မှုကို ထိထိရောက်ရောက် တားဆီးရမည်ဖြစ်ပါကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး (ရန်ကုန်ဆိပ်ကမ်းနယ်မြေ)၊ ပင်လယ်ဝ (တော်ကလု)ကမ်းရိုးတန်း ဆိပ်ကမ်းခုနစ်ခု၊ ရန်ကုန်မြစ်အတွင်း စောင့်ကြည့်စစ်ဆေးရေးအဖွဲ့များတွင် တာဝန်ထမ်းဆောင်ခဲ့သော အရာထမ်း၊ အမှုထမ်းများအတွက် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ အခွန်စီစစ်ကြပ်မတ်ကောက်ခံရေးဘုတ်အဖွဲ့ဥက္ကဋ္ဌ သူရဦးသောင်းလွင်နှင့် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်	ရွှေဈေး	၆၈၃၄၀၀	-	၆၈၄၄၀၀
မန္တလေး	ရွှေဈေး	၆၈၃၄၀၀	-	၆၈၄၄၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၀၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၂၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၇. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၅၂. ၂
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၄. ၀၅
(ဃ)	တရုတ်	တစ်ယွမ်	= ၁၆၂. ၇၆
(င)	ထိုင်း	တစ်ဘတ်	= ၃၀. ၅၈၆
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၉. ၄၅
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၉၅၉
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၆၆. ၂၃
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၂. ၈၉၉
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၉၄. ၈၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ငါးသားဖောက်ခြင်းလုပ်ငန်း လက်တွေ့သရုပ်ပြ

တပ်ကုန်း ဖေဖော်ဝါရီ ၁၈

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာ ဦးမောင်သင်ပိုင် ငါးကန်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ရေဆင်းငါးလုပ်ငန်းစခန်း တာဝန်ခံဦးမြင့်ဦးနှင့်တပ်ကုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်သိန်းတို့သည် ဖေဖော်ဝါရီ ၁၅ ရက်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသငါးစားသုံးမှုဖူလုံစေရေးအတွက် ရွှေဝါငါးကြင်းငါးမျိုးများသားဖောက်နည်း၊ မွေးမြူပြုစုနည်းများကို စိတ်ပါဝင်စားသူ မွေးမြူရေးလုပ်ငန်းရှင်များနှင့်ဒေသခံရပ်မိရပ်ဖများအား အသိပေး၊ ပညာပေး ဟောပြောခြင်းနှင့် သရုပ်ပြငါးသားဖောက်ခြင်းလုပ်ငန်းများကို လက်တွေ့ပြသဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(မြို့နယ်ငါးလုပ်ငန်း)

❀ကျောဖုံးမှ

ထိုကဲ့သို့ ယာဉ်အစီးရေ များပြားလာသည်နှင့်အမျှ ယာဉ်မတော်တဆမှုများလည်း ပျမ်းမျှအားဖြင့် တစ်လလျှင်အကြိမ် ၂၀ ခန့် ဖြစ်ပွားလျက်ရှိသည်ကိုတွေ့ရှိရကြောင်းနှင့် ယာဉ်အစီးရေနှင့် ယာဉ်မတော်တဆမှုများအား ပျမ်းမျှအချိုးကျတွက်ပါက မော်တော်ယာဉ်အစီးရေ ၁၅၀၀၀ ခန့်တွင် တစ်ကြိမ်နှုန်းယာဉ်မတော် တဆမှုဖြစ်ပွားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်-မန္တလေး အမြန်လမ်း(ပြင်/ထိန်း)အထူးအဖွဲ့မှ သိရသည်။

ယာဉ်မတော်တဆမှု တိုးတက်လာသည့်ကိစ္စတွင် ယာဉ်စီးရေတိုးတက်မှုကြောင့်ဟု တွေ့ရှိရသော်လည်း ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုနှင့် ဒဏ်ရာရရှိသူအရေအတွက် လျော့ကျသွားသော အကြောင်းရင်းမှာ Guard Railများတပ်ဆင်ထားခြင်း၊ Concrete Barrier များ တပ်ဆင်ထားခြင်း၊ မောင်းနှင်ရာတွင် ညက်ညောမှုရှိစေရန် ကတ္တရာကွန်ကရစ်ခင်းခြင်းများကြောင့်ဟု သုံးသပ်တွေ့ရှိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ယခင်က ယာဉ်မတော်တဆဖြစ်ပွားပါက မောင်းလာသည့် ယာဉ်အရှိန်ကြောင့် မော်တော်ယာဉ်သည် အပတ်ရေများစွာ လိမ့်သွားသည်ကို တွေ့ရှိရသော်လည်း ယခုတပ်ဆင်ထားသော Guard Rail နှင့် Concrete Barrier များကြောင့်ယာဉ်သည် အရှိန်ရပ်သွားပြီးကားပျက်စီးမှုဖြစ်သော်လည်း သေဆုံးမှုကင်းသွားခြင်း၊ ဒဏ်ရာရရှိသည့် ပမာဏနည်းသွားခြင်းများကို ဆေးမှတ်တမ်းများအရ လေ့လာတွေ့ရှိခဲ့ရကြောင်းလည်း သိရသည်။ ထို့ကြောင့် Road Safety တွင် တစ်စိတ်တစ်ပိုင်းအပါအဝင်ဖြစ်သည့် Safety အထောက်အကူပြုပစ္စည်းများတပ်ဆင်ခြင်းဖြစ်သော Guard Rail နှင့် Concrete Barrier တပ်ဆင်ခြင်းလုပ်ငန်း၊ ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းစီမံချက်ထားကာ ဆောင်ရွက်လျက်ရှိနေကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ထုတ်ပြန်ထားကြောင်း သိရသည်။ **(စိုးဝင်း-MLA)**

ပညာရေးဆောင်းပါး

မြို့ပြနှင့် ကျောင်းပြင်ပ ပညာရေး

atmifumf(qifqf)

ကျောင်းပြင်ပ ပညာရေးဟူသည် ကျောင်းလုံးဝမနေခဲ့ရသည့် ကလေးများနှင့် မူလတန်းပညာရေး မပြီးဆုံးမီ ကျောင်းထွက်သွားကြရသည့် အသက် ၁၀ နှစ်မှ ၁၁ နှစ် အရွယ်ကလေးများကို ဒုတိယအကြိမ် ပညာရေးသင်ခွင့် အခွင့် အလမ်းပေးခြင်းဖြစ်သည်။

ဤလုပ်ငန်းကို ပညာရေးဝန်ကြီးဌာနနှင့် UNICEF တို့ ပူးပေါင်းအကောင်အထည်ဖော် လုပ်ဆောင်နေခြင်းဖြစ်ပါသည်။ ၂၀၀၈-၀၉ ပညာသင်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီးရှိ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များတွင် စတင်ခဲ့ပြီး ၂၀၀၉-၁၀ တွင် လှည်းကူးမြို့နယ်၌လည်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကျောင်းပြင်ပ ပညာရေးနှင့် ပတ်သက်၍ မိမိ၏အတွေ့အကြုံအရ ပြောရလျှင် မူလတန်းပညာရေးတွင် ကျောင်းလုံးဝမနေခဲ့ရသူများ၊ ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်သွားကြရသူများသည် ကျေးလက်ဒေသတောရွာများတွင် မရှိသလောက်ဖြစ်ပါသည်။ ကျေးလက်နေကလေးတိုင်း ကိုယ့်ရွာကျောင်းမှာ မူလတန်းပညာ ဆုံးခန်းတိုင်အောင် သင်ချင်ကြသည်။ လိုအပ်မှသာ မိဘနှင့်ဆရာများက ဝိုင်းဝန်း ပံ့ပိုးတတ်ကြသည်။ မူလတန်းကျောင်းမရှိသော ရွာများတွင်လည်း ကိုယ့်ရွာကိုယ့်ဇာတ် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ပညာရေးအတွက် လိုအပ်သည်များကို လုပ်ဆောင်တတ်ကြသည်။ လက်မနှေးတတ်ကြပါ။ စပါးပေးပြီး စာသင်သည့် ဆရာများ ငှားရမ်းကာ ကလေးများပညာရေးကို ဦးစားပေး သင်ပေးတတ်ကြသည်။ ရွာငယ်လေးများသည်ပင်လျှင် ကလေးများ ပညာသင်ယူရာတွင် ယာယီစာသင်ကျောင်းများ ဖြစ်သွားကြရသည်။ စပါးပေး ဆရာများဟူသည် တစ်နှစ်တာလုံးအတွက် သင်ကြားစရိတ်ကို စပါးဖြင့်တန်ဖိုးဖြတ်၍ ငှားရမ်းထားသော ဒေသခံပညာတတ်ကလေးများဖြစ်ကြသည်။ အိမ်တိုင်းက စပါးကို အချိုးကျတန်ဖိုးဖြတ်၍ ငှားရမ်းထားသော ဒေသခံပညာတတ်ကလေးများဖြစ်ကြပါသည်။ ထိုဆရာ၊ ဆရာမများ၏ နေထိုင်စားသောက်ရေး၊ သွားရေးလာရေးကအစ ရွာမှတာဝန်ယူပေးသည်။ အလှူတကာ့ အလှူတွင် တရားအလှူနှင့် ပညာအလှူသည် အမြတ်ဆုံးဟု သိထားကြသော ကျေးလက်နေပြည်သူများသည် ဒေသပညာရေးနှင့် ပတ်သက်၍ ကျေးလက်၏ စပါးခွဲတမ်းများသတ်မှတ်ကာ ကူညီထောက်ပံ့ကြသည်။ ပညာသင်ယူမည့် သားသမီးများ မရှိသော်လည်း စပါးခွဲတမ်းကို ပညာဒါနမို့ ထည့်လှူဖို့ လက်မနှေးတတ်ကြ။ ကျောင်းပြင်ပ ပညာရေး အမှန်တကယ်လိုအပ်နေသည်မှာ မြို့ပြ၏ အစွန်အဖျားမြို့နယ်များ၊ တစ်နည်း မြို့ပြ၏ ဆင်ခြေဖုံးမြို့နယ်များတွင်သာ ဖြစ်ပါသည်။ ၂၀၁၁-၁၂ တွင် ဆောင်ရွက်ခဲ့သည့် လှိုင်သာယာမြို့နယ်လို မြို့သစ်များတွင် ဤကလေးများ အများအပြားရှိတတ်သည်။ အလုပ်တစ်ဖက် ကျောင်းတစ်ဖက်နှင့် ပင်ပန်းနေကြစသည့် မူလတန်းကလေးများ၊ အပြီးအပိုင်ကျောင်းထွက်ကာ လုပ်ငန်းခွင်ဝင်သွားကြသည့် ကျောင်းသားကလေးများလည်း အများအပြားရှိတတ်သေးသည်။

တိုးချဲ့ကြည့်မြင်တိုင် ကျေးရွာအုပ်စုလေးခုတွင် လူဦးရေ လေးသောင်းကျော် နေထိုင်လျက်ရှိသည်။ ဒေသခံနည်းနည်းနှင့် ဒေသအနှံ့မှ အခြေချလာကြသူများ ပေါင်းစည်း ထားသော ပျံကျဆင်းရဲသားရပ်ကျေးများဖြစ်၍ အားလုံးနည်းပါး ရန်ကုန်ဘက်ကမ်းကို မှီခိုလုပ်ကိုင် စားသောက်ကြရသည်။ နံနက်ဝေလီဝေလင်းကတည်းက ရန်ကုန်ဘက်ကမ်းကို ကူးကာ အလုပ်လုပ်၊ မိုးချုပ်မှအိမ်ပြန်၊ တစ်နေကုန် ရုန်းကန်နေကြရသူများသည်။ စာသင်ပေးရင်း အလုပ်လုပ်ကြသူ တချို့ဆိုလျှင် ညဘက်တစ်နာရီကူး မိုးလင်းမှပြန်လာ စာသင်ပေးရ၊ ကလေးထိန်းပေးရနှင့် တချို့ နံနက်စာ အဆင်မပြေကြ၍ ကျောင်းကပင် စီစဉ်ပေးရသည်။

တချို့မိဘများ စားဝတ်နေရေး အကြောင်းပြကာ သူတို့ကလေးတွေကို ကျောင်းထုတ်သွားတတ်ကြသည်။ ပညာသင်စရိတ် အခက်အခဲကို ကျောင်းမှ တာဝန်ယူဖြေရှင်းပေးခဲ့ငြားလည်း မိသားစုစားဝတ်နေရေး ပြဿနာကိုကား ဖြေရှင်းမပေးနိုင်ခဲ့ပါ။ ဤသို့ဖြင့် ဤကလေးများသည် တစ်ညလုံးလည်ပတ်နေသော သီရိမင်္ဂလာဈေး၊ အုန်း၊ ငှက်ပျောတန်း၊ ကမ်းနားဈေး ငါးဒိုင်များတွင် ညမင်းသားကလေးတွေ ဖြစ်သွားကြရသည်။ ညတစ်နာရီ မြို့ဖက်ကမ်းကိုကူး၊ တစ်ညလုံးဈေးမှာလှုပ်ရှား၊ နံနက် ၈ နာရီဆို ပြန်လာ။ အနည်းဆုံး ကလေးတစ်ယောက်ဝင်ငွေ သုံးထောင်နှင့် လေးထောင်ကြားမှာရှိနေသည်။ တချို့ကလေးများ ကျောင်းတက်နေရင်းနှင့် မိသားစုနှင့်အတူ ညဘက်သွားလာလှုပ်ရှားနေကြရရှာသည်။ နံနက်ကျောင်းချိန်အမီ ပြန်ရောက်လာကြလည်း စာသင်ခန်းထဲမှာ စာသင်ရင်းအိပ်ပျော်နေတတ်ကြသည်။ တစ်ရံတစ်ခါ ဈေးရောင်းသည့်အခါ စည်ပင်၏ အရေးယူ ဖမ်းဆီးခြင်းခံရ၊ ကျောင်းသားဖြစ်ကြောင်း ထောက်ခံချက်ပေးရ၊ ပြန်လွတ်လာကြ၊ ပြန်လှုပ်ရှားကြနှင့် သူတို့လေးတွေ အိမ်နှင့်ကျောင်း၊ ကျောင်းနှင့် လုပ်ငန်းခွင်ကြားမှာ သံသရာလည် ဗျာများနေကြရသည်။

ပညာသင်နှစ်	နှစ်စကျောင်းဝင် ဦးရေ	နှစ်ဆုံးကျောင်းသား ဦးရေ	ကျောင်းထွက် ကလေးများ	မှတ်ချက်
၂၀၁၀-၁၁	၃၉၀၈	၃၈၄၃	၆၅	
၂၀၁၁-၁၂	၄၀၇၁	၃၉၄၀	၁၃၁	
၂၀၁၂-၁၃	၄၃၁၃	၄၂၅၀	၆၃	
စုစုပေါင်း	၁၂၂၉၂	၁၂၀၃၃	၂၅၉	

ကြည့်မြင်တိုင်အနောက်ဘက်ကမ်းမှ ထက်လယ်မှုကျောင်းများရှိ မူလတန်းကျောင်းသားကလေးများ၏ ကျောင်းဝင်၊ ကျောင်းထွက် သုံးနှစ်တာ အခြေပြဇယား

သတင်းတိုများ

တမီလ်လူမျိုးများ မဟာပိန္နဲရုပ်ပွားတော် ပူဇော်

မွန်ပြည်နယ်၊ သထုံမြို့နယ်အတွင်း နေထိုင်ကြသည့် အိန္ဒိယနွယ်ဖွား တမီလ်လူမျိုးများ၏ ရိုးရာကိုးကွယ်ယုံကြည်ရာဖြစ်သော စရိဂနေ့စ် မဟာပိန္နဲ ရုပ်ပွားတော်အား လိပ်အင်းရပ်ကွက်၊ ကန်တော်မင်္ဂလာ အနီးရှိကျောင်းတိုက်မှ ဖေဖော်ဝါရီ ၁၆ ရက်တွင် စတင်ပင့်ဆောင်ကာ လေးရက်တိုင်တိုင် မီးအိုး၊ ပန်းအိုးများဖြင့် မြို့အနှံ့လှည့်လည်ပူဇော်ခဲ့ကြောင်း သိရသည်။ ထိုသို့ နှစ်စဉ် အစဉ်အလာမပျက် သထုံမြို့အနှံ့ လှည့်လည်အပူဇော်ခံရာတွင် လှည့်လည်ရာလမ်းတစ်လျှောက် တမီလ်လူမျိုးများနှင့် ဒေသခံများတို့က အုန်း၊ ငှက်ပျောကန်တော့ပွဲများဖြင့် စည်ကားစွာ လှူဒါန်းခဲ့ကြသည်။ တမီလ်လူမျိုးများက ယခုကဲ့သို့ ပူဇော်ခြင်းသည် မိမိတို့၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြကြောင်း သိရသည်။

သက်ဦး(သထုံ)

ရှမ်းပြည်နယ်တွင် လူနာ ၆၉၃ ဦးအား အခမဲ့ကု

ရှမ်းပြည်နယ်အတွင်း မောက်မယ်မြို့ရှိ လူနာ ၆၉၃ ဦးအား ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းဦးကကြီးကြပ်ကာ လွိုင်လင်ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး အထွေထွေရောဂါကုသမားတော်ကြီး ဒေါက်တာအောင်ထွေးနှင့်အထူးကုဆရာဝန်ကြီးများက မောက်မယ်ပြည်သူ့ဆေးရုံ၌ ဖေဖော်ဝါရီ ၁၅ ရက်က အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးရန်ရည်ရွယ်ချက်ဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းဦးဆောင်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆောင်းနှင်းလတ် (ရှမ်းအညာမြေ)

လိုင်စင်မဲ့ဆိုင်ကယ်များ နေ့ချင်းပြီးဝန်ဆောင်မှုစနစ်ဖြင့် ယာဉ်မှတ်ပုံတင်ပြုလုပ်မှုစတင်

မန္တလေး ဖေဖော်ဝါရီ ၁၈

မန္တလေးတိုင်းဒေသကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက တရားမဝင်ရောက်ရှိနေသော လိုင်စင်မဲ့ဆိုင်ကယ်များအား နေ့ချင်းပြီး ဝန်ဆောင်မှုစနစ်ဖြင့် ယာဉ်မှတ်ပုံတင် စတင်ပြုလုပ်ပေးနေမှုကို သွားရောက်ကြည့်ရှုခဲ့သည်။

နေ့ချင်းပြီးစနစ်ဖြင့် ဆိုင်ကယ်များ ယာဉ်မှတ်ပုံတင်ပြုလုပ်ပေးခြင်းကို ပြည်ကြီးတံခွန်မြို့နယ်၊ စွယ်တော်မြတ်စေတီအနီး၊ ၆၈ လမ်း၊ တောင်ပိုင်းခရိုင် (က. ည. န) မန္တလေးရုံးတွင်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး သက်ဆိုင်ရာ ခရိုင်ရုံးများတွင် ပြုလုပ်ပေးလျက်ရှိသည်။

ဝန်ကြီးက "ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနကဦးဆောင်ပြီး ဆိုင်ကယ်တွေကို ယာဉ်မှတ်ပုံတင်ပြုလုပ်တဲ့အခါမှာ ကြန့်ကြာမှုမရှိအောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အကောက်ခွန်၊ ဘဏ်လုပ်ငန်း၊ အာမခံဌာနတွေလည်း ပူးပေါင်းပြီး ဝန်ဆောင်မှုပေးနေတာကို ကျေးဇူးတင်ပါတယ်။ နေ့ချင်းပြီးဝန်ဆောင်မှုစနစ်ဖြစ်တဲ့အတွက် စိတ်ရှည်သည်းခံပြီး လုပ်ဆောင်ပေးရမှာဖြစ်တယ်" ဟုပြောသည်။

လိုင်စင်ပြုလုပ်ပေးရာတွင် ပြင်ဦးလွင်မှ မန္တလေးသို့ မောင်းနှင်လာသော ဆိုင်ကယ်များဖြစ်ပါက စစ်ဆေးပြီး လိုင်စင်မဲ့တွေ့ရှိလျှင် ပြင်ဦးလွင်၌ ယာဉ်မှတ်ပုံတင် ပြုလုပ်ရမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၇ ရက်တွင် ဆိုင်ကယ်စီးရေ ၂၇၈ စီး ဆောင်ရွက်ပြီးစီးခဲ့သည်။

အောင်သန့်နိုင်

မွေးနေ့ဆုတောင်း

အချစ်ဆုံးသမီးလေး ပန်းမြင့်မြတ်ဖြိုး(Grade-11 မိသားစု ကိုယ်ပိုင်အထက်တန်းကျောင်း၊ မလှိုင်မြို့)၏ ၁၉-၂-၂၀၁၄ ရက် (၁၆)နှစ်ပြည့် မင်္ဂလာမွေးနေ့မှသည်-

"ပန်းလိုလန်းဆန်း
မြင့်မားဂုဏ်ဒြပ်
မြတ်သောအိန္ဒြေ
ဖြိုးဝေစေကြောင်း ဆုမွန်တောင်းလျက်---"

ဖေဖေ - ဗိုလ်ကြီး မြင့်သိန်း(ငြိမ်း) ဦးစီးအရာရှိ၊ အကျဉ်းဦးစီးဌာန
မေမေ - ဒေါ်ခိုင်မြတ်ဦး
ကိုကြီး - ရဲခိုင်ဖြိုး(1st Year physics)မိတ္ထီလာတက္ကသိုလ်

မီးသတိပြု



လူပျောက်ကြော်ငြာ



သမီး စိုးမြတ်သင်း အိမ်အမြန်ပြန်လာပါ။ မိဘများ စိတ်ပူနေပါသည်။ ဖြစ်သမျှကိစ္စ အားလုံးခွင့်လွှတ်ပါသည်။ (လက်ခံထားသူများအား တရားဥပဒေအရ အရေးယူမည်။) ဖုန်း- ၀၉-၄၂၅၃၂၆၀၀၆

"ဓမ္မမျက်လှည့်ပြပွဲ"မှတ်တမ်းအား
တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းမှတစ်ဆင့်
၂၀-၂-၂၀၁၄ရက် (ကြာသပတေးနေ့)တွင်
နံနက် ၈း၃၀ နာရီ၌ တစ်ကြိမ်၊
ညနေ ၅း၀၀ နာရီ၌ တစ်ကြိမ်
ထုတ်လွှင့်ပြသမည်ဖြစ်ပါသဖြင့် ဓမ္မမိတ်ဆွေများအားလုံး
ကြည့်ရှုအားပေးနိုင်ကြောင်း အသိပေးအပ်ပါသည်။
(တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း **(NRC)** ကို **5-Movies Digital Channel** နှင့် **4HD** မှတစ်ဆင့် ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။)

အော်စကာဆုပေးပွဲတွင် အစီအစဉ်မှူးများအဖြစ် တင်ဆက်မည့် ပူပူနွေးနွေးအော်စကာဆုရှင်များ

မကြာမီ ကျင်းပမည့် ဟောလိဝုဒ်၏ အကောင်းဆုံးဇာတ်ကားများကို ရွေးချယ်ချီးမြှင့်မည့် ၂၀၁၄ ခုနှစ်၏ အော်စကာဆုပေးပွဲအခမ်းအနားတွင် နာမည်ကျော် ဟောလိဝုဒ်၏ အော်စကာဆုရှင်များဖြစ်ကြသည့် မင်းသမီး ဂျနီဖာလောရင့်စ်နှင့် မင်းသား ဒယ်နီယယ်ဒေးလူးဝစ်စ်တို့က အခမ်းအနား အစီအစဉ် တင်ဆက်သူများအဖြစ် တာဝန်ယူဆောင်ရွက်ပေးသွားကြမည် ဖြစ်ကြောင်းသိရသည်။

မတ်လ ၂ ရက်တွင် ကျင်းပမည့် (၈၆)ကြိမ်မြောက် အကယ်ဒမီဆုပေးပွဲ အခမ်းအနား၏ အစီစဉ်မှူးအဖြစ် ရုပ်သံအစီအစဉ်မှူး *Ellen DeGeneres* က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

မင်းသား ဒယ်နီယယ်သည် *Lincoln* ဇာတ်ကားဖြင့် ၎င်း၏တတိယ မြောက်အော်စကာဆုကို ရရှိခဲ့ပြီး မင်းသမီး ဂျနီဖာလောရင့်စ်က ယမန်နှစ်က *Silver Linings Playbook* ဇာတ်ကားဖြင့် အော်စကာဆုရရှိဆွတ်ခူးခဲ့ကြ သူများဖြစ်ကြသည်။

ဗြိတိန်တစ်ကိုယ်တော်တေးသီချင်းစာရင်းတွင် ဒုတိယအကြိမ် ထိပ်ဆုံးမှရပ်တည်ခဲ့သည့် တေးသံရှင် ကေတီဘီ

ဖေဖော်ဝါရီ ၇ ရက်က ထွက်ရှိခဲ့သည့် တေးသံရှင် ကေတီဘီ၏ Little Red အမည်ရှိတေးအယ်လ်ဘမ် သည် ဗြိတိန်တစ်ကိုယ်တော်တေးသီချင်းစာရင်းတွင် ထိပ်ဆုံးမှ ဒုတိယအကြိမ် ထပ်မံရပ်တည်နိုင်ခဲ့ပြီဖြစ်သည်။

အသက်(၂၄)နှစ်အရွယ် တေးသံရှင် ကေတီ၏ အဆိုပါအယ်လ်ဘမ်တွင် နာမည်ကျော် ဂီတပညာရှင်များ ပူးပေါင်းပါဝင်ထားကြပြီး ယင်းအယ်လ်ဘမ်အတွက် ဂီတဖျော်ဖြေပွဲခရီးစဉ် ငါးခုစီစဉ်ထားသော်လည်း ယခုအခါ ထပ်မံတိုးချဲ့၍ ဂီတဖျော်ဖြေပွဲ ခြောက်ခုအထိ ပြုလုပ်သွားရန်စီစဉ်ထားကြောင်း သိရသည်။

ကေတီဘီသည် ၂၀၁၁ ခုနှစ်က မာကျူရီဆုအတွက် ဆန်ခါတင်ရွေးချယ်ခံထားရပြီး ၂၀၁၁ ခုနှစ်က ထွက်ရှိခဲ့သည့်၎င်း၏ On a Mission အယ်လ်ဘမ်သည်လည်း ဗြိတိန်ဂီတလောကတွင် ထိပ်ဆုံးမှရပ်တည်ခဲ့ပြီး ယခုအကြိမ် သည် တေးသံရှင် ကေတီဘီအတွက် ဒုတိယအကြိမ် ကံကောင်းခြင်းဖြစ်ကြောင်း သိရသည်။



ဗြိတိန်အကယ်ဒမီ ဆုပေးပွဲကို ဆုအများဆုံးဖြင့် ဦးဆောင်နိုင်ခဲ့သည့် Gravity ဇာတ်ကား

ဗြိတိန်နိုင်ငံ၏ အထင်ကရရုပ်ရှင်အကယ်ဒမီဆုတစ်ခုဖြစ်သည့် (၆၇)ကြိမ်မြောက် ဗြိတိန် အကယ်ဒမီ ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက်က လန်ဒန်ရှိ Royal Opera House ၌ ကျင်းပခဲ့ရာ ဆုအများဆုံးဇာတ်ကားအဖြစ် Gravity ဇာတ်ကားက အကောင်းဆုံးဒါရိုက်တာဆုနှင့် ဗြိတိန်၏အထင်ရှားဆုံးရုပ်ရှင်ဆု အပါအဝင် ဆုခြောက်ဆုရရှိဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အော်စကာဆုအတွက် ဆန်ခါတင် ၁၀ ဆုရွေးချယ်ခံထားရသည့် Gravity ဇာတ်ကားမှ ဒါရိုက်တာ Alfonso Cuarón က အကောင်းဆုံး ဒါရိုက်တာဆုနှင့် မင်းသားဘရတ်ဒ်ပစ်ပါဝင်သရုပ်ဆောင်ထားသည့် 12 Years a Slave ဇာတ်ကားက အကောင်းဆုံး ဇာတ်ကားဆုတို့ကို ရရှိဆွတ်ခူးခဲ့သည်။

ဆက်လက်ပြီး ယင်းဆုပေးပွဲတွင် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို Gravity ဇာတ်ကားမှ မင်းသား Chiwetel Ejiofor က လည်းကောင်း၊ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို Blue Jasmine ဇာတ်ကားမှ Cate Blanchett ကလည်းကောင်း၊ အမျိုးသားဇာတ်ပို့ဆုကို Captain Phillips ဇာတ်ကားမှ Barkhad Abdi က လည်းကောင်း၊ အမျိုးသမီးဇာတ်ပို့ဆုကို American Hustle ဇာတ်ကားဖြင့် အော်စကာဆုရှင် ဂျနီဖာလောရင့်စ်က လည်းကောင်း အသီးသီး ရရှိခဲ့ကြသည်။

ထို့အပြင် အကယ်ဒမီဆုရှင် ဟယ်လန်မိုင်ရမ်က အဲလိဇဘက်ဘုရင်မ-၂ အဖြစ် ပီပြင်စွာသရုပ်ဆောင်နိုင်ခဲ့မှုအတွက် ယင်းဆုပေးပွဲ၏ အမြင့်ဆုံးဂုဏ်ပြုဆုကို ဂုဏ်ပြုခြင်းခံခဲ့ရသည်။

မျိုးစန္ဒာမောင် စုစည်းသည်

မတ်လတွင် လက်ထပ်ပွဲကျင်းပမည့် တောင်ကိုရီးယားကြယ်ပွင့် လီတေးယန်

တောင်ကိုရီးယား ဝါရင့်မင်းသမီး လီတေးယန်က အသက်(၃၉)နှစ်အရွယ် စီးပွားရေးသမားတစ်ဦးနှင့် လာမည့် မတ်လ အတွင်း လက်ထပ်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာခဲ့သည်။

မင်းသမီး လီတေးယန်သည် အချိန်တိုအတွင်းမှာပင် ဖူးစာရှင်နှင့် ဆုံတွေ့ခဲ့ခြင်းဖြစ်ပြီး ယင်းအချိန်တိုအတွင်းမှာပင် နှစ်ဦးလုံး၏ သဘောထားအမြင်များကို ဖလှယ်ခဲ့ပြီးဖြစ်ကြောင်းနှင့် မင်္ဂလာပွဲကို မိသားစုဝင်များနှင့် မိတ်ဆွေအနည်းငယ်ဖြင့် ဆိုးလ်မြို့၌ အကျဉ်းချုံးကျင်းပမည်ဖြစ်ကြောင်း မင်းသမီး၏ အေဂျင်စီမှ ထုတ်ပြန်ချက်အရ သိရသည်။

မင်းသမီး လီတေးယန်သည် *The Wang Family* ဇာတ်ကားတွင် နောက်ဆုံးပါဝင်သရုပ်ဆောင်ခဲ့ပြီး လက်ထပ်ပွဲကျင်းပခါနီးတွင် ရိုက်ကူးရေးများ ရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသည် ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပချိန်တွင် မဲရုံများ၌ တာဝန်ထမ်းဆောင်သည့် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ ဝတ်ဆင်အသုံးပြုရန် အတွက် အပေါ်ဝတ် ဝတ်စုံ(လက်ပြတ်)များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့် ပုံစံများအား တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)တွင် ၂၀-၂-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာကုမ္ပဏီ/ အဖွဲ့အစည်းကိုယ်တိုင်(သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါ စည်းကမ်းများအား ဝယ်ယူခွင့်ရှိသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပါသည်။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံသည် မူရင်းဈေးပြိုင် အဆိုပြုလွှာ တင်သွင်းသည့်ပုံစံဖြစ်ရပါမည်။

၅။ ဈေးပြိုင်အဆိုပြုလွှာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)ရှိ တင်ဒါ စိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌထံ လိပ်မူ၍ ၂၈-၂-၂၀၁၄ ရက် ညနေ ၁၆း၃၀နာရီ နောက်ဆုံးထားပြီး လာရောက်ပေးသွင်းရန်နှင့် သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၆၇-၄၀၄၂၃၂၊ ၀၆၇-၄၀၄၂၃၄ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



မန်စီးတီးအသင်းမှာ မန်ယူထက်ကောင်းသော အသင်းဖြစ်ကြောင်း နည်းပြပယ်လီဂရီနီ ဖွင့်ဟပြောကြား

မန်စီးတီးအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် မန်ချက်စတာမြို့ခံ နှစ်သင်းထဲတွင် အကောင်းဆုံး အသင်းဖြစ်ကြောင်း မန်စီးတီးအသင်း နည်းပြ ပယ်လီဂရီနီက ဖွင့်ဟပြောကြားခဲ့သည်။

လက်ရှိတွင် မြို့ခံပြိုင်ဘက် မန်ယူအသင်း၏ အနေအထားကို သိရှိထားသည့်အပြင် မန်စီးတီးအသင်းအနေဖြင့်လည်း ပြိုင်ဘက်အသင်းတိုင်းကို အကောင်းဆုံးယှဉ်ပြိုင်နိုင်စွမ်းရှိကြောင်းလည်း ပယ်လီဂရီနီက ဆိုသည်။

မန်စီးတီးအသင်းသည် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ချယ်လ်ဆီးအသင်း၏အောက် သုံးမှတ်အကွာဖြင့် အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည့်အပြင် ချန်ပီယံလိဂ် (၁၆)သင်းအဆင့် ပြိုင်ပွဲတွင်လည်း ချန်ပီယံလိဂ်မျှော်လင့်ချက် ရောင်ခြည်သည်လည်း ဆက်လက်ရှင်သန်နေဆဲပင်ဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီး၏ အနေအထားကို ပြန်ကြည့်မည်ဆိုပါက ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီး အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ ထို့ကြောင့် မန်စီးတီးအသင်း၏ ယခုနှစ်ဘောလုံးရာသီ ဖလားရရှိရေး မျှော်လင့်ချက်သည် အကောင်းမွန်ဆုံးအနေအထားတွင် ရှိနေခြင်းသည် နည်းပြ ပယ်လီဂရီနီ၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးမည့် အခြေအနေတွင် ရှိနေသည်။ ထို့ကြောင့် မန်ယူအသင်းသည် ပရီမီယာလိဂ်ဖလားအလုံး ၂၀ အထိ ရရှိထားသောအသင်းဖြစ်သော်လည်း ယခုနှစ် ဘောလုံးရာသီတွင်မူ မန်စီးတီးအသင်းသည် မန်ယူအသင်းထက် ကောင်းမွန်သော အသင်းတစ်သင်း ဖြစ်ကြောင်း နည်းပြပယ်လီဂရီနီက ဖွင့်ဟပြောကြားခဲ့ခြင်းဖြစ်သည်။

ဘောလုံးလောကသတင်းတိုများ

- အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းသည် နယူးကာဆယ်အသင်းမှ အသက် (၂၆)နှစ်အရွယ်ရှိပြင်သစ်ကြယ်ပွင့်ဘန်အာဖာအားခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိပြီး ဘန်အာဖာသည် ပြင်သစ်အသင်းအတွက် (၁၃)ပွဲကစားပေးထားကာ နှစ်ဂိုးသွင်းယူထားနိုင်ခဲ့သူဖြစ်သည်။
- ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုသည် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ အသက် (၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ခီဒီယာအား နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိနေဆဲဖြစ်ကြောင်း သိရသည်။
- မန်စီးတီးအသင်းသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းက မခေါ်ယူနိုင်ခဲ့သော စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ ကွင်းလယ်ကစားသမား အစ္စကိုအား နွေရာသီအပြောင်းအရွှေ့ ခေါ်ယူရန် ကြိုးပမ်းဦးမည်ဖြစ်ကြောင်း သိရသည်။
- ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် ဂျာမန်ဘွန်ဒက်လီဂါကလပ် ရှော်လ်ကေးအသင်းမှ ကွင်းလယ်ကစားသမား ဂျူလီယန်ဒရက်ဇ်လာအား မခေါ်ယူနိုင်ခဲ့ခြင်းမှာ အသင်း၏တောင်းဆိုထားသော ပြောင်းရွှေ့ကြေးကို မပေးနိုင်ခဲ့၍ဖြစ်ကြောင်း ရှော်လ်ကေးအသင်း အားကစားဒါရိုက်တာ ဟော့ဟဲလ်ဒ်က ပြောကြားခဲ့သည်။
- နွေရာသီအပြောင်းအရွှေ့ကာလတွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် မန်စီးတီးအသင်းမှ အသက် (၃၀)နှစ်အရွယ်ရှိ ဗဟိုခံစစ်မျူးလက်စ်ကော့သည် အသင်းမှထွက်ခွာခွင့်ရရန် တောင်းဆိုထားကြောင်း သိရသည်။
- မန်ယူအသင်းနည်းပြ ဒေးဗစ်မိုယက်သည် ဘာစီလိုနာကွင်းလယ်ကစားသမား အဲလက်စ်ဆောင်းနှင့် တိုက်စစ်မှူးခရစ္စတီယန်တယ်လိုတို့အား အိုးထရက်ဖို့ဒ်သို့ ခေါ်ယူရန် ကြိုးစားလိမ့်မည်ဖြစ်ကြောင်း သိရသည်။
- အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် အသက် (၂၇) နှစ်အရွယ်ရှိ ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး မာရီယိုမန်ဇူကစ်အား ခေါ်ယူရန် ဂျာမန်ဘွန်ဒက်လီဂါကလပ် အော့စ်ဘက်အသင်းနှင့် အပြိုင်ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အာဆင်နယ်အသင်းအား အကောင်းဆုံးယှဉ်ပြိုင်နိုင်ရန် ဘိုင်ယန်ပြင်ဆင်ထား ယမန်နှစ်ရှုံးကြွေးကို အာဆင်နယ်ဆပ်နိုင်ရန် လွယ်ကူဖွယ်မရှိ

နိုင်လင်းကြည်

လက်ရှိချန်ပီယံလိဂ်ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းသည် ဖေဖော်ဝါရီ ၁၉ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်(၁၆) သင်းအဆင့် ပြိုင်ပွဲတွင် ပြိုင်ဘက်ဖြစ်သော ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းအား အကောင်းဆုံးယှဉ်ပြိုင်နိုင်ရန်ပြင်ဆင်ထားကြောင်း ဘိုင်ယန်မြူးနစ်အသင်းမှ ကွင်းလယ်ကစားသမား သောမက်မူလာက ဖွင့်ဟပြောကြားခဲ့သည်။

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် လက်ရှိဘွန်ဒက်လီဂါပြိုင်ပွဲတစ်လျှောက် ပွဲစဉ်(၂၁)အပြီးတွင် ရမှတ် ၅၉ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေသည့်အသင်းဖြစ်သည့်အပြင် ချန်ပီယံလိဂ်သမိုင်းတစ်လျှောက် ပြန်လည်ဆန်းစစ်မည်ဆိုပါကလည်း ၁၆ သင်းအဆင့်ပထမအကျော့ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာတွင် ၃၄ ပွဲ၌ တစ်ပွဲသာရှုံးပွဲရှိခဲ့သည့်အသင်းလည်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ပြီးခဲ့သည့်ရာသီက တစ်နှစ်တည်းတွင် ဘွန်ဒက်လီဂါ၊ ဂျာမန်ပိုကယ်နှင့် ချန်ပီယံလိဂ်ဖလားတို့ကို ရယူဆွတ်ခူးနိုင်ခဲ့ပြီး ယခုနှစ်ဘွန်ဒက်လီဂါတွင်လည်း (၁၉)ပွဲနိုင် နှစ်ပွဲသရေဖြင့် ရှုံးပွဲမရှိစံချိန်ရရှိထားသည်။ ယခုချန်ပီယံလိဂ် (၁၆)သင်းအဆင့် ပြိုင်ပွဲ၏ပထမအကျော့အဖြစ် ယှဉ်ပြိုင်ကစားမည့် အာဆင်နယ်အသင်းနှင့် ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလက ထိပ်တိုက်တွေ့ဆုံခဲ့ရာတွင်လည်း အာဆင်နယ်အသင်း၏ အိမ်ကွင်းအမ်းမရိတ်တွင် တွေ့ဆုံခဲ့သည့် ပထမအကျော့တွင် ဘိုင်ယန်မြူးနစ်က သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး ဘိုင်ယန်မြူးနစ်အိမ်ကွင်းတွင် နှစ်ဂိုးပြတ်ဖြင့်ရှုံးနိမ့်ခဲ့သည်။ သို့ရာတွင် နှစ်ကျော့ပေါင်းရလဒ်ဖြင့် နိုင်ပွဲရရှိခဲ့ပြီး ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲတွင် ပြည်တွင်းပြိုင်ဘက် ဒေါ့မွန်အသင်းနှင့် ယှဉ်ပြိုင်ကစားကာ ချန်ပီယံလိဂ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့သည်။

ထိုကဲ့သို့သော စွမ်းဆောင်မှုများရှိခဲ့ခြင်းကြောင့် နည်းပြဂျက်ဟေးနက်သည် ၂၀၁၃ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးနည်းပြဆုကိုရရှိခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း နည်းပြဂွါဒီယိုလာသည် ဘိုင်ယန်မြူးနစ်အသင်းကို အကောင်းဆုံးကိုင်တွယ်ခဲ့ခြင်းကြောင့် အောင်မြင်မှုများရရှိလျက်ရှိသည်။ ထို့ကြောင့် ဘိုင်ယန်ကွင်းလယ်ကစားသမား သောမက်မူလာက အာဆင်နယ်ကိုယှဉ်ပြိုင်နိုင်ရန် အကောင်းဆုံးအနေအထားတွင် ရှိနေကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် အာဆင်နယ်နောက်တန်းကစားသမား မာတီဆက်ကာကလည်း ချန်ပီယံလိဂ် (၁၆) သင်း အဆင့်ပြိုင်ဘက်ဖြစ်သော ဘိုင်ယန်မြူးနစ်အသင်းကို ယှဉ်ပြိုင်နိုင်ရန်အတွက် ခက်ခဲသော အနေအထားတွင်ရှိနေကြောင်း ပြောကြားထားခဲ့သည်။ သို့ရာတွင် နှစ်သင်းစလုံးမှ ကစားသမားများ အနေဖြင့် ယမန်နှစ်ရလဒ်နှင့် လက်ရှိအနေအထားကိုနှိုင်းယှဉ်ကာ ဝေဖန်ပြောဆိုမှုများရှိနေသော်လည်း ဖေဖော်ဝါရီ ၁၉ ရက် ညအတွက် ဘောလုံးချစ်ပရိသတ်ကို စိတ်ဝင်စားဖွယ်ရသများပေးစွမ်းမည့် ပွဲစဉ်တစ်ပွဲဖြစ်၍ ဘိုင်ယန်မြူးနစ်အသင်းနှင့် အာဆင်နယ်အသင်းတို့၏ ချန်ပီယံလိဂ် (၁၆)သင်း အဆင့်ပွဲစဉ် ပထမအကျော့ရလဒ် မည်သို့ဖြစ်လာမလဲဆိုတာ စိတ်ဝင်စားဖွယ်စောင့်မျှော်ကြည့်ရှုကြရဦးမည်ဖြစ်သည်။ ■

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
CTP (Computer to Plate) Machine
ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်လျက်ရှိသည့် *CTP (Computer to Plate) Machine* စက်ကို နိုင်ငံခြားငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) *CTP (Computer to Plate) Machine-3 Set*

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၂-၂၀၁၄ ရက်မှ ၁၈-၃-၂၀၁၄ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၃-၂၀၁၄ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစား မည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ပြန်ကြားရေးဝန်ကြီးဌာန	ထုခွဲရောင်းချရေးကော်မတီ
ရုံးအမှတ်(၇)၊ နေပြည်တော်	ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈	ရုံးအမှတ်(၇)၊ နေပြည်တော်၊
	ဖုန်း-၀၆၇-၄၁၂၃၂၇

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
လုပ်ငန်းသုံးသတင်းစာစက္ကူဝယ်ယူရန်
တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်လျက် ရှိသည့်လုပ်ငန်းသုံးသတင်းစာစက္ကူများကို နိုင်ငံခြားငွေဖြင့် အောက်ပါအတိုင်းဝယ်ယူလိုပါသည်-

(က) *Newsprint Paper (48.8 Gsm) (30") High Bright* -6300တန်

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၂-၂၀၁၄ရက်မှ ၁၈-၃-၂၀၁၄ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၃-၂၀၁၄ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေး ဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်း ရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ပြန်ကြားရေးဝန်ကြီးဌာန	ထုခွဲရောင်းချရေးကော်မတီ
ရုံးအမှတ်(၇)၊ နေပြည်တော်	ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈	ရုံးအမှတ်(၇)၊ နေပြည်တော်၊
	ဖုန်း-၀၆၇-၄၁၂၃၂၇

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
မင်နှင့်ပုံနှိပ်ရေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ မင်နှင့် ပုံနှိပ်ရေးပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်-

(က)	*Web Offset Ink (Black)*	*- 74000 Kgs*
(ခ)	*Web Offset Ink (Cyan)*	*- 21000 Kgs*
(ဂ)	*Web Offset Ink (Maganta)*	*- 13000 Kgs*
(ဃ)	*Web Offset Ink (Yellow)*	*- 15000 Kgs*
(င)	*Sheet Fed Ink Black*	*- 5100 Kgs*
(စ)	*CTP Plate 889 x 609 x 0.3mm (Fuji)*	*- 38400 Shts*
(ဆ)	*CTP Plate 889 x 609 x 0.3 mm(Kodak)*	*- 53400 Shts*
(ဇ)	*Developer (Fuji)*	*- 8900 Liters*
(ဈ)	*Developer (Kodak)*	*- 6400 Liters*
(ည)	*Replenisher (Fuji)*	*- 4000 Liters*
(ဋ)	*A3 Toner 5000N 29x*	*- 20 Boxs*
(ဌ)	*Gum Arabic*	*- 2000 Liters*
(ဍ)	*Wipe on Aluminium Plate (745x635x0.24)mm*	*- 1000 Shts*
(ဎ)	*Wipe on Aluminium Plate (650x550x0.24) mm*	*- 12200 Shts*
(ဏ)	*Wipe on Aluminium Plate (825x710x0.24) mm*	*- 200 Shts*
(တ)	*Ortho Flim (22"x32")*	*- 160 Boxs*
(ထ)	*Film Developer*	*- 100 Boxs*
(ဒ)	*Film Fixer*	*- 100 Boxs*
(ဓ)	*Rubber Blank for Orient Xcel*	*- 80 Shts*
(န)	*Stencil Paper (48 sheets/box)*	*- 150 Boxs*
(ပ)	*Duplicating Ink Tube*	*- 120 Boxs*
(ဖ)	*Coating A+B*	*- 1000 Nos*
(ဗ)	*Developing Lacquer*	*- 800 Liters*

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၂-၂၀၁၄ ရက်မှ ၁၈-၃-၂၀၁၄ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက် ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၃-၂၀၁၄ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေး ဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက် ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း -၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	ပြည်တွင်း/ပြည်ပပစ္စည်းများ
ပြန်ကြားရေးဝန်ကြီးဌာန	ဝယ်ယူရေးနှင့်
ရုံးအမှတ်(၇)၊ နေပြည်တော်	ထုခွဲရောင်းချရေးကော်မတီ
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈၊	ပြန်ကြားရေးဝန်ကြီးဌာန
	ရုံးအမှတ်(၇)၊ နေပြည်တော်
	ဖုန်း-၀၆၇-၄၁၂၃၂၇

မော်တော်ယာဉ်နှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ

နေပြည်တော်၊ ဖေဖော်ဝါရီ ၁၈

ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၃၉/၃)အနီး ဘောနတ်ကြီးမှ ဘုရားကြီးသို့သွားသော အမြန်လမ်းမတံတားကြီးအောက် ကားလမ်း၌ ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၃ နာရီအချိန်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဘောနတ်ကြီး အမြန်လမ်းရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ ထို့သို့စစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်(၁)ရပ်ကွက်နေ စောဘိုအေး(၂၈) နှစ် မောင်းနှင်လာသော ၁ခ/×××× ကာရီနား အဖြူရောင်ယာဉ်သည် အမြန်လမ်းမှ ဘုရားကြီးရွာသို့ မောင်းနှင်လာစဉ် ဘုရားကြီးရွာမှ ဘောနတ်ကြီးရွာသို့ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ကလျာဏီရပ်ကွက်နေ သက်နိုင်(၃၉) နှစ် မောင်းနှင်လာသော ၃၅ ယ/×××× ဟွန်ဒါဝေ့ဗ် ၁၁၀ အနီရောင်ဆိုင်ကယ်နှင့် လမ်းကွေ့၌ မျက်နှာချင်းဆိုင် တိုက်မိကြောင်းတွေ့ရသည်။ ထိုသို့ မျက်နှာချင်းဆိုင် တိုက်မိမှုကြောင့် သက်နိုင်မှာ ဒဏ်ရာရရှိခဲ့ပြီး ကာရီနားယာဉ်မှာ ရှေ့လေကာမှန်ကွဲအက် ဝဲဘက် ရှေ့မီးကွဲပြီး ဆိုင်ကယ်မှာ ပျက်စီးဆုံးရှုံးခဲ့သဖြင့် စောဘိုအေးနှင့် သက်နိုင်တို့အား ဘောနတ်ကြီး အမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

ရဲပြန်ကြား

သတင်းတိုများ

လောင်းကစားပြုလုပ်နေသူများကို အရေးယူ

ရှမ်းပြည်နယ် တာချီလိတ်မြို့နယ် မကာအိုခမ်းရပ်ကွက်ရှိ 'လပ်ဗီးဂက်စ်' ဟိုတယ်တွင် ဖေဖော်ဝါရီ ၁၅ ရက်က လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ရှာဖွေရာ ဟိုတယ်ဒုတိယထပ်ခန်းမတွင် ဟိုတယ်ပိုင်ရှင်ဖြစ်သူ ဦးစိုင်းအွဲ့မင်း(ခ)စိုင်းကျော် အပါအဝင် ကျား ၁၁ ဦး၊ မ ၉ ဦး၊ စုစုပေါင်း ၂၀ တို့အား အကြွေစေ့လောင်းကစားစက်ပစ္စည်း၊ လောင်းကြေးထိုင်းဘတ်ငွေ ၁၉၂၈၆၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် တာချီလိတ်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားသည်။

ရဲပြန်ကြား

တရားမဝင်သစ်များဖမ်းဆီးရမိ

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၅ ရက်က သတင်းအရ ဧရာဝတီတံတား(ပခုက္ကူ) ဂိတ်တွင်စောင့်ဆိုင်းနေစဉ် ကျော်စိုးမိုး မောင်းနှင်လာသော ၉ယ/×××× Aumark အဖြူရောင်ယာဉ်အား ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တမလန်းသစ် ခါးရှေ့တုံးဆိုဒ်စုံ ၃၇ တုံး၊ တန်ဖိုးငွေကျပ် ၁၂ သိန်းကို တွေ့ရှိခဲ့သဖြင့် ပခုက္ကူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

ရဲပြန်ကြား

ရွှေစက်တော်ဘုရားပွဲကာလ မန်းချောင်း၌ တစ်နေ့တည်း လူနှစ်ဦးရေနစ်သေဆုံး

နေပြည်တော်၊ ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး၊ ရွှေစက်တော်ဘုရားပွဲ မန်းချောင်း ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်အချိန်က ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ကွမ်းတောကျေးရွာနေ ဝေလင်းစိုး ၁၇ နှစ်သည် မန်းချောင်းအတွင်း ရေဆင်းချိုးစဉ် ပျောက်ဆုံးနေကြောင်းသိရှိရသဖြင့် ဝိုင်းဝန်းရှာဖွေခဲ့ရာ မွန်းလွဲ ၁ နာရီ ၁၀ မိနစ်အချိန်တွင် ဝေလင်းစိုး၏ အလောင်းအားတွေ့ရှိရသဖြင့် စကုနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ ထို့အတူ ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်အချိန် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ သန်းထွန်းဝင်း (၄၁) နှစ်မှာလည်း ရေနစ်သေဆုံးခဲ့သည်။

ရဲပြန်ကြား

WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့် ဘိန်းစိမ်းများဖမ်းဆီးရမိ

နေပြည်တော်၊ ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ်၊ အမှတ်(၃၀) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(တာချီလိတ်)မှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၆ နာရီအချိန်တွင် မူးယစ်ဆေးဝါး သတင်းအရ တာချီလိတ်မြို့နယ် တာလေမြို့နယ်ခွဲ မိုင်းလင်း(အနောက်) အုပ်စု ဝမ်ကန်နားကျေးရွာနေ ကျအူ (၄၁)နှစ်၏နေအိမ်အား သက်သေများနှင့်အတူဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ နေအိမ်မီးဖိုခန်းရှိ လွယ်အိတ်အတွင်းမှ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွဆေးပြား ၁၆၇၀ ပြား၊ တန်ဖိုးငွေကျပ် ၄၁ ဒသမ ၇၅ သိန်း၊ ဘိန်းစိမ်း ၈၀ ဂရမ်၊ တန်ဖိုးငွေကျပ် ၈၀၀၀၀ နှင့်ထိုင်းဘတ်ငွေ ၅၃၃၀ တို့အား သိမ်းဆည်းရမိခဲ့သောကြောင့် ကျအူအား မိုင်းလင်းနယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဖြင့် အမှုဖွင့် အရေးယူထားသည်။

ရဲပြန်ကြား



ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက် အမှတ်(၁၂၅၈)၊ ကောလင်းလမ်းမဘေးရှိ ဧရိယာအကျယ်အဝန်းပေ(၄၀×၈၀)ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ပါမစ်မြေ(ဒေါ်ခင်စိုးဝင်း) [၁၂/မဂတ(နိုင်)၀၅၂၈၅၄]အမည်ပေါက် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပြီး မူလအမည်ပေါက်ပိုင်ရှင်ထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူ ပိုင်ဆိုင်လက်ဝယ်တည်ရှိနေသူ ဒေါ်သူဇာဝင်း[၁၄/ဘကလ(နိုင်)၁၈၉၆၇၇]ထံမှ ကျွန်တော်ဦးဝင်းထိန်[၁၂/ဗဟန(နိုင်)၀၉၁၅၈၀]မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုပြီးမြောက်အောင် ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဖုန်း-၀၉-၄၃၀၈၉၂၀၃၊ ၀၉-၄၅၀၀၁၁၅၅၄၊ ၀၉-၇၃၁၉၄၉၅၄၊
ဦးဝင်းထိန် [၁၂/ဗဟန(နိုင်)၀၉၁၅၈၀]

ပျောက်ဆုံးခြင်း

ကျွန်တော် သက်မှူးညီညီ (CDC-83488)၏ SSA လက်မှတ် ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၄၂၁၁၁၀၄၇၀ သို့ ဆက်သွယ်အကြောင်း ကြားပေးပါရန်။

မန္တလေးမြို့ ယက္ကန်းလုပ်ငန်းအတွက် အီတလီနှင့် အင်္ဂလန်နိုင်ငံက နည်းပညာ အကူအညီပေးမည်

မန္တလေး၊ ဖေဖော်ဝါရီ ၁၈

မန္တလေးမြို့တွင် ယက္ကန်းလုပ်ငန်းလုပ်ကိုင်သူများအား အီတလီနိုင်ငံနှင့်အင်္ဂလန်နိုင်ငံတို့ မှလာရောက်လေ့လာခဲ့ပြီး နည်းပညာအကူအညီများ ပေးမည်ဟု မန္တလေးရှိ ယက္ကန်းအလုပ်သမားများအဖွဲ့အစည်းများ၏ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အီတလီနိုင်ငံရှိအလုပ်သမားသမဂ္ဂအဖွဲ့က ဇန်နဝါရီ ၇ ရက်နှင့် အင်္ဂလန်နိုင်ငံမှ ယက္ကန်းလုပ်ငန်းစိတ်ဝင်စားသူများက ဇန်နဝါရီ ၁၉ ရက်တွင် မန္တလေးမြို့ရှိ ယက္ကန်းလုပ်ငန်းလုပ်ကိုင်ရာနေရာများသို့ လေ့လာခဲ့ပြီး နည်းပညာအကူအညီများပေးမည်ဟုပြောကြားခဲ့ကြောင်း ယက္ကန်းအလုပ်သမားအဖွဲ့အစည်းများမှ ကြီးကြပ်သူ မရင်မိုးက ပြောသည်။

"အဖွဲ့အတွက်အလှူငွေ ယူရို ၅၀ နဲ့မြန်မာငွေကျပ် ၄၀၀၀၀ လှူသွားတယ်။ နည်းပညာနဲ့ပတ်သတ်လို့ ကွန်ပျူတာစနစ်တွေနဲ့ အသုံးပြုနိုင်အောင် သူတို့လေ့လာအုံးမယ်၊ သူတို့နိုင်ငံက ကျန်နေသေးတဲ့အဖွဲ့တွေနဲ့ တိုင်ပင်ဆွေးနွေးပြီးရင်တော့ ပြန်လာမယ်လို့ ပြောသွားတယ်" ဟု ၎င်းကဆိုသည်။ ယခုကဲ့သို့ နိုင်ငံခြားအဖွဲ့များ လာရောက်လေ့လာမှုမှာ ပထမဆုံးအကြိမ်ဖြစ်ပြီးနောက်ထပ် ပြည်ပအဖွဲ့များလာရန်ရှိနေသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးမြို့တွင် ယက္ကန်းအလုပ်သမားများ သာရေးနာရေး၊ ပညာရေး အစရှိသော လုပ်ငန်းများဆောင်ရွက်ပေးနေသည့် အမရာအောင်နှင့် အမရာအောင်မြေ ယက္ကန်းအလုပ်သမားများအဖွဲ့ နှစ်ဖွဲ့ရှိပြီးအဖွဲ့ဝင်များ အနေဖြင့် အမရာအောင် မြေအဖွဲ့တွင် ၃၇ ဦးနှင့် အမရအောင်အဖွဲ့တွင် ၅၀ ဦးရှိကြောင်းသိရသည်။ **အောင်ရဲသွင်**

မန္တလေးမြို့ရှိ ယက္ကန်းလုပ်ငန်းခွင်တစ်ခုအား တွေ့ရစဉ်။

သတင်းတိုများ

မြောင်းမြတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်

မြောင်းမြမြို့ ဒက္ခိဏကုန်းတော်တွင် တည်ထားကိုးကွယ်သော ရွှေဗုဒ္ဓေါစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့ထိ ကျင်းပခဲ့ပြီး နိုင်ငံတော်ဗဟိုဝန်ဆောင်၊ မြို့နယ်သံဃနာယက ဇေယျမေဒနီစာသင်တိုက် ဘဒ္ဒန္တစန္ဒာဝရမှ ဦးဆောင်၍ မြို့ပေါ်ကျောင်းတိုက်များရှိ ဆရာတော် သံဃာတော် ၂၀ ပါးတို့က အနေကဇာတင် ရွတ်ဖတ်ပူဇော်ကြသည်။ စေတီတော်ရင်ပြင်နှင့် အထက်ပစ္စယံတို့တွင် ဆီမီးခွက် ၉၀၀၀ တို့ကို ထွန်းညှိပူဇော်ခဲ့ကြပြီး ညပိုင်းတွင် မျက်လှည့်ပွဲ၊ အငြိမ့်ဇာတ်ပွဲ၊ ပျော်ပွဲရှင်ပွဲများဖြင့်အခမဲ့ ဖျော်ဖြေကျင်းပရာ ဘုရားပွဲတော်လာ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။ **အောင်မင်း(ပြန်ဆက်)**

ပေါ်တော်မူရွာ ဂျိုင်းမြန်မာစုမြေသားလမ်းအဆင့်မြှင့်

သထုံမြို့နယ်၊ ပေါ်တော်မူကျေးရွာ ဂျိုင်းမြန်မာစု မြေသားလမ်းအား ပြည်ထောင်စုလွှတ်တော်၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ၄၃ သိန်း ၄ သောင်းကျပ်ဖြင့် မတည်ကာ ကျေးရွာပြည်သူများ၏ စုပေါင်းငွေကျပ် ၈၆ သိန်း စုစုပေါင်းငွေကျပ် ၁၂၉ သိန်း ၄ သောင်းဖြင့် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခဲ့ကြောင်း သိရသည်။ အရှည် ၁၄၃၀ ပေ၊ အကျယ် ၁၁ ပေရှိသော ၎င်းလမ်းအား ကွန် ကရစ် လမ်းခင်းခြင်းကို ဇန်နဝါရီ ၃၁ ရက်က စတင်ခဲ့ပြီး ဖေဖော်ဝါရီ ၅ ရက်က လုပ်ငန်းများပြီးစီးခဲ့ကြောင်း သိရသည်။ "ယခင်ကမြေသားလမ်းပါ။ လမ်းက တအားကြမ်းတော့ သွားလာရတာ အဆင်မပြေဘူး။ လမ်းကရွာတွင်းပတ်လမ်းဖြစ်ပြီး အဝေးပြေးလမ်းမနဲ့ ထိစပ်နေတာဆိုတော့ အသုံးပြုသူများတယ်" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဦးက ပြောသည်။ **သက်ဦး (သထုံ)**

ဖျာပုံမြို့ သောက်သုံးရေရရှိရေးအတွက် ဂျပန် ကိုဘီစီးတီးမြူနီစပယ်အဖွဲ့ လာရောက်လေ့လာ

ဖျာပုံ၊ ဖေဖော်ဝါရီ ၁၈

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့တွင်သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ACEC မြန်မာ-အဖွဲ့၏ ကူညီဆောင်ရွက်ပေးမှုဖြင့် ဂျပန်နိုင်ငံ ကိုဘီစီးတီး မြူနီစပယ်အဖွဲ့မှ လေ့လာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက်တွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး ဖျာပုံမြို့ရှိ သောက်သုံးရေကန်များ ရေသိုလှောင်မှုစနစ်၊ ရေပေးဝေရေးစနစ်၊ မြစ်ရေကိုသန့်စင်ပြီး လက်ရှိရေပေးဝေရေး စနစ်များကို တွေ့ဆုံဆွေးနွေးခဲ့ကြောင်းသိရသည်။

ဖျာပုံမြို့နယ်သည် သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့် သောက်သုံးရေသိုလှောင်နိုင်မှုခက်ခဲခြင်းနှင့် ယခင်ကတည်းကပင် အခက်အခဲဖြစ်နေသည့် သောက်သုံးရေမရရှိနိုင်ခြင်းအပေါ် သောက်သုံးရေရရှိရေးအတွက် ယခုကဲ့သို့ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ဖျာပုံမြို့တွင် လက်ရှိရေပေးဝေလျက်ရှိသော ကန်တော်ကြီး ၅ လမ်းရှိ သောက်သုံးရေကန်များ၊ ၇ ရပ်ကွက် သောက်သုံးရေကန်၊ နာဂစ်ကာလတွင် ယူနီဆက်ဖ်ကပေးဝေခဲ့သည့် ရေသန့်စင်စက်များကို ကြည့်ရှုကြသည်။ **ချမ်းသာ**

စက်လှေကားပါသည့် လူကူးခုံးကျော်တံတားတစ်စင်း တည်ဆောက်မည်

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံတွင် အရှည်ဆုံးနှင့် ပထမဆုံး စက်လှေကားပါသည့် လူကူးခုံးကျော်တံတားကို ရန်ကုန်မြို့ ကမ်းနားလမ်းတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီခုံးကျော်တံတားက ရထားလူကူးခုံးကျော်တံတား၊ ရထားခုံးကျော်တံတား၊ မီးပွိုင့်ခုံးကျော်တံတားများထဲက အရှည်ဆုံးနဲ့ အထူးခြားဆုံးတံတားပါ။ နောက်ပြီး ဒီခုံးကျော်တံတားမှာ စက်လှေကားတွေ တပ်ဆင်သွားမှာပါ။ မြန်မာနိုင်ငံမှာ ဘယ်နေရာမှာမှ မရှိသေးပါဘူး"ဟု ၎င်းကဆက်လက်ပြောသည်။

ယင်းစက်လှေကားပါ လူကူးခုံးကျော်တံတားကို ရန်ကုန်မြို့နှင့် ဒလမြို့ဘက်ဆိပ်ကမ်းသို့ နေ့စဉ်ကူးသန်းသွားလာနေကြသည့် ခရီးသည်များ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်တိုက်မှုကင်းဝေးစေရန်အတွက် ကွန်တိန်နာကားကြီးများ သွားလာလျက်ရှိသည့် ကမ်းနားလမ်းသစ်နှင့် လမ်းဟောင်းတို့ကို ကျော်ဖြတ်တည်ဆောက်၍ ပန်းဆိုးတန်းမှ စတင်ကာ တည်ဆောက်သွားမည်ဖြစ်သည်။

ဒလဆိပ်ကမ်းဘက်ခြမ်းရှိ ဆိပ်ကြီး၊ ခနောင်တိုအစရှိသည့်နေရာဒေသများမှ ရန်ကုန်မြို့သို့ နေ့စဉ်သွားလာနေသော ခရီးသည် ၄ သောင်းကျော် ရှိကြောင်း သိရပြီး ယင်းခရီးသည်များကို ရန်ကုန်မြို့မှ တစ်ဖက်ကမ်းသို့ နေ့စဉ်ပြေးဆွဲပေးနေသော ကူးတို့စက်လှေ အရည်အတွက် ၄၆ စီးခန့်ရှိသည်။ ၎င်းစက်လှေများမှာ ဆိပ်ကမ်းများမှ ၁၀ မိနစ်လျှင် တစ်ကြိမ် ပြေးဆွဲကြသည်။

နေ့စဉ် မြစ်တစ်ဖက်ကမ်းသို့ ကူးသန်းသွားလာနေရသော ခရီးသွားများသည် ကွန်တိန်နာကားကြီးများ ဖြတ်သန်းသည့် လမ်းရှည်ကြီးများတွင် ဖြတ်သန်းသွားလာနေရသည့်အတွက် မဆင်မခြင် မောင်းနှင်လာသောယာဉ်များ၏ အန္တရာယ်နှင့် နေ့စဉ်ကြုံတွေ့နေကြရပြီး ယင်းအတွက် ရန်ကုန်မြို့တော်စည်ပင်လမ်းတံတားဌာနမှ First Myanmar Investment ကုမ္ပဏီနှင့်ပူးပေါင်းကာ အဆင့်မြင့်လူကူးခုံးကျော်တံတားသစ် တည်ဆောက်သွားမည်ဖြစ်သည်။

အဆိုပါ ခုံးကျော်တံတားကို တည်ဆောက်ရန်ဆောင်ရွက်နေသော်လည်း လက်ရှိအနေထားအရ ကြန့်ကြာမှု ရှိနေဦးမည် ဖြစ်သည်။ ထူးခြားသည့်အနေဖြင့် စက်လှေကားပါ တပ်ဆင်သွားမည်ဆိုသည့်အတွက် ကိုယ်လက်အင်္ဂါ ချို့ယွင်းသူများနှင့် ကျန်းမာရေးမကောင်းသူများ၊ သက်ကြီးရွယ်အိုများအတွက် သက်တောင့်သက်သာ သွားလာနိုင်မည် ဖြစ်သည်။ **အောင် (မန်း)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်တွင် ဆောက်လုပ်မည့် စုစုပေါင်း ကြမ်းခင်းဧရိယာ ၁၂၀၀၀၀ စတုရန်းပေရှိ လေးထပ်ရုံးအဆောက်အအုံသစ် ဆောက်လုပ်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊အချိန် - ၁၇-၂-၂၀၁၄ ရက်၊ ၉း၃၀ နာရီ
တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊အချိန် - ၂၄-၂-၂၀၁၄ ရက်၊ ၁၆း၃၀ နာရီ
Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍တင်သွင်းရမည့်ရက်၊ အချိန် - ၃၁-၃-၂၀၁၄ ရက်၊ ၁၆း၃၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် (၃၀၀၀၀)ကျပ် နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါပါလုပ်ငန်းနှင့်ပတ်သက်သည့် ရှင်းလင်းဆွေးနွေးခြင်းအစီအစဉ်အား ၂၇-၂-၂၀၁၄ ရက် ၁၃း၀၀ နာရီတွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ်(၂၇)၌ ပြုလုပ်ကျင်းပမည်ဖြစ်ပါ၍ တင်ဒါဝယ်ယူထားသော ကုမ္ပဏီများအနေဖြင့် မပျက်မကွက် တက်ရောက်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁/၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ဓာတ်အားကွပ်ကဲရေးဌာန၊ နေပြည်တော်ရှိ (National Control Center)တွင် SCADA-EMSစနစ်တပ်ဆင်ရန်အတွက် အဆောက်အအုံအတွင်းပိုင်းကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက သတ်မှတ်ပေးသော ဒီဇိုင်းပုံစံအတိုင်း အဆင့်မြှင့်တင်ပြင်ဆင်ခြင်း (အခန်းများပြင်ဆင်ဖွဲ့စည်းခြင်း၊ အလှဆင်ခြင်းနှင့် လုံခြုံရေး စနစ်တပ်ဆင်ခြင်းများအပါအဝင်) လုပ်ငန်းအတွက် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပြီးအစီး အပ်နှံဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၉-၂-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက် - ၂၁-၃-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ရှေးဟောင်း(၂)ထပ်အိမ်ကြီးဖျက်ရောင်းမည်

အလျားအနံ ၄၅'၊ အမြင့် ၄၅'- အပေါ်လျှာထိုးခင်း
အောက်အဆင့် ၄' အမြင့်လျှာထိုးခင်း
သစ်လုပ်ငန်းလုပ်ကိုင်သူများအတွက် အသုံးဝင်သည်။
သဇင်လမ်း၊ အလုံမြို့နယ်၊ ဖုန်း-၀၉-၅၅၀၆၃၃၄

(၁၀)တန်းတွင် သချာင်္ဂုဏ်ထူးရှင်များကို
နှစ်စဉ်မွေးထုတ်သင်ကြားပေးနေသော
ဆရာဒေါက်တာညီညီ(သင်္ချာ)၏
နွေ(၃)လပြတ် သင်ရိုးကုန်သင်တန်း
မတ် ၉ ရက်တွင် စဖွင့်မည်။

နေရာ(၁) အမှတ်(၁၈၈)၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ရန်ကုန်မြို့
နေရာ(၂) အမှတ်(၂၇)၊ (၆)လွှာ၊ ကျိုက်လတ်လမ်း၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၇၂၂၃၇၊ ၀၉-၅၀၉၇၃၇၂၊ ၀၉-၅၀၅၆၂၇၂

မိုနဲ့ဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ(ချည်ထိုးနှင့်ဆေးရိုက်ဝန်ဆောင်မှုပေးပါသည်)
- ချည်သား T.Shirt M - 1000 ကျပ် (မှစ၍)
  Shirt အင်္ကျီ - 2900 ကျပ်
  Sport Shirt - 2950 ကျပ်
  Style Pants - 2950 ကျပ်
  ဦးထုပ် - 950 ကျပ် (မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- အမှတ်-၂၉၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်
- **Ph:01-292129, 09-250388594, 09-428016552, 09-425289819**
- **E-mail:kyonedoe@gmail.com**

ဟိုင်းလပ်ယာဉ်များနေရာ အစားထိုးယာဉ်တင်သွင်းခြင်းအား မထသ(ဗဟို)မှ ဆောင်ရွက်ပေးနေ

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၈

ရန်ကုန် စည်ပင်သာယာနယ်နိမိတ်အတွင်း ပြေးဆွဲခွင့်မရှိတော့သည့် ခရီးသည်တင် ဟိုင်းလပ်ယာဉ်များနေရာတွင် မော်တော်ယာဉ်အစားထိုး တင်သွင်းခြင်းများအပြင် အခြားသော ကူညီပံ့ပိုးပေးမှုများကို သက်ဆိုင်ရာ ယာဉ်လိုင်း ကော်မတီများနှင့် ယာဉ်ပိုင်ရှင်များအား မထသ(ဗဟို)မှ ညှိနှိုင်းဆောင်ရွက်ပေးလျက် ရှိနေကြောင်း မထသ(ဗဟို)ဉက္ကဋ္ဌ ဦးလှအောင်က ပြောကြားသည်။

အဆိုပါ ခရီးသည်တင်ဟိုင်း လပ်

ဧရိယာအတွင်း ပြေးဆွဲခွင့်မရှိတော့ . . .

ယာဉ်များသည် ဖေဖော်ဝါရီ ၂၈ ရက်နေ့မှစ၍ ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်ဧရိယာအတွင်း ပြေးဆွဲခွင့်မရှိတော့ကြောင်း သိရသည်။

"ကျွန်တော်တို့ အနေနဲ့ ယာဉ်ရောင်းချလိုတဲ့ ကုမ္ပဏီတွေရဲ့ ကမ်းလှမ်းလွှာတွေကို ယာဉ်ပိုင်ရှင်တွေ သိစေဖို့ သက်ဆိုင်ရာယာဉ်လိုင်းကော်မတီတွေကို အကြောင်းကြားပေးတာတွေ ခရီးသည်တင် လိုင်စင်ကနေ ကုန်စည်ပို့ဆောင်ရေး လိုင်စင်ပြောင်းလဲခြင်တယ်ဆိုရင်လဲ အစည်းအဝေးတွေကနေတစ်ဆင့် ဆောင်ရွက်ပေးမယ်။ အဲဒါအပြင် ယာဉ်ဟောင်းအပ်ပြီး ပြန်လည် ပြေးဆွဲမယ်ဆိုရင်လည်း သူတို့ရဲ့ (CNG)သဘာဝဓာတ်ငွေ့ ပြန်လည် အသုံးပြုခွင့်ရဖို့လည်း တင်ပြဆောင်ရွက်ပေးနေတယ်။ မ-ထ-သ (ဗဟို)အနေနဲ့ သက်ဆိုင်ရာ ယာဉ်လိုင်းကော်မတီတွေ၊ ယာဉ်ပိုင်ရှင်တွေ အမြဲတမ်းထိတွေ့ပြီး တင်ပြလာတဲ့အခက်အခဲတွေကို ဥပဒေဘောင်အတွင်းက ဖြေရှင်းဆောင်ရွက်ပေးနေပါတယ်" ဟု ဉက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း ခရီးသည်တင်ဟိုင်းလပ်ယာဉ်များ ပြေးဆွဲမှုကန့်သတ်ခြင်းကို ဇန်နဝါရီလ ၁၅ ရက်နေ့ သတ်မှတ်ခဲ့သော်လည်း ခရီးသည်တင်ယာဉ်များ လိုအပ်ချက်အရ ဖေဖော်ဝါရီ ၁၅ သို့ ပြောင်းလဲခဲ့ပြီးနောက် ယာဉ်ပိုင်ရှင်များအား လုံလောက်သော ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် နောက်ဆုံးအကြိမ်အဖြစ် ဖေဖော်ဝါရီလကုန်အထိ ထပ်မံဆိုင်းငံ့ပေးခဲ့သည်။

ရန်ကုန်မြို့တော်အတွင်း ပြေးဆွဲလျက်ရှိနေသော ခရီးသည်တင်ဟိုင်းလပ်ယာဉ်လိုင်းပေါင်း ၄၆ လိုင်းနှင့် ယာဉ်အစီးရေ ၈၀၀ ကျော်ရှိကြောင်း မ-ထ-သ(ဗဟို)၏ စာရင်းများတွင် ဖော်ပြခဲ့ပြီး ခရီးသည်တင်ဟိုင်းလပ်ယာဉ်များသည် မကြာခဏ တိမ်းမှောက်မှုများ ဖြစ်ပွားလျက်ရှိသည့်အတွက် ခရီးသည်များ အန္တရာယ်ကင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်ရန် ကန့်သတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

တင်မောင်ဦး

ကွန်ပျူတာတက္ကသိုလ်(သထုံ)အနေဖြင့် ၂၀၀၄ ခုနှစ်မှ စတင်ကာ နှစ်စဉ် ကွန်ပျူတာဘွဲ့ရများ မွေးထုတ်ပေးလျက်ရှိရာ ယနေ့အထိ သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ဘွဲ့ရရှိသူ စုစုပေါင်း ၁၇၉၄ ဦးကို မွေးထုတ် ပေးခဲ့ပြီးဖြစ်ကြောင်းသိရှိရသည်။ ဖေဖော်ဝါရီလ ၁၆ ရက်၊ နံနက် ၉ နာရီက တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမတွင်ကျင်းပ သော မွန်ပြည်နယ်၊ သထုံမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်၏ သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့ရရှိသူ ၉၉ ဦးတို့အား ကျောင်းအုပ်ကြီး ဒေါက်တာဝင်းဌေးက သက်ဆိုင်ရာ ဘွဲ့လက်မှတ်များကို အပ်နှင်းခဲ့ပြီး ကွန်ပျူတာနည်းပညာ(ဂုဏ်ထူး)ဘွဲ့ ရှစ်ဦး၊ ကွန်ပျူတာနည်းပညာဘွဲ့ ၂၄ ဦး၊ မဟာကွန်ပျူတာသိပ္ပံဘွဲ့ ၁၁ ဦး၊ ကွန်ပျူတာသိပ္ပံ(ဂုဏ်ထူး)ဘွဲ့ ၁၅ ဦး၊ ကွန်ပျူတာသိပ္ပံဘွဲ့ ၄၁ ဦးပေးအပ်ခဲ့သည်။ သတင်းနှင့်ဓာတ်ပုံ - သက်ဦး (သထုံ)

ဒေါနအရှေ့ခြမ်း၊ မဲလနယ်တစ်ခွင်အား နိုင်ငံသားစိစစ်ရေးကတ်ပြားများအခမဲ့ပြုလုပ်ပေး

ဘားအံ၊ ဖေဖော်ဝါရီ ၁၈

ယခင်အစိုးရလက်ထက် အစိုးရဝန်ထမ်းများသွားရောက်ရန်ခက်ခဲသော ဒေါနအရှေ့ခြမ်း၊ မဲလနယ်တစ်ခွင်အား ဖေဖော်ဝါရီလမှ စတင်ကာ ပြည်သူ့ဝန်ထမ်းများနှင့် NRC အဖွဲ့တို့က နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများအား ကွင်းဆင်းဆောင်ရွက်ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၁ ရက်က ကရင်ပြည်နယ်၊ လှိုင်းဘွဲ့ မြို့နယ်၊ ကမော့လဲ(ကျောင်း)ကျေးရွာ၌ အိမ်တိုင်ရာရောက် စနစ်ဖြင့်အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများအား အခမဲ့ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ကရင်ပြည်နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဘားအံခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးဦးကျော်ဆန်း ဦးစီးလိုက်ပါလျက် လှိုင်းဘွဲ့မြို့နယ် ဦးစီးဌာနမှူးရုံးမှဦးမင်းသူအောင်နှင့် ဝန်ထမ်းခုနစ်ဦး၊ NORWEGLAN REFUGEE COUNCIL (NRC) မှဝန်ထမ်း သုံးဦးတို့ လိုက်ပါလျက် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ ဒေသခံတိုင်းရင်းသားပြည်သူများအား အလုပ်အကိုင်မပျက် စရိတ်ကုန်ကျမှုမရှိစေဘဲနေ့ချင်းပြီး ရရှိနိုင်စေရန် ဆောင်ရွက်ပေးခဲ့သည်။

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကမော့လဲ(ကျောင်း)ကျေးရွာရှိ အိမ်ထောင်စု ၁၆၅ စုမှ ပြည်သူ ၁၃၂ ဦးတို့အား ဆောင်ရွက်ပေးခဲ့ပြီး နယ်စပ်ဒေသ ဒုက္ခသည်စခန်းများတွင်သွားရောက် နေထိုင်ခဲ့ကြသော မြန်မာနိုင်ငံဖွားဒေသခံတိုင်းရင်းသားများကလည်း မိမိတို့နေရပ်များသို့ ပြန်လည်ရောက်ရှိလာကာယခင်က မကိုင်ဆောင်ခဲ့ဘူးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုကိုင်ဆောင်ခွင့် ရရှိကြောင်း သိရသည်။

ထွန်းထွန်းထွေး

သတင်းတိုများ

ပုံပြော၊ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ပြီး စာဖတ်ရှိန် တိုးတက်မြင့်မားစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး ပုံပြော၊ကဗျာရွတ်၊ ကျပန်းစကားပြောပြိုင်ပွဲများနှင့် စာဖတ်ဝိုင်းများကို ဖေဖော်ဝါရီ ၈ ရက် က သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကျောင်းရွာမူလတန်းကျောင်းတွင် ကျင်းပခဲ့သည်။ ပြိုင်ပွဲများတွင် ကျောင်းရွာ၊ ဝင်းကလော၊ စောင်နိုင်ဂွကျေးရွာ မူလတန်းကျောင်းများမှကျောင်းသူကျောင်းသားများက ယှဉ်ပြိုင်ခဲ့ကြသည်။ **သက်ဦး(သထုံ)**

ကလေးငယ်များအား အာဟာရတိုက်ကျွေး

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့ အခြေခံပညာမူလတန်းကျောင်း အမှတ် (၁၁) တွင် ကျောင်းနေရွယ်ကလေး ၆၈ဦးအား ချောင်းဦးမြို့နယ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အာဟာရနွားနို့ တိုက်ကျွေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပခဲ့သည်။ **ပြန်/ဆက်(ချောင်းဦး)**

ပဲစဉ်းငုံအထွက်ကောင်း၍ တက်ဈေးမျှော်မှန်း

နွားထိုးကြီးမြို့နယ်တွင် ယခုနှစ် ပဲစဉ်းငုံအထွက်ကောင်းသော်လည်း ဈေးမရကြ၍ ပဲစဉ်းငုံတစ်ပိဿာ ၈၅၀၊ ၉၀၀ သာရှိနေပြီး နှစ်စဉ် တစ်ပိဿာ ၁၃၀၀၊ ၁၄၀၀ ဈေးကွက်မှ ပဲစဉ်းငုံမှာ ကျဆင်းနေ၍ တောင်သူများ ပဲဈေးတက်ရန် ဈေးမျှော်လင့်နေကြောင်း သိရသည်။ နွားထိုးကြီးနယ်တွင် ပဲစဉ်းငုံဧက ၈၇၅၉၇ ရှိပြီး သီးထပ်သီးညှပ်စိုက်သလို ပဲစဉ်းငုံသီးသန့်စိုက်ကြသော စိုက်ခင်းများရှိရာ သက်ကြီးဒေသပဲမျိုးနှင့် သက်လတ်အထွက်တိုးအသေးပဲမျိုးဟူ၍ နှစ်မျိုးစိုက်ကြသည်။

ဌေးမြင့်မောင်

ကွန်ပျူတာပျက်လျှင် ဖုန်းဆက်လိုက်ပါ။
ဖုန်း- ၀၁-၇၀၀၈၈၇၊
၀၉-၅၁၅၂၈၆၅



ဧရာဝတီမြစ်လယ်ကျွန်းရွာများတွင် လဲဝါပင်များကို ဝင်ငွေရ လေကာမိုးကာပင်အဖြစ် အများအပြားစိုက်ပျိုး

မတ္တရာ ဖေဖော်ဝါရီ ၁၈

ဧရာဝတီမြစ်အတွင်းမှ မြေနုကျွန်းများပေါ်တွင် တည်ထောင်ထားသည့် ကျေးရွာအများစုသည် ဆောင်းသီးနှံ၊ နွေသီးနှံစသည့် ရာသီအလိုက် သီးနှံစိုက်ခင်းများကို စိုက်ပျိုးကြသည့်အပြင် နှစ်ရှည်သီးနှံပင်များအဖြစ် လဲဝါပင်များကို ခြံတည်စိုက်ပျိုးကြကြောင်း သိရသည်။ သဲသောင်ကျွန်းမြေများဖြစ်၍ နေရာအချို့မှာ မြေအမျိုးအစား ညံ့ဖျင်းမှုရှိခြင်း၊ ကျွန်းမြေများသည် နှစ်ကာလကြာရှည်စွာ တည်တံ့မှု မရှိတတ်ခြင်း၊ မြစ်ရေတိုက်စားမှု ကာကွယ်ရန်နှင့် လေကာမိုးကာအပင်အဖြစ် စိုက်ပျိုးခြင်း၊ ကာလတိုအတွင်း ဝင်ငွေရရှိခြင်းတို့ကြောင့် လဲဝါပင်များကို စိုက်ပျိုးကြသည်ဟု မြေနုကျွန်းများတွင်နေထိုင်ကြသည့် ရွာသူရွာသားများက ပြောသည်။ မြေနုကျွန်းများပေါ်မှ ကျေးရွာများတွင် လဲဝါပင်များကို လေကာမိုးကာအဖြစ် စတင်စိုက်ပျိုးခဲ့ကြခြင်းဖြစ်ကြောင်း၊ ပင်တန်းကြား ပေ၃၀ခန့်ခြား၍ စိုက်ပျိုးနိုင်မှသာ အကိုင်းအခက်များ ကောင်းစွာဖြာထွက်နိုင်ပြီး သီးနှုန်းလည်း ကောင်းမွန်ကြောင်း ပြောပြသည်။

လဲဝါပင်များသည် မြေဆီမြေနှစ်ကို စုပ်ယူလေ့ရှိသဖြင့် လဲဝါပင်စိုက်ခင်းများအကြားတွင် အခြားသီးနှံပင်များကို စိုက်ပျိုး၍ မရရှိကြောင်း၊ အပင်ရှင်သန်ဖြစ်ထွန်းမှုလွယ်ကူပြီး ပင်သက်သုံးနှစ်ခန့်တွင် အသီးများ စတင်ဆွတ်ခူးနိုင်ကြောင်း သိရသည်။

“လဲဝါပင်က သုံးနှစ်သားဆိုရင် စပြီးသီးပြီ။ တစ်ပင်ကို အသီး ၁၅ တောင်းလောက်ရတယ်။ အသီးပုမျိုးနဲ့ အသီးရှည်မျိုးဆိုပြီး နှစ်မျိုး ရှိတယ်။ အသီးပုက မှို့ထွက်ကောင်းတယ်။ အသီးပုတစ်တောင်းကို မှို့နှစ်ပိဿာခွဲအနည်းဆုံး ထွက်တယ်။ အသီးရှည်ကတော့ တစ်တောင်းကို မှို့နှစ်ပိဿာလောက်ပဲရတယ်။ အသီးအပွင့်က ပြာသိုလမှာ စပွင့်ပြီး အသီးတွေကို တပေါင်းလနဲ့ တန်ခူးလမှာ ခူးကြရတယ်။ လဲမှို့တစ်ပိဿာကို ငွေကျပ် ၁၂၀၀ ဈေးအနည်းဆုံး ရကြတယ်။ အစေ့မထုတ်ဘဲ ရောင်းရတာပါ။ မန္တလေး၊ စစ်ကိုင်းကုန်သည်တွေက ရွာအရောက်လာဝယ်ကြတာပါ။ အချို့က အပင်လိုက်၊ ခြံလိုက်ဈေးဖြတ် ဝယ်တာရှိတယ်။ လက်ပံပင်ကလည်း မှို့ရတယ်။ လက်ပံပင်က အသီးရင့်ပြီဆိုရင် ကွဲထွက်တယ်။ အချိန်မီ မခူးနိုင်ရင် မှို့တွေ ထွက်ကုန်တယ်။ လဲဝါသီး ကတော့ ရင့်မှည့်ပြီး အသီးခြောက်သွားတာပဲရှိတယ်။ အသီးကွဲပြီး မှို့တွေ ထွက်သွားတာမျိုး မရှိဘူး”ဟု ရေလယ်ကျွန်းရွာမှ ကိုလှညွန့်က ပြောသည်။

လဲဝါပင်များကို ဧရာဝတီမြစ်လယ်အတွင်းမှ မြေနုကျွန်းရွာများဖြစ်သည့် ရေလယ်ကျွန်း၊ အေးကျွန်း၊ သဲကျွန်း၊ ဘိုးကြီးကျွန်း၊ ဖရဲကျွန်းရွာတန်း၊ မိုးကြိုးကျွန်း၊ ပတ္တမြားကျွန်းစသည့် ကျေးရွာများတွင် ခြံများတည်၍ လည်းကောင်း၊ အိမ်ခြံဝင်းပတ်လည်တွင် လည်းကောင်း အများအပြား စိုက်ပျိုးကြကြောင်း သိရသည်။ လဲဝါပင်များသည် ကျွန်းမြေများပေါ်တွင် ပင်သက်နှစ် ၂၀ ဝန်းကျင်မျှသာ အသက်ရှင်သန်လေ့ရှိပြီး လဲဝါပင်များသည် အသားပိုးများဝင်ကာ ခြောက်သွေ့ သေဆုံးသွားလေ့ရှိကြောင်း သိရသည်။ နှစ်စဉ်ဝင်ငွေအနေဖြင့် လဲဝါပင်တစ်ပင်လျှင် ကျပ်ငါးသောင်းခန့် ဝင်လေ့ရှိပြီး အပင်အနည်းအများအလိုက် ဝင်ငွေရရှိကြကြောင်း၊ ပြုစုရန်မလိုအပ်ဘဲ တစ်ကြိမ်စိုက်ပျိုးထားရုံဖြင့် နှစ်စဉ်ဝင်ငွေရရှိနေသည့် နှစ်ရှည်ပင်တစ်မျိုးဖြစ်ကြောင်း သိရသည်။

နန္ဒာမင်းလွင်

အောင်မြင်ဇေယျ စေတီတော်မြတ်ကြီး၏ ထမနဲထိုးပြိုင်ပွဲ ကျင်းပ

တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ရှေးဟောင်းသမိုင်းဝင် အောင်မြင်ဇေယျစေတီတော်မြတ်ကြီး၏ ပထမအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၄ နာရီခွဲက ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းတို့က အတီး၊ အမှုတ်၊ အကအခုန်များ၊ အိုးစည်ဒိုးပတ်များဖြင့် သူနိုင်ကိုယ်နိုင်အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြရာ ပြည်သူများ အကြိုက်တွေ့သည့် ပွဲကြီးပွဲကောင်းဖြစ်ခဲ့သည်။ ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုများရရှိသော အသင်းများနှင့် ပြိုင်ပွဲအသင်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွဋ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

နိုင်ဝင်း

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

လောင်းကစားကင်းမဲ့ဇုန် သတ်မှတ်

ကသာ ဖေဖော်ဝါရီ ၁၈

ကသာခရိုင် ကသာမြို့နယ် ပြည်သာယာကျေးရွာအုပ်စု ပြည်သာယာကျေးရွာနှင့် အောင်ပုံကျေးရွာနှစ်ရွာတွင် ဗမာနှင့် ကချင်တိုင်းရင်းသားအများစု နေထိုင်ကြသည်။ တောင်သူလုပ်ငန်းအများစု လုပ်ကိုင်ပြီး အေးချမ်းစွာ နေထိုင်ကြသည်။ လောင်းကစားအနည်းပါးဆုံး ကျေးရွာအုပ်စုဖြစ်သည်။

ကသာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်အောင်မြင့်က ပြည်သာယာကျေးရွာအုပ်စု စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်တင့်နှင့် ကော်မတီဝင်များ၏ ပါဝင်ကူညီမှု၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ ကူညီမှုများကြောင့် ယင်းကျေးရွာ အုပ်စုသည် လောင်းကစား အနည်းပါးဆုံးဖြစ်ကြောင်း၊ ယင်းကျေးရွာအုပ်စုကို လောင်းကစား ကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ခြင်းဖြစ်ကြောင်း ပြောကြားပြီး လောင်းကစားကင်းမဲ့ဇုန် ဆိုင်းဘုတ်ကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် စိုက်ထူပေးခဲ့သည်။

ငြိမ်းငြိမ်း(ကသာ)

ညောင်တုန်းရှိ ရန်ကင်းသာကမ်းခြေတွင် အပန်းဖြေသူများဖြင့် စည်ကား

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာ ညောင်တုန်းမြို့(ရန်ကင်းစံရာကျေးရွာ)တွင် သဘာဝသဲသောင်ပြန့်ပေါ်ထွန်းလျက်ရှိပြီး ထိုနေရာကို အပန်းဖြေစရာ ရန်ကင်းသာ (ညောင်ချောင်းသာ)ကမ်းခြေဟု အမည်မှည့်တွင်ကာ အပန်းဖြေသူများနှင့် စည်ကားလျက်ရှိကြောင်းသိရသည်။ အဆိုပါနေရာမှာ ဧရာဝတီမြစ်ပြင်မှ သန့်ရှင်းလတ်ဆတ်သောလေကို တိုက်ရိုက်ထိတွေ့ရှူရှိုက်ခွင့်ရပြီး သဲသောင်ပြင်ပေါ်တွင် ရေချိုးကူးခတ်ကစားနိုင်ပြီး ဘောကွင်းများစီးလျက် အပန်းဖြေအနားယူနိုင်သည့်အပြင် သန့်ရှင်းလတ်ဆတ်သော အစားအစာများကို နှစ်သက်ရာမှာ ယူစားသောက်နိုင်ကြောင်း မန္တလေးမြို့မှ လာရောက်အပန်းဖြေသူတစ်ဦးက ပြောသည်။

ချောင်းသာ၊ ငွေဆောင်မှာကဲ့သို့ စရိတ်အကုန်အကျမများဘဲ အချိန်တိုအတွင်း သွားရောက် အပန်းဖြေနိုင်သည့် အဆိုပါကမ်းခြေသို့ ညောင်တုန်းမြို့ပတ်ဝန်းကျင်မှ ပြည်သူများသာမက ရန်ကုန်မြို့နှင့် အခြားနေရာများမှ ပြည်သူများ၊ နိုင်ငံခြားသားခရီးသွား ပြည်သူများ နေ့စဉ်လာရောက်လျက်ရှိပြီး စနေ၊ တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များတွင် လာရောက် လည်ပတ်ကြသူများ အထူးများပြားကြောင်း သိရသည်။

“ဧရာဝတီမြစ်မကြီးမှ သန့်ရှင်းလတ်ဆတ်တဲ့ လေကောင်းလေသန့်ကို ရေချိုးပေါ်မှ တိုက်ရိုက်ထိတွေ့ရှူရှိုက်ခွင့်ရတဲ့အတွက် ကျန်းမာရေးအတွက် ကောင်းမွန်ပြီး ရေပေါ်ဟိုတယ်အပန်းဖြေစခန်းမှာလည်း စိတ်တိုင်းကျအနားယူနိုင်ပါတယ်”ဟု ရန်ကုန်မြို့မှ လာရောက်လည်ပတ်သူတစ်ဦးက ပြောသည်။ ထို့အပြင် ယင်းနေရာမှ လတ်ဆတ်သော သစ်သီးဝလံဟင်းသီးဟင်းရွက်များကို အိမ်အပြန်လက်ဆောင်အဖြစ် ဝယ်ယူသွားနိုင်သည့်အပြင် ကျန်းမာရေးအတွက် လွယ်ကူသက်သာစွာ အကျိုးဖြစ်ထွန်းနိုင်သော နေရာကောင်းတစ်ခုဖြစ်သည်။ ရန်ကုန်မြို့မှ ၃၄ မိုင်သာကွာဝေးသဖြင့် လာရောက်မည်ဆိုပါက လှိုင်သာယာအဝေးပြေးဂိတ်မှ တစ်နာရီအတွင်း နေ့ချင်းပြန်လာရောက်နိုင်သော နေရာတစ်ခုဖြစ်သည်။

ကိုထွန်းကျော်(ညောင်တုန်း)



ရှားစောင်းလက်ပပ်အလက်များ
လိုသလောက်ရနိုင်သည်။
ဖုန်း-၀၆၃-၆၀၃၁၄၊
၀၉-၂၅၆၂၂၀၀၀၈



သခွားမွှေးစိုက်သည့်တောင်သူများ အကျိုးအမြတ်ဖြစ်ထွန်း

မကွေး ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ မြေလတ်ဒေသတွင် သခွားမွှေးစိုက်တောင်သူများ ဈေးကောင်းရရှိခြင်းကြောင့် ထွက်ခြေကိုက်၍ ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။

သခွားမွှေး၏ မူလမျိုးသည် တရုတ်နိုင်ငံမှဖြစ်ပြီး မူဆယ်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်း ရောက်ရှိလာခြင်းဖြစ်ကြောင်း နယ်စပ်ကုန်သည်တစ်ဦးက ပြောသည်။ တရုတ်နိုင်ငံတွင် အအေးပိုလာ၍ မဖြစ်ထွန်းနိုင်ခြင်းကြောင့် မြန်မာနိုင်ငံမှ တောင်သူများအတွက် သေချာသော ဈေးကွက်နှင့် မြင့်မားသောဈေးကွက်ကို ရရှိခဲ့သည်။ မကွေးနှင့် မင်းဘူးခရိုင်တွင် သခွားမွှေးစိုက်ပျိုးလာသည်ကို တွေ့ရသည်။

သခွားမွှေးသည် နှစ်ပတ်လည် စိုက်ပျိုး၍ရသော်လည်း အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများ၌ စိုက်ပျိုးသော အသီးများသည် တရုတ်နိုင်ငံ၏ နှစ်သစ်ကူးပွဲတော်နှင့် အချိန်ကိုက်ဖြစ်နေသောကြောင့် စားသုံးသူများပြားကာ မြန်မာနိုင်ငံက တင်ပို့သော သခွားမွှေးကို နှစ်ခြိုက်စွာ ဝယ်ယူစားသုံးလျက်ရှိကြောင်းသိရသည်။ ထို့ပြင် ဆောင်းကာလတွင် ထွက်သော အသီးများသည် ဈေးကွက်ကောင်းသော အသီးများဖြစ်၍ တောင်သူများအနေဖြင့် ပြည်တွင်းဈေးကွက်ထက် ပြည်ပဈေးကွက်ကို ပို၍အားပေးပြီး စိုက်ပျိုးလာကြောင်း တွေ့ရသည်။

"တစ်ပင်ကို သုံးလုံး၊ လေးလုံး သီးတယ်၊ အလုံးလှတဲ့ အသီးတစ်လုံးကို ချန်ပြီး တစ်ဧက အလုံးတစ်ထောင်ခန့် ပျမ်းမျှပယ်ထားတယ်၊ နိုင်ငံခြားတင်ပို့ရာမှာ တစ်လုံး အလေးချိန် သုံးကီလိုရှိရမယ်၊ အလုံးပုံသဏ္ဌာန်လှရမယ်၊ ပိုးမွှားကင်းစင်ရမယ်၊ ဒါမှ ဈေးကွက်ကောင်းရမယ်၊ နှစ်ကီလိုအောက် အသီးများဟာ ပယ်သီးများဖြစ်သွားတယ်၊ တစ်ဧက ပျမ်းမျှအလုံး ၄၀၀၀ ခန့်သာ ဈေးကွက်ဝင်အသီးများဖြစ်ပါတယ်"ဟု သခွားမွှေးစိုက်တောင်သူတစ်ဦးက ပြောပြသည်။

သခွားမွှေးစိုက်ပြီး တစ်လခန့်အကြာတွင် ထွက်လာသည့် အသီးများထဲမှ အသီး တစ်လုံးချန်၍ မြေဩဇာကျွေးခြင်း၊ ပုံမှန်ရေသွင်းရေထုတ် ပြုလုပ်ခြင်းဖြင့် နှစ်လခွဲ အတွင်း အသီးများ ရောင်းတန်းဝင်လာသည့် သခွားမွှေးစိုက်ပျိုး မှုတွင် နည်းပညာတတ်ကျွမ်းရန်လိုအပ်သည်။အထူးဂရုစိုက်ရသည့် သွင်းအားစုများ အပြည့်အဝသုံးစွဲရသည်။ ထို့ကြောင့် တစ်ဧက ကုန်ကျစရိတ်များလှသော်လည်း ပြန်လည်ရရှိသော အကျိုးအမြတ်သည် မက်မောစရာကောင်းလှ၏။ သခွားမွှေး တစ်ဧကစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ မြေပြင်ခြင်းမှစ၍ အသီးခူးဆွတ်ပြီး နိုင်ငံခြားသို့ တင်ပို့ချိန်အထိ ၁၈ ဒသမ ၆ သိန်းခန့်ရှိပြီး တစ်ဧက အလုံး ၄၀၀၀ ဖြင့် ဝင်ငွေမှာ သိန်း ၁၀၀ ဖြစ်၍ အမြတ်ငွေ သိန်း ၈၀ ကျော်ရရှိနိုင်ကြောင်း သိရသည်။

မကွေးလှမြင့်

ကြက်သွန်များလှိုင်လှိုင်ပေါ်၍ ဈေးများကျဆင်း

ရေစကြို ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်သည် ကြက်သွန်နီစိုက်ပျိုးမှု အားကောင်းသော မြို့နယ်ဖြစ်သည်။ ကြက်သွန်နီကို မိုးကြက်သွန်နှင့် ဆောင်းကြက်သွန် နှစ်မျိုးစိုက်ပျိုးကြပြီး တစ်မြို့နယ်လုံး၏ ကြက်သွန်နီစိုက်ပျိုးမှု ပမာဏမှာ ဧက ၇၀၀၀ ကျော်ဖြစ်ကြောင်း သိရသည်။

ကုန်းပိုင်းဒေသများတွင် မိုးရာသီ၌ ကြက်သွန်နီကို အများဆုံးစိုက်ပျိုးကြပြီး နတ်တော်၊ ပြာသိုလတွင် ပေါ်သော ကြက်သွန်နီကို ဇီးကုန်း၊ ဇီးကုန်းကျွန်း၊ ရသာကုန်းတလင်း၊ ဆင်ချောင်း၊ ပိတောက်မုံ၊ ကန်ဒေါင့်စသည့် ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြပြီး အမြင့်ဆုံးဈေး ကျပ် ၁၂၀၀၊ ၁၀၀၀ မှ အနိမ့်ဆုံးဈေး ကျပ် ၈၀၀၊ ၇၅၀၊ ၆၅၀ အထိဈေးကောင်းရရှိကြသဖြင့် တောင်သူများ အမြတ်များများ ရရှိကြသည်။

"အခုတပို့တွဲလမှာပေါ်တဲ့ ကြက်သွန်နီကို ကမ်းဖြူ ကိုင်း၊ ရှားတော၊ ညောင်ပင်ကိုင်း၊ ငါးခုံ၊ ငါးရံ့တော စတဲ့ ကျေးရွာတွေမှာ အများဆုံး စိုက်ပျိုးကြပြီး ကြက်သွန်လှိုင်လှိုင်ပေါ်တဲ့ အခုရက်မှာ ကြက်သွန်နီဈေးနှုန်းက တစ်ပိဿာ ကျပ် ၄၅၀၊ ၄၀၀ပဲရှိတော့လို့ မရှုံးသော်လည်း အမြတ်နည်းပါးတယ်။ နောက်မိုးရွာပြီးနှင်းကျလို့ အပင်တွေဝါပြီး ကျသွားတော့ ဥတွေက သေးပြီး အထွက်နှုန်းလျော့သွားတယ်။ ကျွန်တော်တို့ဒေသက ရာသီဥတုကောင်းရင် တစ်ဧကပိဿာချိန် ၃၅၀၀၊ ၄၀၀၀လောက်ထွက်တယ်။ ဒီနှစ်တော့ အထွက်လည်းနည်း ဈေးကလည်း ကျဆိုတော့ အမြတ်လည်းနည်းတော့တာပေါ့"ဟု ရှားတောရွာမှ တောင်သူတစ်ဦးက ပြောသည်။

ဖေထွဏ်းဇော်(ရေစကြို)

ကျေးလက်မီးလင်းရေးနှင့် စိုက်ပျိုးစရိတ်ထုတ်ချေး

ရမည်းသင်း ဖေဖော်ဝါရီ ၁၈

ရမည်းသင်းမြို့နယ် မြို့လှကျေးရွာ ဓမ္မာရုံ၌ ဖေဖော်ဝါရီ၁၄ ရက်က ကျေးလက်မီးလင်းရေးနှင့် ကျေးလက်လူမှုဘဝ မြင့်တင်ရေး သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အခြေခံသမဝါယမ အသင်းများကို စိုက်ပျိုးစရိတ် ထုတ်ချေးပေးအပ်ပွဲကို ကျင်းပသည်။

ရှေးဦးစွာတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဝင်းက ကျေးလက်မီးလင်းရေး ဆောင်ရွက်နိုင်ရေးကိုရှင်းလင်းပြီး မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းက သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ စည်းကမ်းချက်နှစ်ချက်ကို ရှင်းပြကာ အခြေခံသမဝါယမအသင်းများကို စိုက်ပျိုးစရိတ်ပံ့ပိုးချေးငွေထုတ်ချေးခြင်း ရည်ရွယ်ချက်နှင့် အတိုးနှုန်း ၁ ဒသမ ၅ကျပ်နှုန်းကို ရှင်းလင်းပြောကြားကာ တောင်သူများအားလက်မှုလယ်ယာမှစက်မှုလယ်ယာသို့ကူးပြောင်းနိုင်ရန် တောင်သူသုံးစက်ကိရိယာများကို အရစ်ကျရောင်းချပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်မြို့လှကျေးရွာအုပ်စုတွင်း မြို့လှရွာ၊သီးကုန်းရွာ၊ တံတားဦးရွာနှင့် ငှက်ပျောတောရွာတို့က အခြေခံသမဝါယမအသင်းလေးသင်းအား စိုက်ပျိုးစရိတ် ပံ့ပိုးချေးငွေကျပ် ၂၃၉၁၀၀၀၀ ကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်က ပေးအပ်ရာ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်တို့က လက်ခံရယူကြပြီး သမဝါယမအသင်း အမှုဆောင်အဖွဲ့များက တောင်သူများအား ထုတ်ပေးခဲ့ကြောင်းသိရသည်။ **(၄၁၆)**

ကျေးရွာအရောက်အခမဲ့ကွင်းဆင်းဆေးကု

လဲချား ဖေဖော်ဝါရီ ၁၈

လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန် ဒေါက်တာ ခင်မောင်နွယ် ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်း လေးဦးတို့သည် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက မြို့ကျေးရွာအုပ်စု နောင်မိန်းကျေးရွာရှိ နောင်မိန်းဘုန်းကြီးကျောင်း၌ ကျေးလက်နေပြည်သူ ၁၀၀ တို့အား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊ ဆေးဝါးများ အခမဲ့ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မိုးလွင်ဦး(လွိုင်လင်)

ရမည်းသင်း၌ ဉာဏ်စွမ်းပုံပြောပြိုင်ပွဲ ကျင်းပ

ရမည်းသင်း ဖေဖော်ဝါရီ ၁၈

ရမည်းသင်းမြို့နယ် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးစာကြည့်တိုက်၌ ဖေဖော်ဝါရီ၁၄ ရက် နေ့လယ်ပိုင်းက မြို့မအခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ၏ ဉာဏ်စွမ်းပုံပြောပြိုင်ပွဲကိုကျင်းပသည်။ ရှေးဦးစွာ ရမည်းသင်းခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်မူမူတင်က ကျောင်းသား ကျောင်းသူများကို ပုံပြင်စာအုပ်မှ ပုံပြင်တစ်ပုဒ်ကိုဖတ်ကာရှင်းပြခဲ့သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက မိမိမှတ်သားထားမှုကို ပြန်လည်ပြောပြကြရာ အကောင်းဆုံးပြန်ပြောနိုင်သော သတ္တမတန်း(A)မှ မောင်အာကာထက်နှင့် ဆဋ္ဌမတန်း (A)မှ မောင်ဖြိုးမင်းတို့အား ခရိုင်ဦးစီးအရာရှိက ကျောင်းသုံးကိရိယာများပေးအပ်ချီးမြှင့်ပြီး ဉာဏ်စွမ်းပြိုင်ပွဲလာရောက်သည့် ကျောင်းသား ကျောင်းသူများအား ဘောပင်တစ်ချောင်းစီ ဝေငှခဲ့ကြောင်း သိရသည်။

ဇော်ဝင်းအောင်

နိုင်ငံတကာတက္ကသိုလ်ပညာရေးပြပွဲ ၂၀၁၄ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

လူငယ်များအနေဖြင့် ပညာရေးဆိုင်ရာ ရည်မှန်းချက်များအလိုက် တက္ကသိုလ်ဘာသာရပ်များကို စနစ်တကျရွေးချယ်နိုင်ရန်နှင့် နိုင်ငံတကာပညာရေးစနစ်ကို သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီထိ မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်(ရန်ကုန်)၌ နိုင်ငံတကာတက္ကသိုလ်များပညာရေးပြပွဲ ၂၀၁၄ ကို ကျင်းပမည်ဖြစ်သည်။

နိုင်ငံတကာတက္ကသိုလ်များ ပညာရေးပြပွဲ ၂၀၁၄ တွင် စင်ကာပူမှ ကိုးကျောင်း၊ ယူကေပညာရေးအဖွဲ့အစည်းများ၏ ကိုယ်စားပြုကျောင်းများ အပါအဝင် ယူကေမှ ၂၇ ကျောင်း၊ အမေရိကန်မှ ၁၀ ကျောင်း၊ ဩစတြေးလျနှင့် နယူးဇီလန် ကိုယ်စားပြုကျောင်းကိုးကျောင်းပါဝင်မည်ဖြစ်ပြီး သက်ဆိုင်ရာကျောင်းများမှ တာဝန်ရှိသူများကိုယ်တိုင် နိုင်ငံအလိုက်ပညာစနစ်များ၊ ဘာသာရပ်အလိုက် ကျောင်းဝင်ခွင့်လိုအပ်ချက်များ၊ ပညာသင်ထောက်ပံ့ကြေးလျှောက်ထားခြင်းများအား ရှင်းလင်းအကြံဉာဏ်ပေးမည်ဖြစ်သည်။

ပညာရေးပြပွဲသို့ မည်သူမဆို အခမဲ့တက်ရောက်နိုင်ပြီး နိုင်ငံတကာပညာရေးလမ်းညွှန်စာအုပ်(၂၀၁၄)ကို အခမဲ့ဖြန့်ဝေမည်ဖြစ်သည်။ တက်ရောက်လိုပါက ဖုန်း-၀၁-၅၂၇၈၃၈နှင့် ၀၉-၇၃၂၇၃၂၇၇ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

(ကိုခန့်)





အိမ်ခြံမြေရောင်းမည်

၁။ ၉/၃၂(၈၄+၈၅) ၂ကွက်တွဲ၊ ပေ(၈၀×၆၀)၊ ပါမစ်မြေ၊ ခြံကာ၊ မြေဖို့ ၁ထပ်ပျဉ်ထောင်၊ ရေမီးစုံ၊ ကွန်ကရစ်လမ်းခင်းပြီး၊ လမ်းမနီး၊ ရွှေပြည်သာမြို့နယ်၊ သိန်း ၁၁၀၀ ညှိနှိုင်း။

၂။ လှိုင်မြစ်လမ်းမကြီးပေါ် အင်းစိန်မြို့ စီးပွားရေးအချက်အချာကျသောနေရာ မြေပေ(၂၉½×၇၄) တိုက်၃ထပ်ခွဲ အာစီအဆင့်မြင့် ပါကေး၊ ကြွေခင်း၊ ကပ်၊ ဘိုထိုင်၊ နံရံကပ် ကျွန်းဗီရို၊ ရှိုးကစ်၊ ပါဝါမီတာ ၂၊ အဲကွန်း၂၊ အိမ်မီတာ ၁၊ ကြိုးဖုန်း ၁၊ မြေပိုင်မြေအမည်ပေါက် ဆိုဈေး သိန်း ၁၃၀၀၀ ညှိနှိုင်း။

ဆက်သွယ်ရန်
ဦးကျော်ဝင်း၊ ဒေါ်ဝါဝါ
ဖုန်း ၀၉-၅၀၇၉၆၁၇၊ ၆၄၇၀၅၆



စက်မှုဇုန်မြေကွက်ကျယ်ငှားမည်

လှိုင်သာယာမြို့နယ်၊ ဇုန်(၂)ရှိ အုတ်တံတိုင်းခတ်ပြီး မြေကွက်ကျယ်(၈.၈)ဧက ငှားမည်။ ဈေးနှုန်း ညှိနှိုင်းဈေး

ဖုန်း-၀၉-၇၃၁၉၉၁၄၇

မင်းဘူးဓာတ်တော်ကုန်းမှ မြန်မာ့စာပေသမိုင်းဝင် ဦးသြဘာသ ပိဋကတ်တိုက်နှင့် သိမ်တော်ကြီး

မကွေး ဖေဖော်ဝါရီ ၁၈

မင်းဘူးမြို့၏ ကျက်သရေဆောင် ဓာတ်တော်ကုန်းပေါ်ရှိ ရှင်ပင်ချမ်းသာကြီးစေတီတော်တွင် မင်းဘူးဆရာတော်ဦးသြဘာသက ဇာတ်တော်ကြီးရှစ်ဘွဲ့ကို ရေးသားတော်မူခဲ့ရာ ပိဋကတ်တိုက်နှင့် သိမ်တော်ကို ယနေ့ထက်တိုင် ထိန်းသိမ်းစောင့်ရှောက်ထားသည်ကို တွေ့ရသည်။ရှေးအခါက လေသာကုန်းဟူ၍ အမည်တွင်ခဲ့သော ဓာတ်တော်ကုန်းသည် မြန်မာစာပေလောကတွင် အထူးထင်ရှားလှသော ဆရာတော်တစ်ပါးဖြစ်သည့် မင်းဘူးဆရာတော်ဦးသြဘာသ ပညာသင်ကြားရာအရပ်နှင့် ဇာတ်တော်ကြီးများကို သားတပည့်ဒါယကာများ၏ တောင်းပန်လျှောက်ထားချက်အရ ရေးသားတော်မူခဲ့သည့် အရပ်ဖြစ်သည်။ ဦးသြဘာသသည် ကုန်းဘောင်ခေတ်တွင် စကားပြေအရေးအသား၌ ထင်ရှားသောဆရာတော်တစ်ပါးဖြစ်သည်။ ဆရာတော်၏ ဇာတိမှာ မင်းဘူးမြို့အနီး ရပ်သာရွာဖြစ်ပြီး မြန်မာနှစ် ၁၁၂၀ (ခရစ်နှစ် ၁၇၅၈) ခန့်တွင် ဖွားမြင်တော်မူခဲ့သည်ဟု သုတေသီသမိုင်းပညာရှင်များက ခန့်မှန်းကြသည်။ ဦးသြဘာသသည် ငယ်စဉ်ကပင် မင်းဘူးမြို့ လေသာကျောင်းဆရာတော်ထံတွင် စာပေပညာသင်ကြားလေ့လာဆည်းပူးခဲ့သည်။ ဆန်း၊ အလင်္ကာ၊ သဒ္ဒါ၊ နီတိ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအဖြာဖြာတို့ကို တတ်ကျွမ်းခဲ့သည်။ သက်တော်(၂၀)တွင် ရဟန်းပြု၍ ၄၊ ၅ ဝါအရတွင် တေ-ဇ-သု-နေ-မ-ဘူ-စန်-နာ-ဝိ-ဝေဟူသော ဇာတ်တော်ကြီး(၁၀)ဘွဲ့အနက် စန္ဒကုမာရဇာတ်တော်ကို စတင်ရေးသားခဲ့သည်။ ဆရာတော်ကြီးသည် ဇာတ်ကြီး(၁၀)ဘွဲ့အနက် သုဝဏ္ဏသာမဇာတ်တော်နှင့် ဘူရိဒတ်ဇာတ်တော်မှလွဲ၍ ကျန်ဇာတ်ကြီးရှစ်ဘွဲ့ကိုရေးသားခဲ့ပြီး ဆရာတော်ကြီး၏ စကားပြေအရေးအသားမှာ ချောမွေ့ပြေပြစ်၍ နှစ်လိုဖွယ်ရှိလှသည်။ ဆရာတော်ဦးသြဘာသသည် တပည့်ဒါယကာမောင်ထောက်၏ တောင်းပန်လျှောက်ထားချက်အရ စန္ဒကုမာရနှင့် နာရဒဇာတ်တော်ကြီးကို ၁၁၄၄ ခုနှစ် ဝိဓူရဇာတ်တော်ကြီးနှင့် ဝေဿန္တရာဇာတ်တော်ကြီးကို ၁၁၄၅ ခုနှစ်၊ မဟော်သဓာဇာတ်တော်ကြီးကို ၁၁၄၆ ခုနှစ်၊ မဟာဇနကဇာတ်တော်ကြီးကို ၁၁၄၇ခုနှစ်၊ နေမိနှင့် တေမိယဇာတ်တော်ကြီးကို ၁၁၄၈ခုနှစ်တွင် မင်းဘူးဓာတ်တော်ကုန်းရှိ ဦးသြဘာသ ပိဋကတ်တိုက်၌ ရေးသားစီရင်ခဲ့ကြောင်း ရှင်ပင်ချမ်းသာကြီးစေတီရှိ ဦးသြဘာသကျောက်စာတွင် ဖော်ပြထားသည်ကိုတွေ့ရသည်။ မြန်မာ့စာပေသမိုင်းဝင် မင်းဘူးဆရာတော် ဦးသြဘာသ၏ ပိဋကတ်တိုက်နှင့် သိမ်တော်ကို ရှင်ပင်ချမ်းသာဘုရားကြီးဂေါပကအဖွဲ့မှ ဘက်စုံမွမ်းမံပြင်ဆင်မှုများဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး အညာဒေသ မင်းဘူးမြို့သို့ ရောက်လျှင် ဗဟုသုတအလို့ငှာ ဝင်ရောက်လေ့လာသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ **ဖူးပွင့်နေခြည်(မကွေး)**

မိုးနဲမြို့၌ အထူးကုဆရာဝန်ကြီးများ အခမဲ့ဆေးဝါးကုသ

မိုးနဲ ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့၌ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ အထူးကုဆရာဝန်ကြီး လေးဦးနှင့် အဖွဲ့ဝင် ၁၂ ဦးပါ ဆေးကုသရေးအဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက မိုးနဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်၌ အခမဲ့ဆေးဝါးကုသပေးခဲ့ကြောင်းသိရသည်။

ဆေးဝါးအခမဲ့ကုသပေးရာသို့ ဒေါက်တာ ဦးယုဝေ(ခိုလမ်ဆေးရုံအုပ်ကြီး)၊ ဒေါက်တာဇော်လွင် (မေ့ဆေးအထူးကုဆရာဝန်)၊ ဒေါက်တာ စုစုမာ (သားဖွားမီးယပ်အထူးကုဆရာဝန်)၊ ဒေါက်တာထွန်းလင်းအောင် (ခွဲစိတ်အထူးကုဆရာဝန်)နှင့်အဖွဲ့ ၁၂ ဦးတို့ ကွင်းဆင်း၍ဆေးကုသရာ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် အဖွဲ့ဝင်များ ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။ အဆိုပါ အခမဲ့ဆေးဝါးကုသခြင်းကို ပြင်ပလူနာ ၃၂ ဦး၊ အထွေထွေလူနာ ၄၇၃ ဦး၊ ခွဲစိတ်လူနာ ၁၅ ဦး၊ ကလေးလူနာ ၉၁ ဦး၊ တိုင်းရင်းဆေး ၁၆၄ ဦး စုစုပေါင်း လူနာ ၈၁၇ ဦးတို့အား အခမဲ့ဆေးဝါးကုသပေးခဲ့ပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေကျပ် ၂၅ သိန်း ပေးအပ်ခဲ့ကြောင်းသိရသည်။

(ကြေးမုံ)

ရန်ကုန်အရှေ့ပိုင်းခရိုင် ဆေးရုံကြီးရှေ့ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဗိုလ်တထောင်မြို့နယ်သည် ရန်ကုန်မြစ်နှင့်ထိစပ်နေသဖြင့် မိုးရာသီတွင် ရန်ကုန်မြစ်ရေလျှံမှုကြောင့် အချို့ကားလမ်းများ ရေကျော်မှုဖြစ်စဉ်များနှင့် နှစ်စဉ်ကြုံတွေ့နေရသည်။ ထို့ကြောင့် လာမည့်မိုးရာသီတွင် ယင်းကဲ့သို့ဖြစ်စဉ်များနှင့် ထပ်မံမကြုံတွေ့စေရန်အတွက် မြစ်ထွက်ပေါက်သို့ စီးဆင်းသောချောင်း၊ မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင်စည်ပင်သာယာရေးနယ်မြေအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၏ကြီးကြပ်မှုဖြင့် ဖေဖော်ဝါရီ ၁၅ ရက်က ခရိုင်အတွင်းရှိ မြို့နယ်များစုပေါင်း၍ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးရှေ့ ကုန်သည်လမ်းတစ်လျှောက်ရှိ ရေနုတ်မြောင်းများအတွင်း ပိတ်ဆို့နေသည့် အမှိုက်သရိုက်များကို ဆယ်ယူရှင်းလင်းနေကြောင်း ခရိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဗိုလ်တထောင်မြို့နယ်က သုည ဒသမ ၉၂ စတုရန်းမိုင်ကျယ်ဝန်းပြီး ရပ်ကွက်ကြီး ၁၀ ရပ်ကွက်နဲ့စုဖွဲ့ထားတဲ့မြို့နယ်ဖြစ်ပါတယ်။ မြို့နယ်မှာ မြစ်ထွက်ပေါက် ၁၁ ပေါက်ရှိပါတယ်။ အခုဆောင်ရွက်နေတဲ့ ကုန်သည်လမ်းရေနုတ်မြောင်းက ဗိုလ်တထောင်ဘုရားလမ်းမြစ်ထွက်ပေါက်နဲ့ ဗိုလ်တထောင်ဈေးလမ်း မြစ်ထွက်ပေါက်ကို စီးဝင်တဲ့ရေနုတ်မြောင်းပါ"ဟု စည်ပင်သာယာရေး ဝန်ထမ်းတစ်ဦးက ပြောသည်။

အဆိုပါလုပ်ငန်းကို ဗိုလ်တထောင်မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအောင်သောင်းနှင့် မြို့နယ်အသီးသီးမှ စည်ပင်သာယာအုပ်ချုပ်ရေးမှူးများက ဦးဆောင်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ အင်အား ၄၀၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနမှ အင်အား ၅၀၊ လမ်း တံတားဌာနမှ အင်အား ၁၀ ဦး၊ စီမံရေးရာဌာနမှ အင်အား ၃၀ စုစုပေါင်း အင်အား ၁၃၀ ဖြင့် ဆောင်ရွက်ကြခြင်းဖြစ်သည်။ **(မောင်သုည)**

ရေးမြို့နယ် ကျောင်းရွာ စံပြကျေးရွာ တွင် ကတ္တရာလမ်းသစ် ဖောက်လုပ်

ထားဝယ် ဖေဖော်ဝါရီ ၁၈

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ကျောင်းရွာစံပြကျေးရွာသည် ၁၉၅၆ ခုနှစ် ဧပြီလမှစတင်၍ မွန်-ကရင်တိုင်းရင်းသား အိမ်ခြေ ၄၀ ဖြင့် တည်ထောင်ခဲ့သော ရွာတစ်ရွာဖြစ်သည်။ ကျောင်းရွာစံပြကျေးရွာနှင့် နှစ်မိုင်အကွာတွင်ရှိသော ကံလုရွာတွင် အင်္ဂလိပ်အစိုးရလက်ထက်က ရုံးစိုက်ခဲ့သောကြောင့် ယခင်ကတည်းက ရေးမြို့နှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခဲ့သည်။ သို့သော် မြေသားလမ်းသာဖြစ်ခြင်းကြောင့် ရေးမြို့နယ်အတွင်း ပါဝင်သော ကျောင်းရွာသည် မိုးရာသီတွင် သွားလာရေးခက်ခဲခဲ့ရသည်။ ထို့အပြင် ယခင်က နယ်မြေမအေးချမ်းမှုကြောင့်လည်း ဒေသခံများ မသွားရဲ၊ မလာရဲဖြင့် နေထိုင်လာခဲ့ရသည်။

၁၉၉၇-၁၉၉၈ ခုနှစ်မှ စတင်၍ ကျောင်းရွာ စံပြကျေးရွာအား ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ပေးခဲ့ခြင်းကြောင့် ယခင်က မိုးရာသီတွင် ရေလမ်းခရီးဖြင့် ၁၅ မိုင် ရေးမြို့သို့ သွား လာရသော ဒုက္ခမှ ကင်းဝေးသွားရသည်။ ထို့အပြင် ယခုအခါ ရေးမြို့နှင့် ၁၂ မိုင်၊ ရေး-ထားဝယ်-မြိတ် ကားလမ်းမှ ရှစ်မိုင်ခရီးကို နိုင်ငံတော်အစိုးရက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အရှည် ၁၈ပေရှိသော ကတ္တရာလမ်းကို စုစုပေါင်း ငွေကျပ် သိန်းပေါင်း ၁၄၀၀၀အကုန်အကျခံ တည်ဆောက်ပေးမှုကြောင့် သွားလမ်းသာ၍ လာလမ်းဖြောင့်တော့မည်ဖြစ်သည်။

ထို့ကြောင့် ဒေသအတွင်း အဓိကထွက်ရှိသော ကွမ်းသီး၊ ရော်ဘာ၊ သံပရာ၊ ဒူးရင်းသီး၊ သရက်သီး၊ မင်းကွတ်သီး၊ ကြက်မောက်သီး၊ ရှောက်သီး အစရှိသော ဒေသထွက်ကုန်များကို အရှည် ၁၈ပေ ရှိသော ကတ္တရာလမ်းသစ်ကြီးမှ နိုင်ငံအနှံ့အပြားသို့ လွယ်လွယ်ကူကူ သယ်ယူပို့ဆောင်ရောင်းဝယ်ဖောက်ကားနိုင်တော့မည်ဖြစ်သည့်အတွက် ဒေသခံများ ဝမ်းသာအားရပြောကြားသည်။ **ခရိုင်ပြန်/ဆက်**

သဇင်ပန်း၊ သဇင်ဥ
(မျိုးစုံ/ရနိုင်)၊ တိုင်၊ အဖူးနှင့်
ဆယ့်နှစ်ရာသီ ကံ့ကော်ပင်၊
ဖုန်း - ၀၁-၅၆၀၅၆၇၊
၀၉-၃၁၂၆၁၂၆၀

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
ပေ(၆၀×၁၀၀)၊ B-N ၂ထပ်၊ ရေမီး၊ ဖုန်း၊ ၁၀မိုင်၊ ကန်ကြီးအောင်လမ်းထိပ်၊ ဗိုလ်တေဇ ဂုတ်ခြံထောင့်ကွက်၊
ဆက်သွယ်ရန်ဖုန်း- ၀၁-၆၄၇၇၉၄၊ ၀၉-၇၃၁၉၉၄၉၀

ရောင်းမည်
၆၃၊ မင်းလမ်း၊ စမ်းချောင်း၊
ပ-ထပ်၊ ပြင်ဆင်ပြီး၊ ညှိနှိုင်းဈေး။
ဖုန်း-၀၉-၃၃၃၆၉၆၆၉

မာရ်အောင်ရတနာ ဓာတုယရစေတီတော် ပန်းမွေ့ရာခင်း ပူဇော်ပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၈

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၅) လမ်း ကန်ကောက်ရပ်ကွက်တွင် တည်ရှိသော သီပေါမင်းနှင့် စုဖုရားလတ်တို့ တည်ထားခဲ့သော မာရ်အောင်ရတနာဓာတုယရစေတီတော် (ဝါမင်းကုန်း) ဗုဒ္ဓပူဇနိယပွဲတော်နှင့် ပန်းမွေ့ရာခင်းပွဲတော်ကို ဖေဖော် ဝါရီ ၁၆ ရက်က ကျင်းပခဲ့သည်။

ယင်းပန်းမွေ့ရာခင်းပွဲတော်ကို မာရ်အောင်ရတနာ ဓာတုယရစေတီ ဝန်းကျင်ရှိ ကန်ကောက်ကြီး၊ ကန်ကောက်သစ်၊ ကန်ကောက်ဟောင်း၊ ယာဉ်ပြန်၊ ကျန်းမာရေး၊ ရွှေဂုံပွား၊ ရွှေယာဉ်မွန်၊ ရဲမွန်တောင်နှင့် ကွေ့ကြီးကုန်းရပ်ကွက်တို့မှ လှပျိုဖြူများက တူညီဝတ်စုံများဝတ်ဆင်ပြီး ပုသိမ်ထီးကိုယ်စီဆောင်းကာ ဘုရားပန်းများကိုင်ဆောင် ဘုရားကိုပတ်၍ ပူဇော်ကြသည်။ **(အောက်ပုံ)**

ဗုဒ္ဓပူဇနိယပွဲတော်အကြို ပန်းပွဲတော်ကိုလည်း ဘုရားခြေတော်ရင်းပတ်လည်တွင် ရပ်ကွက်များအလိုက် ပန်းအလှုပင်များ ပုံဖော်၍ ရောင်စုံမီးများ ပူဇော်ကြသည်။ ဘုရားရင်ပြင်တွင် စတုဒိသာကျွေးမွေးလှူဒါန်းမှုများ ပြုလုပ်ကြရာ အထူးစည်ကားပြီး ညပိုင်းတွင် ပျော်ပွဲ ရွှင်ပွဲများ၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲများဖြင့် ဖျော်ဖြေကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် သဘာဝတောထိန်းရေိယာ ဧက ၂၀၀၀အတွင်း ခမ္မတာမျိုးဆက်ခြင်း ဧက၂၀၀မှ ထွက်ရှိသော ထင်း ၅ ဒသမ၇၀၂၄ တန်ကို နီးစပ်ရာ ကျေးရွာဖြစ်သော ကျွဲတံခါးကျေးရွာအတွင်းရှိ အိမ်ထောင်စုများထံ ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက အခမဲ့ ခွဲဝေပေးခဲ့သည်။ ယခုကဲ့သို့ ထင်းများအခမဲ့ဖြန့်ဝေပေးခြင်းဖြင့် ဒေသခံကျေးရွာလူထု၏ နေ့စဉ် ထင်းလောင်စာလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံများပူးပေါင်းပါဝင်လာစေရေး စည်းရုံးဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

သတင်း၊ ဓာတ်ပုံ-တင်ထွန်းဦး(IPRD)

သတင်းတိုများ

တစ်ပိုင်တစ်နိုင် ကျောက်စည်လုပ်ငန်းဖြင့် ဝင်ငွေတိုး

သရက် ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး သရက်မြို့ ပြည်တော်အေးရပ်ကွက် အတွင်း၌ မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာနေပြည်သူများ ရေထည့်ရာတွင် အသုံးပြုသည့် ကျောက်စည်များ ပြုလုပ်ရောင်းချခြင်းဖြင့် ဝင်ငွေကောင်းလျက်ရှိကြောင်း ကျောက်စည်လုပ်ငန်း ပြုလုပ်သူတစ်ဦးထံမှ သိရသည်။

အဆိုပါ ကျောက်စည်လုပ်ငန်းကို လူတစ်ဦး ပြုလုပ်ပါက တစ်နေ့လျှင် နှစ်လုံးပြီး အောင်လုပ်နိုင်ကြောင်း၊ ကျောက်စည် တစ်လုံးကို ငွေကျပ် ၆၅၀၀ ကုန်ကျမှု ရှိပြီး ရောင်းချပါက ငွေကျပ် ၉၅၀၀ရသည့်အတွက် လူတစ်ဦးလျှင် ငွေကျပ် ၆၀၀၀ ဝင်ငွေရရှိကြောင်း နှင့် အော်ဒါယူသူများရှိပါက လုပ်သားများ ခေါ်ယူပြီး လုပ်ဆောင်ရသည့် အတွက် ဝင်ငွေများ ပိုမိုရရှိကြောင်း ကျောက်စည်လုပ်ငန်း ပြုလုပ်သူတစ်ဦးထံမှ သိရသည်။

ဇော်ထက်(IPRD)

မိတ္ထီလာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စစ်ဆေးအရေးယူဆောင်ရွက်

မိတ္ထီလာ ဖေဖော်ဝါရီ ၁၈

ဒေသခံပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် မိတ္ထီလာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစစ်ဆေးအရေးယူဆောင်ရွက်မှုများကို အမှတ် (၅၉) ယာဉ်ထိန်းတပ်ဖွဲ့စု တပ်ဖွဲ့မှူး ဒုရဲမှူးဝင်းကျော်ရီဦးဆောင်သည့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ယာဉ်လုပ်ငန်းများကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ၊ တရားရေးရုံးဌာနဝန်ထမ်းများနှင့် မြို့နယ်ဖွဲ့/ထောက်အဖွဲ့ဝင်များ ပူးပေါင်းလျက် ဖေဖော်ဝါရီ ပထမပတ်မှ စတင်ပြီး ပြုလုပ်လျက်ရှိကြောင်းသိရသည်။

"ဖေဖော်ဝါရီ ၁၅ ရက်နေ့အထိ မိတ္ထီလာမြို့နယ်အတွင်း ယာဉ်/လမ်းစည်းကမ်း ဖောက်ဖျက်မောင်းနှင်တဲ့ ယာဉ်တွေကို ရှောင်တခင်စစ်ဆေးအရေးယူဆောင်ရွက်ပြီး အမှုတစ်မှုကို ကျပ်၁၅၀၀နှုန်း (၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေ) အရ ဒဏ်ငွေပေးဆောင်စေခဲ့ရာမှာ မော်တော်ယာဉ် နှစ်စီး ၊ မော်တော်ဆိုင်ကယ် ၅၈၈ စီး အမှုပေါင်း ၅၉၀ ကို စုစုပေါင်းတရားရုံးဒဏ်ငွေကျပ် ၈၈၅၀၀၀ ဒဏ်ရိုက်အရေးယူခဲ့ပါတယ်။ဒါ့အပြင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ဆိုင်ကယ်စီးနင်းသူ၊ ကျောင်းသားကျောင်းသူများ၊တပ်မတော်သားများကိုလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများပြုလုပ်၍ အသိပညာ ပေးခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု အမှတ် (၅၉) ယာဉ်ထိန်းတပ်ဖွဲ့ စုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချမ်းသာ(မိတ္ထီလာ)

ဥန္နံ့ပို၍ဥသက်ရှည်နိုင်သော ဥစားကြက်ကိုအအေးပေးသည့် စနစ်ဖြင့် မွေးမြူသင့်

မုံရွာ ဖေဖော်ဝါရီ ၁၈

ဥစားကြက်များကို အဆင့်မြင့်အအေးပေးနည်းစနစ်ဖြင့် မွေးမြူပါက ရိုးရိုးမွေးမြူသည့်ဥစားကြက်များထက် ဥနှုန်းပိုများပြီး ဥသက်ပိုရှည်ကြောင်း တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးပညာရှင်တစ်ဦးထံမှ သိရသည်။

"အအေးပေးစနစ်နဲ့ မွေးမြူဖို့အတွက် အလုံပိတ်ကြက်ခြံအတွင်းကို ပြင်ပကသဘာဝလေတွေလေစုပ်ထုတ်ပန်ကာနဲ့ စုပ်ယူပြီး ရေပန်းများအတွင်း ဖြတ်သန်းစေတဲ့အတွက် ပြင်ပလေကိုပိုအေးအောင်ဖန်တီးတဲ့နည်းပါ။ အဲဒီလေအေးတွေကို အလုံပိတ်ထားတဲ့ ကြက်ခြံအတွင်း ဖြတ်သန်းစေတဲ့အတွက် အလုံပိတ်ခြံအတွင်းအပူချိန်ဟာအမြဲပုံသေညီမျှနေစေပါတယ်။ ရိုးရိုးကြက်ခြံတွေမှာပူပြင်းတဲ့ ရာသီကြက်တွေ အစာစားနှုန်းကျတဲ့အတွက် ဥနှုန်းပါလိုက်ကျတတ်ပါတယ်။ အအေးပေးကြက်ခြံတွေမှာတော့ အပူချိန်ပုံမှန်ရှိတဲ့အတွက် အစာစားနှုန်းငြိမ်ပြီး ဥနှုန်းကလည်းပုံမှန်ပဲရှိပါတယ်" ဟု အဆိုပါပညာရှင်က ပြောပြသည်။

အအေးပေးစနစ်ဖြင့်မွေးမြူသည့် ကြက်များကို လည်လိမ်ရောဂါကာကွယ်ဆေး တိုက်ကျွေးရန်နှင့် အခါအားလျော်စွာ ပိုးသတ်ဆေးဖျန်းရန်လိုအပ်ပြီး ပုဂ္ဂလိကစီးပွားဖြစ်ကြက်မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် နည်းပညာများကို နီးစပ်ရာကြက်မွေးမြူရေးဇုန်များနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနများရှိ ပညာရှင်နှင့်ဝန်ထမ်းများထံ မေးမြန်းလေ့လာ၍ မွေးမြူသင့်ကြောင်းအကြံပြုထားသည်။ အအေးပေးစနစ်ဖြင့် မွေးမြူပါက ကြက်အကောင် ၁၀၀၀လျှင် တစ်နေ့ပုံမှန်ဥနှုန်းထက် ၁၀ရာခိုင်နှုန်း မှ ၁၅ ရာခိုင်နှုန်းအထိ ဥနှုန်းပိုပြီး စားနှုန်းငြိမ်သဖြင့် ဥသက်မှာလည်း ၁၃ လမှ ၁၅ လအထိ ဥနိုင်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၃ ခုနှစ် နှစ်စကာလက ဥစားကြက်မွေးမြူသူပိုင်ရှင် ၆၀၉၄ ဦးက ဥစားကြက်ကောင်ရေ ၂၉၉၄၅၇၀ မွေးမြူထားရာမှ နှစ်ကုန် ဒီဇင်ဘာလတွင် ဥစားကြက် ၃၃၂၂၈၅၂ ကောင် မွေးမြူမှု ပြုကြရာ ၂၀၁၃ ခုနှစ်တစ်နှစ်တာကာလအတွင်း ဥစားကြက် ၃၂၈၂၈၂ ကောင် တိုးပွားလာကြောင်း တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနစာရင်းချုပ်မှ သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ကသာ၊ မော်လိုက်၊ ကလေး၊ တမူးနှင့် ခန္တီးခရိုင် ရှစ်ခရိုင်မှ ကြက်ဥစုစုပေါင်း ၉၈၇၆၆၁၅၆၇ လုံးထွက်ကြောင်း သိရသည်။

မုံရွာမြို့ဝန်းကျင်တွင် ရိုးရိုးကြက်မွေးမြူခြင်း၊ ကြမ်းခင်းအကြဲနှင့် အခင်းအထူစနစ်စသည်ဖြင့်သာ မွေးမြူလျက်ရှိရာ ကြက်ဥအထွက်နှုန်းမှာ ပုံမှန်သာရှိပြီး ကြက်ဥနှင့်ကြက်သားသည် စားသုံးသူများပြီး ဈေးကွက်ရှိစားသုံးသူများထံ သို့ ရောက်သင့်သလောက်မရောက်ဘဲ ဖြစ်နေသည့်အပြင် ဈေးကွက်ကြီးမားစွာရှိနေသဖြင့် စီးပွားဖြစ်ကြက်မွေးမြူသူများအနေဖြင့် ဥစားကြက်များကို ရိုးရိုးနည်းစနစ်ဖြင့် မွေးမြူခြင်းထက် အဆင့်မြင့်အအေးပေးစနစ်ဖြင့် မွေးမြူကြမည်ဆိုလျှင် ကြက်ဥနှင့်ကြက်သားဈေးကွက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ကန့်ကွက်နိုင်ပါသည်နှင့်အများသိသာစေရန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃-ဘီ)၊ မြေကွက်အမှတ်(၄၃၈အမ်/အေ)၊ မြေအမျိုးအစား(ဂရန်ရှိမြေပိုင်မြေ)၊ မြေအကျယ်အဝန်း(၀. ၁၂၂)ဧကရှိ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ဖိုးစိန်လမ်း၊အမှတ်(၅၀)ဟုခေါ်တွင်သော မြေနှင့်ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ဖြင့် စီမံခန့်ခွဲရောင်းချနိုင်သည်ဟု အဆိုပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကိုပေးအပ်ပြီးဖြစ်ပါသည်။ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းနိုင်အောင်**(LL.B,C.B.L)**
အထက်တန်းရှေ့နေ(စဉ်-၃၀၂၈၂)
အိမ်၊ ခြံ၊ မြေအကျိုးဆောင်နှင့်ဥပဒေအကြံပေးအတိုင်ပင်ခံ
အခန်း(၅၀၂)၊ တိုက်(၃)၊ ရွှေထီးအိမ်ရာ၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း ၀၉-၅၁၂၅၆၀၂၊ ၀၉-၇၃၀၈၈၀၈၄၊ ၀၉-၇၃၀၈၈၅၉၆

ဗိုသူကိုခေါ်ပါ

ရေခဲသေတ္တာ Aricon နှင့် အဝတ်လျှော်စက်အမျိုးမျိုးတို့အား စိတ်တိုင်းကျ အိမ်တိုင်ရာရောက် ပြုပြင်တပ်ဆင်ပေးသည်။လျှပ်စစ်ပစ္စည်းအဟောင်းအပျက်များ ဝယ်သည်။
ဖုန်း-၀၉-၄၂၀၀၂၆၀၃၄၊
၀၉-၄၀၁၆၅၈၁၅၄

ရောင်းမည်

ရွှေတောင်တန်းလမ်း၊ ပေ (၁၆×၅၀)
(ခြောက်လွှာ) မော်တင်လမ်း၊
ပေ (၂၅×၅၀) (ရှစ်လွှာ)
ဖုန်း-၀၉-၅၀၀၅၈၁၇

အမြန်ရောင်းမည်

Mini Bus (လိုင်းဆွဲရန်အသင့်)
Hyundai (County Bus)
2002-model (၂၄၅သိန်း)
ကုမ္ပဏီဆင်း၊ ကားသန့်
ဖုန်း-၀၉-၃၆၁၇၃၀၈၉၊
၀၉-၄၂၁၃၃၈၅၀

တိုက်ခန်းရောင်းရန်ရှိသည်

သဃ်န်းကျွန်းမြို့နယ်၊
လေးဒေါင့်ကန်လမ်းမ၊
ပေ(၂၃×၅၄)
ရောင်းရန်ရှိသည်။
ဖုန်း-၀၉-၅၁၁၀၈၈၅

ထိုက်သူရမည်

ပြည်ထောင်စုလမ်းမကြီးအနီး၊ အခန်းကျယ်၊ ထောင့်ခန်း၊ မျက်နှာစာနှစ်ဖက်၊ (ပ)ထပ်၊ အိပ်ခန်းကျယ်(၂)ခန်း၊ အဲကွန်းအသစ်(၃)လုံး၊ ဘိုထိုင်အသစ် ဝရန်တာနှင့် မျက်နှာစာပေ(၃၀)သံပန်း၊ လျှောက်လမ်းပြည့်၊ ကြွေပြား၊ ဆန်းရှိတ်ပတ်လည်ပြည့် ခေတ်မီ လှပစွာ မွမ်းမံပြီး၊ရေမီးကောင်း၊ဈေးကျောင်းကား ဂိတ်နီး၊ ပိုင်ဆိုင်မှုခိုင်မာသော အိုး/အိမ် တိုက်ခန်း (ညှိနှိုင်းဈေး) ဖုန်း-၀၉-၇၃၁၃၅၄၄၄၊ ၇၃၁၀၆၅၇၄

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မြို့ထဲ လမ်းမတော်မြို့နယ်၊
လှည်းတန်းလမ်း
နှစ်ထပ် RC လုံးချင်းတိုက်
(မဟာဗန္ဓုလလမ်းနှင့်နီး)
ဈေးနှုန်း -13000 L (ညှိနှိုင်း)
ဖုန်း-၀၉-၇၃၀၂၀၅၄၄၊
၀၉-၇၃၁၇၇၀၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
လျှောက်လွှာခေါ်ယူခြင်း

[illegible]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
လျှောက်လွှာခေါ်ယူခြင်း

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၄/စီမံကိန်း-၂၊ မြေကွက်အမှတ်-၃၂၅၊ မြေကွက်တည်နေရာအမှတ်(၃၂၅)၊ ဗိုလ်တေဇ (၃)လမ်း၊ ၁၄/စီမံကိန်း ၂၊ တောင်ဥက္ကလာပ မြို့နယ်၊ (ဦးအန်တင်း) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးအန်တင်းနှင့်ဇနီး ဒေါ်ရီကွယ်လွန်သဖြင့် မနှင်းဥ(HZA-၂၁၇ ၀၁၉)၊ မနှင်းနှင်းယု(HZA-၂၁၇၀၂၀)၊ မခင် နှင်းဝေ [၁၂/သဃက(နိုင်)၀၅၃၁၀၆]၊ ကိုကျော်မြင့် [၅/ဝသန(နိုင်)၀၀၅၄၁၈]၊ မနှင်းနှင်းနွဲ့[၁၂/ သဃက(နိုင်)၀၃၉၀၃၃]တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်း အဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာ အမှတ်- ၂၂၁၃၇(၆-၁၁-၂၀၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဒေါ်စောတင်ဝင်း [၁၂/ရကန(နိုင်)၀၃၆၅၅၆]မှ ပါဝါပေးသူ သက်ရှိ ထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေး ကြောင်း ကျမ်းကျိန်လွှာ-၂၁၅(၁၈-၁၂-၂၀၁၃) ကို တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံ သော အထောက်အထားများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျောက်တံတားမြို့နယ်၊ (၃၉)လမ်း၊ အမှတ်- ၂၅၄/၂၅၆၊ တည်ရှိရာမြေတိုင်းရပ်ကွက် အမှတ်-၁၃F၇၊ မြေကွက်အမှတ်-V ၄၉၊ ၅၀ မြေပိုင် မြေအမျိုးအစား အမည်ပေါက် Haji Shaik Mohamed Jaffer မြေအား အမည် ပေါက်ထံမှ အရောင်းအဝယ်စာချုပ် အမှတ်- ၁၃၄၀/၄၈ ဖြင့်ရရှိခဲ့သူ မိုဟာမက်အီစွတ်(ခ) ဦးလှမောင်သည် ၇-၇-၇၅ ရက်တွင် လည်း ကောင်း၊ ၎င်းဇနီးဖြစ်သူ ဒေါ်တီသည် ၇-၄- ၁၉၉၂ ရက်တွင် လည်းကောင်း အသီးသီး ကွယ်လွန်သွားကြပါသဖြင့် ၎င်း၏သမီးဖြစ်သူ ဒေါ်ခင်ရီ[၁၂/ပဘတ(နိုင်)၀၂၆၂၇၅]မှ တရား ရုံးချုပ် အထူးအယူခံမှုအမှတ်-၄၂/၁၉၉၉ ၏ ၂၂-၆-၂၀၀၁ ရက် အမွေထိန်းစာထုတ်ပေးရန် အမိန့် အမွေထိန်းလက်မှတ်စာ (၂၀-၁၀-၂၀၀၄) ရန်ကုန်တိုင်းတရားရုံး၏ ၁၉၉၆ခုနှစ်၊ တရားမ အထွေထွေမှုအမှတ်-၁၉၀ ၏ ၁၉-၁၀-၂၀၀၅ ရက်စွဲပါ စီမံခန့်ခွဲခွင့်အမိန့်တို့ကို တင်ပြ၍ အပိုင် ပေးစာချုပ်ရန် မြေပုံကူး လျှောက်ထားခြင်းအား (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တက္ကစီငှားမည်

SUZUKI R+ ၁၀/---
တာမွေမြို့နယ်၊ (အိမ်ပေး)
ဖုန်း-၀၉-၇၃၁၉၁၁၅၃၊
၀၉-၃၁၀၂၂၂၉၃

SEVEN စံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင် ပိုင်းရှိ မြေကွက်များ ရောင်းလိုဝယ်လိုပါ သလား?။

SEVEN စံနဲ့ ဆက်သွယ်လိုက်ပါ။
အိမ်အရောက် ငွေပေးချေသည်။
ပွဲခ လုံးဝ မယူပါ။
ဖုန်း - ၀၁-၂၀၅၇၄၈
၀၉-၃၃၃၃၃၅၁၄
၀၉-၇၃၁၁၉၀၉၉

ကန့်ကွက်နိုင်ပါသည်

ပြင်ဦးလွင်မြို့၊ ပွဲကောက်ကျေးရွာ၊ ကွင်းအမှတ် (၆၈၃/၇၅၁)၊ ဦးပိုင်အမှတ်-N 37၊ မြေချိန် ဧရိယာ (၅. ၀၀) ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ပိုင်ဆိုင်သည့် လက်ရောက်လွှဲပြောင်း ရောင်းချခွင့် ရှိသူဟု ကတိပြုသူ ဦးအောင်လင်းထင်[၇/ပခန (နိုင်)၀၀၄၅၁၀]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ညွှန့် ညွှန့်စန်း [၅/ငဇန(နိုင်)၀၀၂၂၂၈]က အပြီး အပိုင်ဝယ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက် အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့် ကွက်နိုင်ပါသည်။ ကန့်သတ်ရက်ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်ကိစ္စကို ပြီးမြောက် အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ညွှန်ကြားချက်အရ သိစေအပ်ပါသည်။

ဒေါ်ညွှန့်ညွှန့်စန်း၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်ခင်နိုင်(LL.B)၊ အထက်တန်းရှေ့နေ
ဘယကျော်ထင်ရပ်ကွက်၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၄၇၀၀၄၁၇၀၊ ၀၉-၄၀၀၄၄၂၇၉၁၊
၀၉-၂၀၄၃၄၃၃

သွေးသည် အသက်

[illegible]
ဆရာရဲ ဦးဇရာသန့် ဆံပင်သန်ဆေး
[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၉၀၊ မြေကွက်တည်နေရာအမှတ်(၉၀)၊ တကောင်း (၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်၊ (ဒေါ်ရင်ရွှေ ဦးခင်မောင်ရင်) အမည် ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်ရင် ကွယ်လွန်သဖြင့် ကျန်အမည် ပေါက်တစ်ဦးဖြစ်သူ ဒေါ်ရင်ရွှေ[၁၂/ဥကတ (နိုင်)၀၀၃၂၁၄]က တစ်ဦးတည်းသော ဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၂/အေ၊ မြေကွက်အမှတ်-၂၂၃၊ မြေကွက် တည်နေရာအမှတ်(၄၈/၅၀)၊ သီရိ-၆လမ်း၊ (၂)ရပ်ကွက်၊ (ဦးသိန်းမောင်သန်းမြင့်)၊ အမည် ပေါက် အငှားဂရန်မြေအား အမည်ပေါက် နှစ်ဦးထံမှ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်- ၁၉၂၆/၁၁-၇-၁၉၉၆ ဖြင့် ဦးကြည်လှိုင်၊ ဦးတင်ထွန်း(ခ)ဦးသန်းမြင့်တို့မှ ပိုင်ဆိုင်ခဲ့ပြီး ဦးကြည်လှိုင်နှင့် ဇနီးဒေါ်စန်းတင့်တို့ ကွယ် လွန်သဖြင့် ဦးရဲထွန်း [၁၂/လမန(နိုင်) ၀၉၂၅၆၇]က တစ်ဦးတည်းသောသား တော် စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဦးတင် ထွန်း(ခ)ဦးသန်းမြင့်[၁၂/လမန(နိုင်)၀၇၇၅၆၂] နှင့် ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖေဖေ ဗိုလ်ချုပ် ဆွေရ သီဟသူရ စစ်မောင် (၁၃)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဖေဖေ . . . ခွဲခွာခဲ့တာ ၁၃ နှစ် ကြာခဲ့ပေမယ့်လည်း မိသားစုနဲ့အတူတူ ရှိနေသလိုပါပဲ . . . .

ယနေ့အချိန်ထိ ဖေဖေ ရဲ့ မိတ်ဆွေတွေနဲ့ လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းတွေကလည်း အမြဲသတိတရ ရှိနေတဲ့ အကြောင်းကို အမြဲ ကြားနေရပါတယ် . . . .

ဖေဖေ့ရဲ့ စိတ်ဓာတ် နဲ့ ဂုဏ်ကျေးဇူးတွေကိုအမြဲသတိရနေပါတယ် . . . .

ဖေဖေ . . . တာဝန်တွေကျေခဲ့ပါပြီ . . ဖေဖေ့ကို တာဝန်ကျေတဲ့သူ ဖြစ်စေအောင်အမြဲကြိုးစားနေပါမယ် . .

ဖေဖေ့အတွက်ရည်မှန်းပြီး ပြုခဲ့သမျှ ကုသိုလ် ကောင်းမှုအစုစုနှင့် နေ့စဉ်အားထုတ်ဆဲဖြစ်သော သမထ ဝိပဿနာ ကုသိုလ် တွေကိုလည်း အမျှပေးဝေပါတယ် ရောက်ရာ ဘုံဌာနက သာဓု ခေါ်ဆိုပါ ဖေဖေ . . . အမျှ . . . . . အမျှ . . . . . အမျှ . . . . .

ဇနီး - ဒေါ်ခင်ကြည်

ဦးကျော်မိုး+ဒေါ်ယမင်းခင် (ဆွေကြည်စားရေးမှူးချုပ် ပြည်ထောင်စုလွှတ်တော်ရုံး)

ဦးအောင်မောင်+ဒေါ်ယဉ်မွန်ဇော် (Managing Director) (DRAGON 74 TRADING CO.,LTD)

ဦးချိုမင်းအောင်+ဒေါ်မေသူမောင် (မေသူမောင် ရွှေကသော့ရတနာဆိုင်၊ဆောင်ရွက်ချုပ်ဌာန)

ဦးရဲထွဋ်+ဒေါ်ကော်ကောကြည်ကြည်မောင်

မောင်စစ်ထွန်းထွဋ်၊ မောင်သန့်ထူး၊ မကြည်စင်သန့်၊ မထွန်းထွဋ်ဝေ၊ မောင်ဝင်းသစ်ထော

ဒုတိယဗိုလ်ချုပ်ကြီးမဟာသရေစည်သူတင်ဦး (၁၃)နှစ်ပြည့်ကောင်းမှုဆုတောင်း

ကျေးဇူးရှင်ဖေဖေကြီး ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူတင်ဦး၏ (၁၃)နှစ်ပြည့်မြောက်သည့် (၁၉-၂-၂၀၁၄)ရက်နေ့တွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ် လှူဒါန်းခြင်းနှင့် ပြုခဲ့သမျှသော ကုသိုလ်ကောင်းမှု အစုစုတို့အတွက် ဖေဖေကြီးအနေဖြင့် အမျှရရှိပြီး သာဓုခေါ်ဆိုနိုင်သည်ဖြစ်၍ ယခုရောက်ရှိရာဘဝမှ သည် မြတ်နိဗ္ဗာန်သို့တိုင်အောင် တက်လှမ်းရောက်ရှိ နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အမျှပေးဝေ အပ်ပါသည်။

ဇနီး - ဒေါ်ခင်သန်းနု

သားသမီးများ - ဦးအောင်အောင်ကျော်(စစစ)+ဒေါ်မြရွှေဦး
ကြည်ကြည်ကြာဦး
ဒေါက်တာမြတ်နီ + ယဉ်မာဦး
ဇော်ထွန်းဦး + ခင်သီတာ
နေထွန်းဦး

မြေးများ - ဟိန်းထက် + ယဉ်မြတ်နီ
မှုန့်ကျော် + သန့်သီဟာနဲဇော်(ဗိုလ်ကြီး)

(၁၃)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဗိုလ်မှူးကြီး ဝင်းလှိုင်

ကြည်း-၁၁၄၆၇၊ OTS(38)

ဒုတိယညွှန်ကြားရေးမှူး(အငြိမ်း)၊ ကာကွယ်ရေးဝန်ကြီးဌာန

ချစ်သောဖေဖေ

ယနေ့ ၁၉-၂-၂၀၁၄ ရက်တွင် ဖေဖေ ကွယ်လွန်ခဲ့တာ (၁၃)နှစ်ပြည့်ခဲ့ပါပြီ။ ဖေဖေ့ရဲ့ ကျေးဇူးအနန္တ၊ ဂုဏ်အနန္တ၊ မေတ္တာအနန္တတို့ကို အစဉ်အောက်မေ့ ဦးထိပ်ထားလျက် (၁၃)နှစ်တိုင် ဖေဖေ့ကို ရည်စူးပြုပြုသမျှ ကုသိုလ်အစုစုကို အမျှရ၍ အေးချမ်းမြင့်မြတ်ရာဘုံမှ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်ဇနီး - ဒေါ်ကြည်ကြည်ဝင်း(S.A.T)ငြိမ်း-(တက္ကသိုလ်ရိပ်မွန်)

ချစ်သား - ကိုကျော်စွာဝင်းလှိုင်-မစိုးမိုးအောင်

ချစ်သမီး - မစန္ဒာဝင်းလှိုင်-ကိုမိုးမင်းအောင်

ချစ်မြေးများ - မောင်မိုးမြင့်မိုရ်စံ၊ မကြယ်စင်လင်းလက်၊ မဆုလာဘ်ကေရီစံ

(၇)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးကျား(B.A,BL,DMA)

(တရားရုံးချုပ်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်)

အသက်(၈၃)နှစ် (၁၉-၂-၂၀၀၇)

ဖေဖေ မိသားစုနှင့် ခွဲခွာခဲ့သည်မှာ (၇)နှစ်ပြည့်မြောက်ခဲ့သော်လည်း ဖေဖေရဲ့ မိသားစုအပေါ်ထားရှိသည့် အတိုင်းအဆမရှိ ကြီးမားလှသော မေတ္တာ၊ စေတနာနှင့် ကျေးဇူးတရားအပေါင်းတို့ကို နေ့စဉ်အမြဲ သတိရလျက် ပြုသမျှကုသိုလ်အပေါင်းအား ဖေဖေ ရောက်ရှိရာဘဝမှ သာဓုခေါ်ဆိုနိုင်စေရန် ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ဇနီး - ဒေါ်အုံးခင်

ညီမ - ဒေါ်ခင်ခင်၊ ဒေါ်တင်အေးကြည်

သမီး - ဗိုလ်မှူးကြီးနွယ်နွယ်ဝင်း

သား - ဗိုလ်မှူးမင်းဇော်(ငြိမ်း)-ဒေါ်ချိုချိုဦး

မြေးများ - ကိုအောင်အောင်သန့်၊ ဗိုလ်မှူးကျော်ဝင်း-မလွင်မာ

မြစ်များ - မေဇော်ဦး၊ ချစ်ဆုလာဘ်ဝင်း

(၁၃)နှစ်မြောက်သတိရခြင်းနှင့်ကောင်းမှုကုသိုလ်ဒါန

သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းမောင်

(ဝန်ကြီးချုပ်ရုံးဝန်ကြီး)

ကျေးဇူးရှင်ဖခင်ကြီး မိသားစုနှင့် ခွဲခွာသွားသည်မှာ ၁၉-၂-၂၀၁၄ရက်တွင် (၁၃)နှစ်ပြည့်ပြီးဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရဆဲပါ။ (၁၃)နှစ်ပြည့်မြောက်သော ယနေ့ ၁၉-၂-၂၀၁၄ရက်တွင် ရန်ကုန်မြို့၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ဇီဝိတဒါနသံဃဆေးရုံနှင့် ရဟန်းသံဃာတော် အရှင်သူမြတ်တို့အား လှူဒါန်းအပ်သော ကောင်းမှုကုသိုလ်၊ ဝါးရုံကုန်းကျေးရွာအုပ်စု မီးလင်းရေးအတွက် လှူဒါန်းခဲ့သော ကောင်းမှုကုသိုလ်နှင့် တစ်နှစ်ပတ်လုံး လှူဒါန်းခဲ့သော ကောင်းမှုကုသိုလ်အစုစုတို့အား ကျေးဇူးရှင်ဖခင်ကြီး ရောက်ရာဘဝ ဘုံဌာနမှ သာဓု သာဓု သာဓု ခေါ်နိုင်ပါစေ. . .။

ဇနီး - သီရိသုဓမ္မသီင်္ဂီဒေါ်ရွှေသက်

သားသမီးများနှင့်

မြေးများ - Dr.မင်းသန်းထွဋ်၊ စိုးမင်းထွဋ်၊ စည်သူထွဋ်
- ပြည့်စုံထွဋ်၊ ပြည့်စုံမောင်၊ အောင်လွန်းခေါင်
- ခန့်ညားလွင်၊ ရဲရင့်လွင်
- ရဲချစ်လွန်း၊ ဘုန်းမြတ်သူ
- သစ်လွင်စိုး၊ ဝေယံလွန်းမောင်
- ဝေဖြိုးထက်၊ ကျော်ဇင်ထက်

(၁၃)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဗိုလ်မှူးစိုးနိုင်(ကိုကိုမောင်)

D.S.A(23)

ရဟတ်ယာဉ်မှူး

ညီအစ်ကိုမောင်နှမများနှင့် မိသားစုအားလုံးပေါ်တွင် တာဝန်ကျေပွန်ပြီး ချစ်ခင်ရိုသေ လေးစားအားကိုးရသော အစ်ကိုကြီး ခွဲခွာသွားမည်မှာ ၁၉-၂-၂၀၁၄ရက်တွင် (၁၃)နှစ်ပြည့်ပြီဖြစ်သော်လည်း သတိရတဲ့အခါတိုင်း မရှိတော့ပါလားဆိုတဲ့ အသိက တစ်နေ့မှမေ့မရ သတိရလွမ်းဆွတ်နေဆဲပါ။ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုပြုသမျှ ကောင်းမှုကုသိုလ်အစုစုတို့ကို ရောက်ရာဘုံဘဝမှ သံသရာ ကျွတ်လွတ်ရာသို့ ရောက်အောင် အစ်ကိုကြီးအမျှရ၍ သာဓုခေါ်ဆိုနိုင်ပါစေ။

ညီအစ်ကိုမောင်နှမများ-

ဒေါ်ခင်မမ(နှင်းပုလဲမိသားစု)

တမာကုန်းရပ်၊ အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး

ပါမောက္ခဒေါ်အုံးကြည်(ငြိမ်း)

သမိုင်းဌာန၊ မန္တလေးတက္ကသိုလ်

(အချိန်ပိုင်းပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ ခြံအမှတ်-၁၂၇(A)နေ (ဦးလှအောင်-ဒေါ်ညွှန့်ညွှန့်)တို့၏သမီး၊ (ဦးဘအို-ဒေါ်စောခင်)တို့၏သမီးချွေးမ၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာစိုးမြင့်၏ချစ်လှစွာသော ဇနီး၊ (ဦးဖေဝင်း-ဒေါ်ခင်စိန်)၊ ဦးဝင်း-[ဒေါ်ဇင်သွယ်(ခ)ဒေါ်ညွှန့်ရွှေ]၊ ဦးမြကွယ်-ဒေါ်ညွှန့်ရီတို့၏အစ်မကြီး ပါမောက္ခ ဒေါ်အုံးကြည်(ငြိမ်း) သမိုင်းဌာန၊ မန္တလေးတက္ကသိုလ်၊ အချိန်ပိုင်းပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်သည် ၁၇-၂-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁း၅၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၄ (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးအောင်သက်ဝင်း(ဖြူး) (၅၆)နှစ်

(M.P.P.E ငြိမ်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သီဟသူလမ်း၊ အမှတ် (၂၀၁)နေ (ဦးကျော်ဝင်း-ဒေါ်ကျင်လှ)တို့၏သား၊ (ဒေါ်မူမူမြင့်)၏ချစ်လှစွာသော ခင်ပွန်း၊ ဦးဇော်လွင်-ဒေါ်ယမင်းမို့မို့ဝင်းတို့၏ အစ်ကို၊ မောင်ခိုင်ထက်ထွန်း(ခေတ္တ-စင်ကာပူ)၊ မကြိုင်ကံ့ကော်၊ မောင်ကောင်းစည်သူတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ကောင်းထွဋ်နစ်၏ ဦးကြီးသည် ၁၅-၂-၂၀၁၄(စနေနေ့)နံနက် ၂း၂၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၂-၂၀၁၄(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်တိုးအေးအေး

အသက်(၅၈)နှစ်

အလယ်တန်းပြ(ငြိမ်း)အထက(၁)လှိုင်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၉)၊ မဟာဘောဂ(၃)လမ်းနေ (ဦးစိန်-ဒေါ်ကြည်)တို့၏သမီး၊ ဒေါ်တင်မမဆွေ၊ ဒေါ်ထားအိချော (လ/ထကထိက၊ပထဝီဝင်ဌာန၊မိတ္ထီလာတက္ကသိုလ်)၊ ဦးထွန်းအောင်ကျော်-ဒေါ်ဝင်းသန္တာဆွေ(ခေတ္တ-အမေရိက)၊ ဒေါ်ချောစုမြိုင် (အမက၊ ဆွဲမှန်၊ ပျော်ဘွယ်)၊ ဦးညဏ်မြတ်ထက် (ခေတ္တ-မလေးရှား) - ဒေါ်လှဇာခြည်သွယ်၊ ဦးကျော်ကျော်ဝင်း၊ ဦးထိန်လင်း-ဒေါ်သဲဝါဆွေ(မြဝတီဘဏ်၊ပျော်ဘွယ်)၊ကိုပြေဟိန်း(ခေတ္တ-UAE)၊ကိုဇေအောင်လင်း (ခေတ္တ-UAE) - မလွင်မာဦး(ခေတ္တ-UAE)၊ မကြည်ကြည်သန့် (ငွေပင်လယ် မွေး/ရေကူမွေးမြူရေး၊ မြန်မာ့စီးပွားရေးဦးပိုင်)၊ ဗိုလ်ကြီး မြတ်ကိုကို (လ/ထ ကထိက၊ ရောဂါဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)၊ Dr. ဖြူပွင့်သန့်၊ မောင်ကွာဂျူဘယ်(လ်)အောင် (တ-နှစ်၊ သတ္တဗေဒ၊မိတ္ထီလာတက္ကသိုလ်)တို့၏အဒေါ်၊ (ဦးတင့်လွင်)၏ ဇနီး ဒေါ်တိုးအေးအေးသည် ၁၇-၂-၂၀၁၄ရက်နံနက် ၈း၁၆ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၄ ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၂-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

ဒေါ်မြင့်သိန်း(မြိတ်)

အသက်(၇၄)နှစ်

ရာသက်ပန်အသင်းဝင်အမှတ်(၁၆၆၆)

မြိတ်မြို့၊ ထားဝယ်စုရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၄၂)နေ (ဦးရွှေမြ-ဒေါ်ကြင်တွန်း)တို့၏ သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ ခြံ အမှတ်(၁)နေ ဒေါ်မြင့်သိန်းသည် ၁၇-၂-၂၀၁၄ ရက်တွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [မြိတ်အသင်းနှင့် ခြံအမှတ်(၁)၊ အင်းယားလမ်း နေအိမ်တို့မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။]

အမှုဆောင်အဖွဲ့

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း

ဦးစု(၁)

အသက်(၇၈)နှစ်

လက်ထောက်အကောက်ခွန်မှူး(ငြိမ်း)

ရာသက်ပန်အသင်းဝင်အမှတ်(၅၄၃) ဦးစု(၁)သည် ၁၃-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၄ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ၊ အသင်းသားများ အား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း

ဦးဇော်မင်း (၇၃)နှစ်

ဦးစီးအရာရှိ(ငြိမ်း)

ရာသက်ပန် အသင်းဝင်အမှတ် (၁၀၆၁) ဦးဇော်မင်းသည် ၁၄-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၄ ရက် ညနေ ၄နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ပန်းထိမ်ဆရာကြီးဦးညွှန့်မောင်

အသက်(၇၅)နှစ်

ကုန်းဇောင်းမြို့(ခေတ်ဆန်းညွှန့်ရတနာရွှေဆိုင်)

ကုန်းဇောင်းမြို့နေ ဒေါ်ညိုညို၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးလွင်ဦး၊ ဦးမောင်မောင်စိုး-ဒေါ်သင်းသင်းကြူ၊ ဦးထွန်းထွန်းဦး - ဒေါ်ချိုချိုတာ(ချိုချိုရတနာရွှေဆိုင်)၊ ဦးအောင်ကျော်မိုး-ဒေါ်သိဂီ၊ ဦးအောင်သူ-ဒေါ်သင်းသင်းမူ၊ ကိုအောင်ကျော်စိုးတို့၏ မွေးသဖခင် ကျေးဇူးရှင်သည် ၁၇-၂-၂၀၁၄ရက် နံနက် ၅နာရီတွင် မကွေးမြို့နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၂-၂၀၁၄ရက် နံနက် ၇နာရီတွင် မကွေးမြို့နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားနာမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

ဒေါ်ထိုဝါ(မြိတ်)

အသက်(၆၃)နှစ်

ရာသက်ပန်အသင်းဝင်အမှတ်(၄၁၀၇)

ရန်ကုန်မြို့၊အလုံမြို့နယ်၊ ကွင်းချောင်း (၂) လမ်း၊ အမှတ်(၁၇)နေ (ဦးခွေယာ-ဒေါ်ကြင်ဝါ) တို့၏ သမီး၊ ဦးရှိန်ကောင်း-ဒေါ်တင်တင်ထွေး(မြိတ်အသင်းအမှုဆောင်)၏ ညီမသည် ၁၇-၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (မြိတ်အသင်းနှင့် နေအိမ်တို့မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ကျေးဇူးဆပ်ပါမည်

ဦးဝင်းသန်း၏ သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ် ရန်-၅၉၁/၀၀ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၃၁၃၄၀၉၆

အမည်တစ်ဦးတည်းဖြစ်ကြောင်း

မြိတ်တက္ကသိုလ်မှ မအေးအေးမိုး(ဘူမိ) ၃ဘ-၁၆၆/မမန(နိုင်)၂၀၂၂၇၆]ကိုင်ဆောင်သူ ဖခင်၏အမည်မှာ ဦးကုလား(ခ)ဦးသန်းအုံ တစ်ဦးတည်းဖြစ်ကြောင်း။

ဦးကုလား(ခ)ဦးသန်းအုံ(WMGI -045390)

အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ (ပုသိမ်တက္ကသိုလ်ဝင်း) အမက(၆) မူလွန်ကျောင်း ဒုတိယတန်းမှ အဖဦးကျော်စွာလင်း၏သား မောင်ကောင်းမြတ်ပိုင်အား မောင်လင်းထက်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်လင်းထက်အောင်**

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၄၁၇၆ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်-၆က/၁၆၂၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

